# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၅၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တော်သလင်းလကွယ်နေ့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ အင်္ဂါနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆော်ဒီအာရေဗျနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာ ဘင် အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာ အု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**


# ငွေကြေး၊ နည်းပညာများ ပံ့ပိုးကူညီမှုဆိုင်ရာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မည့်အခြေအနေဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ Mr.KIM, Young Mok ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိနိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်

*စာမျက်နှာ ၃ ကော်လံ ၁ ❋*



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီဥက္ကဋ္ဌ Mr.KIM, Young Mok ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# အခက်အခဲများမည်မျှရှိရှိ ငြိမ်းချမ်းရေးခရီး ရည်မှန်းချက်ကိုရောက်အောင် ဆက်လက်အကောင်အထည်ဖော်သွားရန်ဆုံးဖြတ်ထား

**ဆဋ္ဌမအကြိမ်မြောက် တစ်ခုတည်းသောမူကြမ်း(Single Text) ဖြစ်မြောက်ရေးညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းပြောကြား**

စာ » ၈



(၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သော မြန်မာအမျိုးသမီးအသင်းအား တွေ့ရစဉ်။

## မြန်မာအမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းအသင်း အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်များရယူ

**ရန်ကုန် စက်တင်ဘာ ၂၂**

**သတင်း - စိုးညွန့်**

(၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၏ နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့နံနက်ပိုင်းက တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ ကျင်းပရာ မြန်မာပိုက်ကျော်ခြင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က ရွှေတံဆိပ်များ ရယူနိုင်ခဲ့သည်။ မြန်မာနှစ်ယောက်တွဲ ပိုက်ကျော်ခြင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့သည်(၁၆)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်များ ရယူနိုင်ခဲ့ရာ နှစ်ကြိမ်ဆက် ရွှေတံဆိပ်များ ရယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ထို့အပြင် လက်ရှိယှဉ်ပြိုင်နေသော အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပထမဆုံးရရှိခဲ့သည့် ရွှေတံဆိပ်များလည်းဖြစ်ခဲ့သည်။

အမျိုးသမီးဗိုလ်လုပွဲတွင် မြန်မာအသင်းသည် အာဆီယံဒေသတွင်း ပြိုင်ဘက်လာအိုအသင်းနှင့် တွေ့ဆုံခဲ့ကာ(၂၁-၁၅) မှတ်၊(၂၁-၁၆) မှတ်ဖြင့် နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းသည် အိမ်ရှင်တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ (၂၁-၁၉) မှတ်၊ (၂၁-၁၈) မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိကာ ဒုတိယမြောက်ရွှေဆုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၆ ❒*

### မှတ်သားဖွယ်ရာမိုးရေချိန်များ

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရွှေကျင်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ပူတာအိုမြို့နှင့်တမူးမြို့တို့တွင် ၁ ဒသမ ၇၇ လက်မစီ၊ မဒေါက်မြို့တွင် ၁ ဒသမ ၂၆ လက်မနှင့် ခန္တီးမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

### ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။**




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပိုးသတ်ဆေးနှင့် ကျန်းမာရေး

ရာသီဥတု ဖောက်ပြန်မှုအကျိုးဆက်အဖြစ် သီးနှံစိုက်ခင်းများအတွင်း သီးနှံဖျက်ပိုးများ ပိုမိုကျရောက်လာသည့်အလျောက် တောင်သူများအနေဖြင့် ပိုးသတ်ဆေးများကို မဖြစ်မနေသုံးစွဲလာကြသည်။ သို့သော် ပိုးသတ်ဆေးကို စနစ်တကျ ထုတ်လုပ်သိုလှောင်ရောင်းချမှု၊ ကိုင်တွယ်သုံးစွဲမှုနှင့် ပိုးသတ်ဆေးကင်းအောင်နေထိုင်စားသောက်မှုတို့မှာ လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။

ပိုးသတ်ဆေးထုတ်လုပ် ဖြန့်ဖြူးရောင်းချသော ဆေးဆိုင်အများစုမှာ ဈေးများအတွင်း၌ပင်ရှိနေကြရာ ယင်းပိုးသတ်ဆေးအရောင်းဆိုင်များ၏ အနီးပတ်ဝန်းကျင်တွင် ဆေးကြွင်းအာနိသင်များကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း ကျန်းမာရေးပညာရှင်များက သုံးသပ်ထားသည်။ အထူးသဖြင့် ပိုးသတ်ဆေးအရောင်းဆိုင်အနီးတွင် အစားအသောက်များရောင်းချသည့်ဆိုင်များရှိလျှင် ကျန်းမာရေးအတွက် စိုးရိမ်စရာများဖြစ်လာနိုင်သည်။ အကောင်းဆုံးမှာ ပိုးသတ်ဆေးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် လူနှင့်ဝေးသည့်နေရာများ၌ သီးခြားအရောင်းဆိုင်များဖြင့် ရောင်းချခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ပညာရှင်များက ဆိုသည်။ ဈေးများ၊ စာသင်ကျောင်းများ၊ လူနေထူထပ်သောနေရာများ၌ မရောင်းလျှင်အကောင်းဆုံးဖြစ်သည်။

တစ်ဖန် တောင်သူများအနေဖြင့် ပိုးသတ်ဆေးများသုံးစွဲရာတွင် စနစ်တကျသုံးစွဲမှု အားနည်းလျက်ရှိသည်။ ပိုးသတ်ဆေးပက်ဖျန်းစဉ် လက်အိတ်အသုံးပြုခြင်း၊ မျက်နှာဖုံးစွပ်အသုံးပြုခြင်းစသောလိုက်နာရန်အချက်များကို လျစ်လျူရှုကြသည်။ ပိုးသတ်ဆေးဘူးများတွင် မြန်မာစာတန်းထိုးပြီး စိုက်ပျိုးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးများကိုသာ သုံးစွဲသင့်သည်။ အခြားပြည်ပမှ တရားမဝင်တင်သွင်းလာသည့် ပိုးသတ်ဆေးများကို သုံးစွဲခြင်းဖြင့် အမှားအယွင်းများဖြစ်ကာ ထိခိုက်မှုများရှိနိုင်ပါသည်။ ထို့ကြောင့်လည်း သက်ဆိုင်ရာက တောင်သူများအား တရားဝင်မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကိုသာ သုံးစွဲကြရန် တိုက်တွန်းထားပါသည်။

ပြည်သူများအနေဖြင့် သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ စားသုံးရာတွင် ပိုးသတ်ဆေး အကြွင်းအကျန်များကြောင့် ရောဂါများမဖြစ်ပွားစေရန် သေချာစွာဆေးကြော စားသုံးသင့်ပါသည်။ အချို့သော ဟင်းသီးဟင်းရွက်များသည် ပိုးသတ်ဆေးအသုံးပြုနေရ၍ သေချာစွာဆေးကြော စားသုံးခြင်းသည် ကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်သည်။

သို့ပါ၍ ပိုးသတ်ဆေးများကို စနစ်တကျထုတ်လုပ်ရောင်းချမှုအပိုင်း၊ ကိုင်တွယ်သုံးစွဲမှုအပိုင်း၊ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးမှုအပိုင်းတို့ကို ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာနည်းလမ်းများအတိုင်း တိကျသေချာစွာ လိုက်နာဆောင်ရွက်သွားကြမည်ဆိုလျှင် ပိုးသတ်ဆေးကြောင့်ဖြစ်ပွားလာနိုင်သည့် ကျန်းမာရေးပြဿနာများ အန္တရာယ်မှကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

### ကြံစိုက်တောင်သူများအား ဗုဒ္ဓရုပ်ပွားဆင်းတုတော် ပေးအပ်

ဖြူး စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျဝတီဆင်ဖြူတော်အဆင့်မြင့် သကြားစက်ရုံ ကြံစိုက်ပျိုးရေးနှင့် ဝယ်ယူရေးဌာနကကြီးမှူး၍ ဖြူးမြို့နယ်အတွင်းရှိ ကြံစိုက်ပျိုးတောင်သူများနှင့် ဝန်ထမ်းမိသားစုများ၏ နေအိမ်များတွင် ထားရှိပူဇော်ကိုးကွယ်ရန် ပေးအပ်လှူဒါန်းမည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ ၁၀၀ ကို အနေကဇာတင်မင်္ဂလာ အခမ်းအနားအား စက်တင်ဘာ ၂၁ ရက် နံနက် ၅ နာရီက ဖြူးမြို့နယ် ရေသျှံကြီးဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

ထို့နောက် ရေသျှံကြီးဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော်၊ စက်ရုံမှူး ဦးမျိုးမင်းနှင့်တာဝန်ရှိသူများက ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဝန်ထမ်းများနှင့် ကြံတောင်သူများအား တစ်ဦးချင်းပေးအပ်လှူဒါန်းကြသည်။

ဖြူး(မြင့်ဦး)

# အားကစားလေ့ကျင့်ရေးစခန်းသွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂



အားကစား လေ့ကျင့်ရေးစခန်း လယ်ဝေးမြို့နယ်ရှိ Training Center-2 တွင် လေ့ကျင့်ပြင်ဆင်နေသောလူငယ်လက်ရွေးစင် အားကစားသမားများအား စက်တင်ဘာ ၂၀ရက် နံနက် ၈နာရီတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် နေပြည်တော် လယ်ဝေးမြို့ရှိ Training Center-2 တွင် ဂျူဒိုအားကစားသမားများအား အရှေ့တောင်အာရှတွင်စံချိန်မီနိုင်သည့် အားကစားသမားကောင်းများဖြစ်လာစေရန် လေ့ကျင့်ပြင်ဆင်မှုများကို စဉ်ဆက်မပြတ်ပြုလုပ်သွားဖို့လိုအပ်ကြောင်း၊ ပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပစေခြင်းဖြင့် အတွေ့အကြုံကောင်းများ ရရှိလာစေဖို့လိုအပ်ကြောင်း၊ လေ့ကျင့်သား ပြည့်ဝမှသာလျှင် ပြိုင်ပွဲတိုင်း အောင်မြင်မှုရရှိနိုင်ဖို့ အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပန်ကြပ်ဆီလတ်၊ ကျွမ်းဘား၊ အလေးမ၊ ဝူရှူး၊ သေနတ်ပစ် အားကစားနည်းများမှ အားကစားသမားများ လေ့ကျင့်သင်ကြားပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပျဉ်းမနားမြို့၌မဟာလယ်တီစကြာကျောင်းကြီးတည်ဆောက်မည်

နေပြည်တော် စက်တင်ဘာ ၂၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဆရာတော် ညီနောင်နှစ်ပါးမှ ဦးဆောင်၍ ဦးဗုဒ္ဓါတောရ ကျောင်းတိုက်အတွင်း (၁၀×၇)ပင် နှစ်ထပ်မဟာလယ်တီ စကြာကျောင်းကြီး မကြာမီတည်ဆောက်တော့မည်ဖြစ်ကြောင်း မဟာဝိသုတာရာမ ဈေးကုန်း ကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဦးကဝိသာရ၏ မိန့်ကြားချက်အရသိရသည်။

ယခုအခါ ဦးဗုဒ္ဓါတောရကျောင်းဝင်းအတွင်း၌ တောအောင်းတောင်အောင်း ရှေးသူတော်ကောင်းကြီးများ ရဟန်းယောဂီများကိုပင့်ရာ၌ ထိုးခေါက်တီးခတ်သော ရှေးဟောင်းအမိဋ္ဌာန် သစ္စာပြုကျောက်စည်ခေါင်းလောင်းကြီးကိုလည်း တပ်ဆင်ချိတ်ဆွဲထားပြီးဖြစ်ကြောင်း၊ ဤကဲ့သို့ မဟာလယ်တီစကြာ ကျောင်းကြီးတည်ဆောက်ရခြင်းမှာ မဟာဝိသုတာရာမ ဈေးကုန်း စာသင်တိုက်ကြီး စိန်ရတုသဘင်အထိမ်းအမှတ် အကြိုအထိမ်းအမှတ် မုံရွာလယ်တီ ဆရာတော်ဘုရားကြီး နေ့စဉ်စကြာကြွသည့်နေရာတွင် လယ်တီဆရာတော်ကြီးနှင့် မိမိတို့ကျေးဇူးရှင် ဓမ္မဘေရီရွှေဗဟိုရ်စည် ဆရာတော်ဘုရားကြီးတို့အား ကျေးဇူး ဆပ်သောအားဖြင့် စကြာကျောင်းကြီး တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ သို့ အတွက် ရပ်နီးရပ်ဝေးမှ စေတနာရှင် အလှူရှင်များအနေဖြင့် မဟာလယ်တီစကြာ ကျောင်းကြီးတည်ဆောက်ရာတွင် ကုသိုလ်ပါဝင်လှူဒါန်းကြရန် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော်ညီနောင်နှစ်ပါးမှ နှိုးဆော်ထားကြောင်း သိရသည်။ **ကိုကြီးကျော်(ပမန)**



## သွေးသည်အသက်

## သာဓုအနုမောဒနာ ခေါ်စေသော်



ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)-ဇနီး ဒေါ်ဥမ္မာ မိသားစု ဦးဆောင်ညွှန်ကြားရေးမှူး ကမ္ဘာ့ရတနာဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၊ အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၁,၀၀,၀၀၀/ (ကျပ်တစ်ဆယ့်တစ်သိန်းတိတိ)ကို လှူဒါန်းခဲ့ပါသည်။ အဆိုပါလှူဒါန်းခြင်းအား ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့က သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါရန် အသိပေးအပ်ပါသည်။




ပြည်သူ့ အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတဦးသိန်းစိန် ဗီယက်နမ်နိုင်ငံ သတင်းအချက်လက်နှင့်ဆက်သွယ်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး H.E. Mr. Nguyen Bac Son အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးမြတ်ဟိန်း၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E.Mr. Pham Thanh Dung လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့်ဗီယက်နမ် နှစ်နိုင်ငံအကြား သတင်းအချက်အလက်၊ နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး H.E. Mr. Nguyen Bac Son အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

❊ ရှေ့ဖုံးမှ

အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး H. E. Mr. LEE, Baek-Soon လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နေမှု၊ ငွေကြေးနှင့်နည်းပညာများ ပံ့ပိုးကူညီမှုဆိုင်ရာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆော်ဒီအာရေဗျနိုင်ငံသို့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဆဲလ်မန် ဘင် အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာ အု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဦးညဏ်ထွန်း ဆော်ဒီအာရေဗျနိုင်ငံသို့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၄ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဆဲလ်မန် ဘင် အဗ္ဗဒူ(လ်) အဇစ် အယ်လ်ဆာ အု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

❒ ရှေ့ဖုံးမှ

မြန်မာအမျိုးသား အသင်းသည် အုပ်စု(ခ)တွင် ပါဝင်ခဲ့ပြီး ဘရူနိုင်းအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ လာအိုအသင်းကို နှစ်ပွဲပြတ်၊ အင်ဒိုနီးရှားအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိကာ အုပ်စုပထမနေရာ ရရှိခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ဂျပန်အသင်းကို နှစ်ပွဲပြတ်၊ ဗိုလ်လုပွဲတွင် တောင်ကိုရီးယားအသင်းကို နှစ်ပွဲပြတ်တို့ဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီး အသင်းသည် အုပ်စုတွင် မလေးရှားအသင်းကို နှစ်ပွဲပြတ်၊ ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်တွင် ဂျပန်ကိုနှစ်ပွဲပြတ်၊ ယခုဗိုလ်လုပွဲတွင် လာအိုအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

# နှစ်နိုင်ငံ သတင်းနှင့်ဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်တို့အား ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး Mr. Nguyen Bac Son နှင့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက်နံနက် ၉ နာရီတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ သတင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်တို့ ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး Mr. Nguyen Bac Son နှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)



## မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးပိုနေမည်။

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်-၃/၂၀၁၄-၂၀၁၅)**


(၁) ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်လက်အောက်ရှိ ဟင်္သာတ၊ ဇလွန်၊ အင်္ဂပူ၊ ကြံခင်း၊ မြန်အောင်မြို့နယ်တို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းပစ္စည်းမျိုးစုံနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းမျိုးစုံအား သက်ဆိုင်ရာလမ်းပိုင်းအလိုက် မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

(၂) လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့်အသေးစိတ်စာရင်းနှင့်တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဟင်္သာတခရိုင်၊ အင်ဂျင်နီယာမှူးရုံး၏ကြော်ငြာသင်ပုန်းတွင် ၂၆-၉-၂၀၁၄ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

တင်ဒါပိတ်မည့်ရက်/အချိန် - ၂-၁၀-၂၀၁၄ရက်၊ နံနက် ၁၁နာရီ
တင်ဒါဖွင့်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟင်္သာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟင်္သာတမြို့
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂-၁၀-၂၀၁၄ရက်၊ မွန်းလွဲ ၁း၃၀နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၂၆-၉-၂၀၁၄ရက်မှ ၁-၁၀-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဟင်္သာတခရိုင်**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ (၀၄၄-၂၁၀၃၃)**




**ပိတ်စဖြတ်ရန် ကိုက်ထိုးကျွမ်းကျင်**
**အမျိုးသမီး(၂)ဦး အမြန်အလိုရှိသည်**

အသက် (၁၈)နှစ်မှ (၂၅)နှစ် အတွင်း၊ ရုပ်ရည်သန့်ပြန့်သူ၊ စကားဖော်ရွေစွာပြောနိုင်သူ၊ အိမ်ထောင်မရှိသူ၊ ပညာအရည်အချင်း တက္ကသိုလ်ဝင်တန်းအောင်၊ ရန်ကင်းမြို့နယ်အနီး တစ်ဝိုက်နေသူ ဦးစားပေးမည်။

ဖုန်း-၀၉-၅၁၂၄၄၈၅၊ ၀၉-၅၁၂၈၈၁၄၊ ၀၉-၂၅၄၁၁၀၆၇၉

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးဇော်ဝင်းထွန်း ၁၂/မရက(နိုင်) ၁၀၇၇၂၉၏ သမီး မဆုမြတ်နိုးဇော်နှင့် မသဉ္ဇာဝင်းထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**


ယာဉ်အမှတ် 9D/9195 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**အသက်သည်သွေး**

နိုင်ငံတကာသတင်း

# အငြင်းပွားဖွယ် ရွေးကောက်ပွဲကိစ္စကို အဆုံးသတ် ပြိုင်ဘက်မစ္စတာဂနီအား အာဖဂန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်



**ကဘူးလ် စက်တင်ဘာ ၂၂**

မတည်မငြိမ်ဖြစ်စေသော လအတန်ကြာ ဖြစ်ပေါ်နေသော အငြင်းပွားဖွယ်ရွေးကောက်ပွဲကိစ္စကို အဆုံးသတ်ပြီး မကြာမီဘဏ္ဍာရေး ဝန်ကြီးဟောင်း အက်ရှရပ်ဂနီက ၎င်း၏ပြိုင်ဘက်နှင့် အာဏာခွဲဝေအုပ်ချုပ်ရန် သဘောတူလက်မှတ်ရေးထိုးပြီးနောက် ၎င်းကိုတနင်္ဂနွေနေ့က အာဖဂန်နစ္စတန်၏ သမ္မတရွေးကောက်ပွဲတွင် သမ္မတအဖြစ် အမည်စာရင်း တင်သွင်းခဲ့သည်။

မစ္စတာဂနီနှင့်ပြိုင်ဘက် နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာအဗ္ဗဒူလာတို့ကြား နိုင်ငံရေးသဘောတူညီချက်ရပြီး အဆိုပါကြေညာချက်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

အာဖဂန်နစ္စတန် လွတ်လပ်သောရွေးကောက်ပွဲကော်မရှင်က ဒေါက်တာအက်ရှရပ်ဂနီအာမက်ဇိုင်းကို အာဖဂန်နစ္စတန်၏ သမ္မတအဖြစ် ကြေညာခဲ့ကြောင်း ကော်မရှင်ဥက္ကဋ္ဌ အာမက်ယူဆပ်နူရီစတန်နီက ပြောခဲ့သည်။

ညီညွတ်စွာ အာဏာခွဲဝေအုပ်ချုပ်ရန် သဘောတူညီချက်အရ ဂနီသည် အမှုဆောင်အကြီးအကဲ အဗ္ဗဒူလာနှင့် အာဏာခွဲဝေအုပ်ချုပ်မည်ဖြစ်သည်။ နှစ်ဖက်စလုံးက နိုင်ငံ၏ အဓိကမဏ္ဍိုင်များဖြစ်သော အာဖဂန်စစ်တပ်နှင့်အဓိကဆုံးဖြတ်ချက်ချမှုတို့တွင် အတူတကွခွဲဝေထိန်းသိမ်းအုပ်ချုပ်မည်ဖြစ်သည်။

ဂနီနှင့်အဗ္ဗဒူလာသည် တာဝန်မှအနားယူသွားသော ခေါင်းဆောင်ဟာမစ်ကာဇိုင်းနေရာတွင် အာဏာခွဲဝေ အုပ်ချုပ်ရန်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဂနီသည် စက်တင်ဘာ ၂၉ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။

**(ရိုက်တာ)**

# တရုတ်နိုင်ငံ စင်ကျန်းဒေသ၌ ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွား

**ဟောင်ကောင် စက်တင်ဘာ ၂၂**

တရုတ်နိုင်ငံ စင်ကျန်းဒေသ၌ ပေါက်ကွဲမှုများ အဆက်မပြတ်ဖြစ်ပွားမှုကြောင့် နှစ်ဦးသေဆုံးပြီး အခြားသူများဒဏ်ရာရရှိခဲ့ကြောင်း မီဒီယာများက ဖော်ပြခဲ့သည်။ အဆိုပါပေါက်ကွဲမှုသည် လွန်တိုင်းဒေသတွင်းရှိ နေရာသုံးခုထက်မနည်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းကွန်မြူနစ်ပါတီ သတင်းဆိုဒ်တွင် ဖော်ပြခဲ့သည်။

စင်ကျန်းဒေသ၌ ဒေသတွင်း မွတ်ဆလင် ဝီဂါလူမျိုးစုများနှင့် တရုတ်ဟန်လူမျိုးစုများအကြား အခြေအနေတင်းမာမှုများ ပိုများလာခဲ့သည်။ မကြာသေးမီလများအတွင်းက ပေါက်ကွဲမှုပိုများလာခဲ့ရာ ကူမင်းမြို့တောင်ပိုင်းနှင့် အူရမ်ချီရှိအရပ်သားများ သေဆုံးခဲ့ရသည်။ ကာရှ်ဂါမြို့အနီးရှိ ရဲစခန်းနှင့် အစိုးရအဆောက်အအုံများ၌ ဇူလိုင်လက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဒါဇင်ပေါင်းများစွာ သေဆုံးဒဏ်ရာရရှိခဲ့သည်။ **(ဘီဘီစီ)**

# အီဂျစ်နိုင်ငံခြားရေးဝန်ကြီးရုံးအနီး ပေါက်ကွဲမှုဖြစ်ပွား

**ကိုင်ရို စက်တင်ဘာ ၂၂**

ကိုင်ရိုမြို့ရှိ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးရုံးအနီး၌ ဗုံးပေါက်ကွဲမှုကြောင့် ရဲအရာရှိနှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း လုံခြုံရေးအရာရှိများက ပြောခဲ့သည်။ အစောပိုင်းသတင်းများအရ လေးဦးထက်မနည်း သေဆုံးခဲ့သည်ဟုဆိုသည်။

ပေါက်ကွဲမှုသည် နိုင်းမြစ်အနီး လူစည်ကားရာလမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် မီးခိုးလုံးများ တလိမ့်လိမ့်တက်လာသည်ကို မြင်ခဲ့ရကြောင်း မျက်မြင်သက်သေများက ဆိုသည်။ ယင်းပေါက်ကွဲမှုကို မည်သည့်အုပ်စုက လုပ်ဆောင်ခဲ့ကြောင်း မသိရသေးပေ။

အစ္စလာမ္မစ် စစ်သွေးကြွများသည် ၂၀၁၃ ခုနှစ်က သမ္မတမော်စီဖြုတ်ချခံရပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှု အင်တိုက်အားတိုက်ပြုလုပ်သည်။ **(ဘီဘီစီ)**

## ညမထွက်ရအမိန့်ဖြင့် အီဘိုလာတားဆီးမှုအောင်မြင် ဆီရာလီယွန်းကလေးများ ရောဂါကူးစက်ခြင်းမှ တားဆီးနိုင်

**ဆီရာလီယွန်း စက်တင်ဘာ ၂၂**

ဆီရာလီယွန်းနိုင်ငံ၌ အီဘိုလာရောဂါထိန်းချုပ်ရန် သုံးရက်ကြာညမထွက်ရအမိန့်ထုတ်ပြန်ထားခဲ့မှုမှာ အောင်မြင်မှုရှိကြောင်း ကြေညာလိုက်သည်။

အဆိုပါညမထွက်ရအမိန့်သည် တနင်္ဂနွေနေ့ ညသန်းခေါင်ယံမှ စတင်ခဲ့သည်။ ၎င်းညမထွက်ရအမိန့်ကို ထပ်မံတိုးချဲ့ဖွယ်မရှိကြောင်း အာဏာပိုင်များက ပြောသည်။

ဆီရာလီယွန်းသည် အီဘိုလာရောဂါဖြစ်ပွားမှု အဆိုးရွားဆုံးနိုင်ငံတစ်နိုင်ငံတွင်ပါဝင်ရာ လူပေါင်း ၅၅၀ ယင်းနိုင်ငံ၌ သေဆုံးခဲ့ရသည်။ ယခုအခါ အီဘိုလာရောဂါကြောင့် လူပေါင်း ၂၆၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။

ထိုအတောအတွင်း အိမ်နီးချင်းလိုက်ဘေးရီးယားနိုင်ငံက အီဘိုလာရောဂါဝေဒနာရှင်များအတွက် ခုတင်လေးဆတိုးမြှင့်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ရေး ကြေညာလိုက်သည်။

လိုက်ဘေးရီးယားနိုင်ငံသည် အီဘိုလာအဆိုးရွားဆုံးဖြစ်ပြီး သေဆုံးသူ စုစုပေါင်း၏ ထက်ဝက်ကျော်မှာ ၎င်းရောဂါကြောင့်ဖြစ်ရသည်ဟု ဆိုသည်။

အနောက်အာဖရိက၌ အီဘိုလာဖြစ်ပွားမှုသည် သမိုင်းတစ်လျှောက်တွင် အဆိုးရွားဆုံးဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။ အဆိုပါညမထွက်ရန်အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် ကလေးခြောက်သန်းကို ယင်းတို့၏အိမ်များအတွင်း၌သာ နေထိုင်စေခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို တားဆီးနိုင်ခဲ့သည်ဟု ဆိုသည်။

**(ဘီဘီစီ)**

# ဆီးရီးယားကာ့ဒ်ဒုက္ခသည် ၇၀၀၀၀ ဝင်ရောက်ခဲ့ပြီးနောက် တူရကီက အဓိကရုဏ်းကြောင့် နယ်စပ်ကိုပိတ်



**ကိုဘိန်း စက်တင်ဘာ ၂၂**

တူရကီနိုင်ငံက သောကြာနေ့မှစတင်ကာ ကာ့ဒ်ဒုက္ခသည် အနည်းဆုံး ၇၀၀၀၀ ဝင်ရောက်ခွင့်ပြုခဲ့ပြီးနောက် ၎င်း၏နယ်စပ်ကို ပိတ်လိုက်ပြီဖြစ်သည်။

တူရကီ လုံခြုံရေးတပ်များနှင့် ကာ့ဒ်ဆန္ဒပြသူများအကြား တနင်္ဂနွေနေ့က အဓိကရုဏ်းဖြစ်ခဲ့ပြီးနောက် အဆိုပါနယ်စပ်ကို ပိတ်လိုက်သည်ဟု ဆိုသည်။ ယင်းပိတ်ပင်မှုကြောင့် ကာ့ဒ် တိုက်ခိုက်ရေးသမားများက အိုင်အက်စ်တို့အား တိုက်ခိုက်နေသောစစ်ပွဲမှာ ရပ်တန့်ဖွယ်ရှိသည်။

ဒုက္ခသည်အများစုသည် စစ်သွေးကြွများအန္တရာယ်မှ ထွက်ပြေးလာသော ကိုဘိန်းမြို့မှဖြစ်သည်ဟု ဆိုသည်။ အိုင်အက်စ်တို့သည် မကြာသေးမီလများက အီရတ်နှင့်ဆီးရီးယားတို့ရှိ နယ်မြေအများအပြားကို သိမ်းပိုက်ထားသည်။

ဆီးရီးယားသမ္မတ ဘရှား အယ်လ်အာဆတ်ကို လွှန်ခဲ့သော သုံးနှစ်မှစတင်ကာ ဆန့်ကျင်မှုများ မြင့်တက်ခဲ့ပြီးနောက် တူရကီနိုင်ငံ၌ ဒုက္ခသည် ၈၄၇၀၀၀ ကျော် ရောက်ရှိခိုလှုံလျက်ရှိသည်။

ဒုက္ခသည်များ အသစ်ရောက်ရှိလာခြင်းကြောင့် ကျောင်းများအတွင်း ပြည့်လျှံနေပြီး တူရကီနိုင်ငံက ယင်းတို့အား နေရာချထားပေးရန် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

တူရကီက အိုင်အယ်လ်အာရပ်ဟု လူသိများသည့် ကိုဘိန်းမြို့မှ ထွက်ပြေးလာသော ဆီးရီးယားဒုက္ခသည်များအား သောကြာနေ့တွင် ၎င်း၏နယ်စပ်ကို ဖွင့်ပေးခဲ့သည်။ တူရကီဘက်နယ်စပ်၌ ကာ့ဒ်တို့က ဆန္ဒပြခဲ့ပြီးနောက် တနင်္ဂနွေနေ့တွင် အဓိကရုဏ်းဖြစ်ခဲ့သည်။ ဆန္ဒပြသူအချို့က လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့သည်ဟု ယုံကြည်ရသည်။ သို့သော်လည်း ဒဏ်ရာရသူစာရင်းကို ချက်ချင်းမထုတ်ပြန်ထားဟု ဆိုသည်။ **(ဘီဘီစီ)**

# နာဆာအင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ် ၁၀လကြာ ခရီးနှင်ခဲ့ပြီးနောက် ပတ်လမ်းကြောင်းအတွင်းရောက်ရှိ

**နာဆာ စက်တင်ဘာ ၂၂**

အမေရိကန်အာကာသအေဂျင်စီ (နာဆာ)၏ နောက်ဆုံးအင်္ဂါဂြိုဟ်လေ့လာရေးဂြိုဟ်တုသည် ၎င်းဂြိုဟ်အထက် ပတ်လမ်းကြောင်းအတွင်း အောင်မြင်စွာရောက်ရှိသွားပြီဖြစ်သည်။

မာဗင်အမည်ရှိ အဆိုပါအာကာသယာဉ်သည် ကမ္ဘာမြေပြင်မှ ၁၀လကြာ သွားရောက်ခဲ့ပြီးနောက် အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ရောက်ရှိခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အဆိုပါအာကာသယာဉ်ကို နာဆာက အင်္ဂါဂြိုဟ်၏ အမြင့်ဆုံးလေထုကို လေ့လာရန် လွှတ်တင်ခဲ့သည်ဟုဆိုသည်။ အင်္ဂါဂြိုဟ်ပေါ်ရှိ အချက်အလက်များကို အာကာသယာဉ်မှ စုဆောင်းမည်ဖြစ်သည်။ အင်္ဂါဂြိုဟ်၏ လက်ရှိနှင့်အတိတ်ကာလက အခြေအနေများကိုပါ လေ့လာနိုင်ရန် အာကာသယာဉ်ကို တည်ဆောက်ထားသည်။

"ယခင်က လွှတ်တင်ခဲ့တဲ့ အာကာသယာဉ်က ဒီဂြိုဟ်ရဲ့ လေထုအပေါ်ပိုင်းလောက်သာ လေ့လာနိုင်ခဲ့ပါတယ်။ ဂြိုဟ်တစ်ခုလုံးကို လွှမ်းခြုံပြီး မလေ့လာနိုင်သေးပါဘူး" ဟု နာဆာတာဝန်ရှိသူ ဘရုစ်ဂျာကိုစကိုင်းက ပြောသည်။

"မာဗင်က ယနေ့အင်္ဂါဂြိုဟ်ရဲ့ ပတ်ဝန်းကျင်အခြေအနေသစ်တွေကို လေ့လာနိုင်ပါလိမ့်မယ်"ဟု ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသနပညာရှင် ဘိုလ်ဒါက ပြောသည်။

အမေရိကန်အာကာသယာဉ်ရောက်ရှိပြီးနောက် ၄၈ နာရီအကြာတွင် ဂြိုဟ်နီကြီးသို့ အိန္ဒိယနိုင်ငံ၏ ပထမဆုံးဂြိုဟ်တုရောက်ရှိလာမည်ဟု ဆိုသည်။

**(ဘီဘီစီ)**



# ကသာခရိုင်အတွင်း မိုးသည်းထန်မှုကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများကြည့်ရှုစစ်ဆေး

**မုံရွာ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကသာခရိုင် အင်းတော်မြို့အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့တွင်းရှိ လူနေအိမ်များ၊ လမ်းမများပေါ်တွင် ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရန်အတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့နောက် မြန်မာ့မီးရထားလုပ်ငန်းမှ RBE ရထားဖြင့် အင်းတော်-ပင်ဝယ် ရထားလမ်းပိုင်းကြံ့ခိုင်မှုကိုလည်းကောင်း၊ ပင်ဝယ်-မော်လူးကြား ရထားလမ်းပိုင်းရှိ ကြို့ပင်ချောင်းအား ဖြတ်ကူးတည်ဆောက်ထားသော တံတားအမှတ်(၄၆၈)တံတား မိုးရေကြီးမှုကြောင့် ပျက်စီးမှုကိုလည်းကောင်း၊ ရွှေဘို-မြစ်ကြီးနားကားလမ်း အင်းတော်မြို့နယ်အတွင်း ကြို့ပင်ချောင်းတံတားနှင့်ဖားပန့်ချောင်းတံတား ရေတိုက်စားမှုကြောင့် ပျက်စီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ရွှေဘို- မြစ်ကြီးနားလမ်း၊ ပင်ဝယ်-မော်လူး-နန့်စီးအောင်လမ်းပိုင်းနှင့် မော်လူးကျေးရွာတိုက်နယ်ဆေးရုံသစ် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် အင်းတော်-ကသာကားလမ်းပေါ်ရှိ တံတားအမှတ်(၁/၁၀) ပေ ၉၀ သစ်သားတံတားနှင့် တံတားအမှတ်(၅/၉) ပေ ၂၀ ကွန်ကရစ်တံတား၊ လမ်းခွကျေးရွာတံတားဘေလီသံပေါင် ပေ ၈၀ ရှိ သစ်သားတံတားများ ရေတိုက်စားမှုကြောင့် ပျက်စီးသွားမှုနှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ရက်တိုအတွင်း အချိန်မီပြီးစီးရေးတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ကသာ-ဗန်းမော်လမ်းပေါ်ရှိ ပေါမမြိုင် သံကူကွန်ကရစ် ပေ ၁၃၀ တံတား ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကသာမြို့ ဒီပါအေးမြရိပ်သာတွင် ခရိုင်/ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ အထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့သည်။

ညနေပိုင်းတွင် ရွှေပြည်သာချောင်းကူးတံတားပျက်စီးသွားမှုနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများဝိုင်းဝန်း၍ ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အားပေးစကားပြောကြား၍ ပြည်သာယာရပ်ကွက် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့သည်။

အဆိုပါပေးအပ်ပွဲတွင် သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးခဲ့သူနှစ်ဦးအတွက် ထောက်ပံ့ငွေများ၊ ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်သုံးလုံးအတွက် ထောက်ပံ့ငွေများ၊ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်မှ သုံးရက်စာအတွက် ဆန်ဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး စုစုပေါင်းငွေကျပ် ၈၁၇၄၅၀ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ပေကုန်းကျေးရွာ ပေကုန်းတံတား ပျက်စီးသွားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ နေ့အထိမ်းအမှတ် အကျိုးပြုလုပ်ငန်းဆောင်ရွက်



**ရေတာရှည် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀) ပြည့် ရွှေရတုရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ထိန်ဝင်းဦးစီး ရဲတပ်ဖွဲ့ဝင်အင်အား ၂၀၀ မှ စက်တင်ဘာ ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်အတွင်းရှိ ညောင်ကြပ်ကျေးရွာ ရတနာသီရိဘုန်းတော်ကြီးကျောင်းနှင့် မူလတန်းလွန်ပညာသင်ကျောင်းအဝင် ပေ ၅၀၀ ခန့်ရှိ လမ်းအား မြေညှိ/ မြေဖို့ခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ ခြံစည်းရိုးနှင့်ချုံနွယ်များ ရှင်းလင်းခြင်း၊ စာသင်ဆောင်အတွင်း/အပြင် သန့်ရှင်းရေးတို့ကို လည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်က မြို့လှမြို့ အထက်တန်းကျောင်းဝင်းအတွင်း ချုံနွယ်များရှင်းလင်းခြင်း၊ စာသင်ဆောင်အတွင်း/ အပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ ရေဝပ်သည့်နေရာများ မြေဖို့ခြင်း၊ အမှိုက်ကျင်းတူးခြင်းတို့ကိုလည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်တွင် မြို့လှမြို့ တိုက်နယ်ဆေးရုံဝင်းအတွင်း/ အပြင် ချုံနွယ်များ၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်းများ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ဝဲပုံ)**

**(သတင်းစဉ်)**

# ရေကြီးမှုကြောင့် ရေများ ရေစုပ်စက်ဖြင့် စုပ်ထုတ်ရာ ဓာတ်လိုက်သေဆုံး

**တာချီလိတ် စက်တင်ဘာ ၂၂**

စက်တင်ဘာ ၁၈ ရက်က တာချီလိတ်မြို့နယ်တွင် မိုးရွာသွန်းမှုနှင့်အတူ တောင်ကျရေများကြောင့် ရေကြီးရေလျှံမှုများ မြို့ပေါ်ရပ်ကွက်အချို့မှာဖြစ်ပွားခဲ့ရာ ပုန်းထွန်ရပ်ကွက်တွင် ရေအမြင့် ၄ ပေမှ ၆ ပေ ခန့်အထိ မြင့်တက်ခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ ပုန်းထွန်ရပ်ကွက်အတွင်း ရေကြီးရေလျှံမှုများကြောင့် နေအိမ်တို့တွင် ရှင်းလင်းခြင်း၊ ရွှံ့များကို ဆေးကြောခြင်း ဆောင်ရွက်နေဆဲဖြစ်ရာ စက်တင်ဘာ ၂၂ ရက် (ယနေ့) မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က ပုန်းထွန်ရပ်ကွက် (၄) လမ်းရှိ နေအိမ်အမှတ် (၃/၃၈)တွင် အသက် (၃၉ နှစ်)ရှိ အမျိုးသားတစ်ဦး ဓာတ်လိုက်၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ပုန်းထွန်ရပ်ကွက် (၄)လမ်း အိမ်အမှတ်(၃/၃၈) တွင် ဦးစိုင်းဝန်းခမ်းသည် နေအိမ်အတွင်း ရေကြီးရေလျှံမှုကြောင့် ဝင်ရောက်နေသောရေများကို ရေစုပ်စက်ဖြင့် စုပ်ထုတ်နိုင်ရန် မီးပလပ်ကို သွားရောက်ထိုးရာမှ အစိုဓာတ်ကြောင့် ဓာတ်လိုက်ကာ ပွဲခြင်းပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

ပုန်းထွန်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုင်းဖတ်က "ဖြစ်နေတဲ့နေရာက ကျွန်တော့်အိမ်ရှေ့မှာပါ၊ အသံကြားလို့သွားကြည့်လိုက်တော့ ရေထဲမှာ စိုင်းဝန်းခမ်းက ပက်လက်လန်လဲကျနေတာကိုတွေ့ရတာနဲ့ ချက်ချင်းပဲ လျှပ်စစ်မီတာမိန်းခလုတ်ကို အမြန်ချပြီး ဆွဲထူပေးပြီးတော့ ရင်ဘတ်ကို အမြန်ဖိပေးလိုက်တယ်။ ပြီးတော့ ဆေးရုံကို အမြန်ပို့လိုက်ရတယ်" ဟု ပုန်းထွန်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုင်းဖတ်က ပြောပြသည်။

စက်တင်ဘာ ၁၈ ရက်ကဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် ပုန်းထွန်ရပ်ကွက်အတွင်း အိမ်ခြေစုစုပေါင်း ၃၂၅ အိမ်နှင့် အိမ်ထောင်စုဝင် စုစုပေါင်း ၅၂၇ စုမှာ ရေနစ်မြုပ်ဒဏ်ကိုခံခဲ့ရကြောင်း သိရသည်။ **မောင်ယဉ်ကျေး**



# မိတ်ကပ်ပညာရှင်နှစ်ဦး ငွေဆောင်ကမ်းခြေတွင် ရေနစ်သေဆုံး

**ငွေဆောင် စက်တင်ဘာ ၂၂**

ငွေဆောင်မြို့ EMERAL SEA HOTEL ၌ စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက ရောက်ရှိတည်းခိုသော ဗီဒီယိုရိုက်ကူးရေးအဖွဲ့တစ်ဖွဲ့မှ မိတ်ကပ်ပညာရှင် ကျော်နိုင်ဦး(ခ) ဖြူစင်နှင့် လူမွန်ဝင်းမောင်(ခ) ငယ်ငယ်တို့သည် ညနေ ၄ နာရီက ရေဆင်းကူးရာ နှစ်ဦးစလုံးပင်လယ်အတွင်းသို့ ပါရှိနစ်မြုပ်ခဲ့ပြီး ညနေ ၅ နာရီခွဲတွင် ကျော်နိုင်ဦး(ခ)ဖြူစင် (၃၀ နှစ်) အောက်ကြည့်မြင်တိုင် ရန်ကုန်မြို့နေသူအား သေဆုံးလျက်ပြန်လည်တွေ့ရှိရပြီး လူမွန်ဝင်းမောင်(ခ) ငယ်ငယ် (၂၆ နှစ်) ရွှေအုန်းပင်အိမ်ရာ ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေသူ၏ အလောင်းကို စက်တင်ဘာ ၂၂ ရက် နေ့လယ်တွင် ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ မိတ်ကပ်ပညာရှင်နှစ်ဦးသည် သီချင်းဗီဒီယိုရိုက်ကူးရေးအတွက် ငွေဆောင်ကမ်းခြေတွင် လာရောက်ရိုက်ကူးသောအဖွဲ့မှဖြစ်ပြီး ထိုသေဆုံးမှုအတွက် ငွေဆောင်မြို့ ရဲစခန်းမှ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မူမူ(iprd)**

# မူဆယ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆ ပြား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**

စက်တင်ဘာ ၂၀ ရက်က အမှတ်(၂၂)မူးယစ်တပ်ဖွဲ့စု မူဆယ်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် လုံခန်ကျေးရွာထိပ် ညောင်ပင်အနီး မူဆယ်-ပန်ဆိုင်း(ကြူကုတ်) သွားလမ်းမပေါ်တွင် ပန်ဆိုင်း(ကြူကုတ်)ဘက်မှ မူဆယ်ဘက်သို့ မုန်ဒန်ဆိုသူ မောင်းနှင်ပြီး တင်ထွန်းအောင်ဆိုသူ လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆ ပြား သိမ်းဆည်းရမိသဖြင့် မုန်ဒန် (၁၈ နှစ်)နှင့် တင်ထွန်းအောင် (၃၈ နှစ်)တို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# နည်းပညာတက္ကသိုလ်(ကလေး)တွင် စာမေးပွဲအဖြေလွှာများ ပျောက်ဆုံးခဲ့မှုနှင့်ပတ်သက်၍ စာမေးပွဲလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၏ ဒုတိယ နှစ်ဝက်စာမေးပွဲကို စက်တင်ဘာ ၈ ရက်မှစ၍ စစ်ဆေးကျင်းပလျက်ရှိရာ နည်းပညာတက္ကသိုလ်(ကလေး) တွင် စက်တင်ဘာ ၁၇ ရက် ညသန်းခေါင်ယံအချိန်ခန့်က တက္ကသိုလ်ရုံးခန်းနှင့် ဝန်ထမ်းရေးရာဌာနကို ဖောက်ထွင်းခံရပြီး သော့ခတ်သိမ်းဆည်းထားသော စာမေးပွဲအဖြေလွှာ သေတ္တာလေးလုံးရှိသည့်အနက် သေတ္တာသုံးလုံး ပျောက်ဆုံးခဲ့သည်။

အဆိုပါ သေတ္တာသုံးလုံးအနက် သေတ္တာနှစ်လုံးပါ အဖြေလွှာထုပ်များကို ထုပ်ပိုးချိတ်များမပျက်ဘဲ ကျောင်းနံဘေးတွင် ပြန်လည်ရရှိခဲ့ပြီး ကျန်သေတ္တာတစ်လုံးတွင် ပါဝင်သော အဖြေလွှာထုပ်များအား ကျောင်းနံဘေးရှိ ရေမြောင်းထဲမှ ပြန်လည်ရရှိကာ အဖြေလွှာထုပ် စုစုပေါင်း ၂၀ ပျောက်ဆုံးနေသည့်အတွက် နည်းပညာတက္ကသိုလ်များတွင် ဖြေဆိုရမည့် ဘာသာရပ် ၁၆၅ ခုရှိသည့်အနက် ဘာသာရပ် ၂၀ အတွက် ပျောက်ဆုံးမှုဖြစ်ပေါ်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံကို ဖမ်းဆီးအရေးယူနိုင်ရေး ကလေးမြို့နယ်ရဲစခန်းတွင် နည်းပညာတက္ကသိုလ်(ကလေး)က အမှုဖွင့်ဆောင်ရွက်လျက်ရှိပြီး စက်မှုနှင့်အသက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က နည်းပညာတက္ကသိုလ်(ကလေး)သို့ သွားရောက်၍ စာမေးပွဲဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေး ဆောင်ရွက်ခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားခြင်းတို့ကို သွားရောက်ဆောင်ရွက်ခဲ့သည်။

ထို့အပြင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှေသည် စစ်ကိုင်းတိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တာဝန်ခံရဲမှူး၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဌာနမှူးများပါဝင်သော တက္ကသိုလ်ပညာရေးများအဖွဲ့တို့နှင့် ဆွေးနွေးညှိနှိုင်း၍ အဖြေလွှာများ ပျောက်ဆုံးခဲ့သည့် ဖြစ်စဉ်အတွက် ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရေး စာမေးပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် နည်းပညာတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများတွင် စာမေးပွဲဖြေဆိုသူများ၏ အောင်စာရင်းသတ်မှတ်ခြင်းကို ပထမနှစ်ဝက်စာမေးပွဲအတွက် ၄၀ ရာခိုင်နှုန်း၊ ဒုတိယနှစ်ဝက်စာမေးပွဲအတွက် ၄၀ ရာခိုင်နှုန်းနှင့် Class Work / Assignment/ Practical အတွက် ၂၀ ရာခိုင်နှုန်းဟူ၍ အမှတ်ခွဲဝေသတ်မှတ်မှုနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ယခုဖြစ်စဉ်တွင် ကျောင်းသားများနစ်နာမှုမရှိစေရန်၊ နည်းပညာတက္ကသိုလ်များ၏ အရည်အသွေးတိုးမြှင့်ရေးဆိုင်ရာ မူဝါဒများအား ထိခိုက်မှုမရှိစေရန်၊ စာမေးပွဲလုပ်ထုံးလုပ်နည်းများနှင့်လည်း ကိုက်ညီမှုရှိစေရန်အတွက် တက္ကသိုလ်ပညာရေးအဖွဲ့အနေဖြင့် ကျောင်းသား ကျောင်းသူများ၏ အဖြေလွှာများ စစ်ဆေးရာတွင် ပျောက်ဆုံးမှုမရှိသော ဘာသာရပ်များအတွက် ပုံမှန်အတိုင်းသာ စစ်ဆေး၍ အမှတ်ပေးသွားရန်၊ အဖြေလွှာပျောက်ဆုံးသော သင်တန်းနှစ်အလိုက်၊ ဘာသာရပ်အလိုက်၊ စုစုပေါင်းဘာသာ (၂၀)ကို ပြန်လည်ဖြေဆိုခြင်းမပြုဘဲ အောင်/ရှုံး သတ်မှတ်ရန်သာ လိုအပ်သော သင်တန်းနှစ်များအတွက် သက်ဆိုင်ရာ ဘာသာရပ်၏ ဒုတိယနှစ်ဝက်အတွက် အောင်မြင်မှု မထိခိုက်စေရန်နှင့် နောက်တစ်ဆင့်မြင့် သင်တန်းတက်ရောက်ရန်၊ ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်လိုအပ်သည့် သင်တန်းနှစ်အတွက် အရည်အချင်းသတ်မှတ်ရာတွင် ထိခိုက်မှုမရှိစေရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်နှင့် စပ်လျဉ်း၍ တာဝန်ရှိသူ ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာ အောင်ဇော်လင်းနှင့် သက်ဆိုင်သူများကို ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးလျက်ရှိပြီး ကျောင်း၏ ပုံမှန်အုပ်ချုပ်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကာ ကျောင်းသား ကျောင်းသူများအနေဖြင့် သင်တန်းအလိုက် စက်ရုံ၊ အလုပ်ရုံများသို့ လက်တွေ့ကွင်းဆင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရေးအတွက် ပျောက်ဆုံးသွားသော စာမေးပွဲအဖြေလွှာများအတွက် သက်ဆိုင်ရာဘာသာရပ်များအား စာမေးပွဲလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ဖြစ်စဉ်တွင် ကျူးလွန်ခဲ့သည့် တရားခံအား အမြန်ဆုံးဖော်ထုတ်နိုင်ရေး ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## အမျိုးသမီးရေးရာဥက္ကဋ္ဌဖလား အေရိုးဗစ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့များ စုစည်း၍ ၂၀၁၄ ခုနှစ် နေပြည်တော် အမျိုးသမီးရေးရာဥက္ကဋ္ဌဖလား ကိုယ်ကာယကြံ့ခိုင်ရေး လေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲကြီးကို ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါ အေရိုးဗစ်ပြိုင်ပွဲကြီး၌ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်း၊ လယ်ဝေး၊ ပျဉ်းမနားနှင့် သီရိငါးမြို့နယ်ဖြစ်သော ပုဗ္ဗ၊ ဒက္ခိဏ၊ ဥတ္တရ၊ ဇမ္ဗူ ဇေယျာမြို့နယ်များမှ အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ စက်တင်ဘာ ၂၁ ရက်နံနက်က ပြိုင်ပွဲဝင်ကြမည့်အသင်းများအား မဲနှိုက်ရွေးချယ်ခြင်း၊ ပြိုင်ပွဲအသင်းများ ကြိုတင်လေ့ကျင့်ခြင်းများကို မင်္ဂလာကန်တော်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကိုကြီးကျော်

# ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံထောင့်စုံမှဆောင်ရွက်လျက်ရှိ

(မြန်မာ့သတင်းစဉ် သတင်းအဖွဲ့)

ရခိုင်ပြည်နယ်သည် နိုင်ငံတကာနှင့် ဆက်သွယ်သွားလာ ဝင်ထွက်နိုင်သည့် ပင်လယ်ကမ်းခြေ၊ ကြွယ်ဝသည့် သဘာဝသယံဇာတများ၊ ခရီးသွားလုပ်ငန်းအတွက် တန်ဖိုးရှိသည့် သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များ၊ ဈေးကွက်ကြီးမားသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်မှုရှိနေခြင်းစသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေသော အခြေခံကောင်းများကို ပိုင်ဆိုင်ထားပါသည်။

သို့ဖြစ်၍ လတ်တလောလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး စသည့်အခြေခံအဆောက်အအုံများကို ထပ်မံဖြည့်ဆည်းပြီးပါက ရခိုင်ပြည်နယ်သည် စီးပွားရေးရင်းနှီးမြှုပ်နှံရန် အလွန်သင့်လျော်သည့်ဒေသတစ်ခု ဖြစ်လာမည်ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်နှစ်ကျော်က သာမန်ပြစ်မှုတစ်ခုမှ စတင်ဖြစ်ပွားခဲ့သည့် လူ့အသိုက်အဝန်းနှစ်ခုအကြား ပဋိပက္ခကြောင့် နေအိမ်အဆောက်အအုံအများအပြား ဖျက်ဆီးခံရပြီး လူရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ပွားခဲ့ရကာ ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေကြရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းတည်ငြိမ်မှုရှိပြီး လူ့အသိုက်အဝန်းနှစ်ခုစလုံးမှ တစ်ခုတည်းသောနည်းလမ်းအပေါ် လက်ခံလာမည့် အကောင်းဆုံးအချိန်ကို စောင့်ဆိုင်းနေသည့်ကာလဖြစ်သည်။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဘက်စုံထောင့်စုံမှ ဆောင်ရွက်လျက်ရှိသည်။ လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်မှုများအနက် လျှပ်စစ်မီးရရှိရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်ရာ နိုင်ငံတော်ဓာတ်အားလိုင်းမှ ရခိုင်ပြည်နယ်သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

ယခင်က ရခိုင်ပြည်နယ်သို့ နိုင်ငံတော်ဓာတ်အားစနစ် မရောက်ရှိသဖြင့် ဒီဇယ်ဓာတ်အားပေးစက်များ၊ စပါးခွံဓာတ်အားပေးစက်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးခဲ့ရပါသည်။

၂၀၁၄ ခုနှစ် ဇွန် ၅ ရက်တွင် ပထမဆုံး နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် သံတွဲမြို့သို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဇွန် ၁၂ ရက်တွင် တောင်ကုတ်မြို့နှင့် ယခုအခါ အမ်းမြို့တို့ကိုလည်း ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီ ဖြစ်သည်။ ဒီဇင်ဘာလတွင် စစ်တွေမြို့အပါအဝင် ကျေးရွာအချို့တွင်ပါ ဓာတ်အားသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများဓာတ်အားရရှိရန်အတွက် ၂၃၀ ကေဗွီဓာတ်အားလိုင်း ခြောက်လိုင်း၊ ၂၃၀ ကေဗွီဓာတ်အားခွဲရုံ လေးရုံ၊ ၆၆ ကေဗွီဓာတ်အားလိုင်း ၁၂ လိုင်း၊ ၆၆ ကေဗွီဓာတ်အားခွဲရုံ ၁၄ ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ဓာတ်အားစနစ်သည် ပြည်တစ်ဖက်ကမ်းရှိ ဥသျှစ်ပင်ကျေးရွာသို့ ရောက်ရှိနေပြီဖြစ်သည်။

ထိုဓာတ်အားစနစ်ကို ရခိုင်ပြည်နယ်သို့ ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် ဥသျှစ်ပင်မှ တောင်ကုတ်ဓာတ်အားခွဲရုံကို ၂၃၀ ဓာတ်အားလိုင်း တည်ဆောက်ပြီးဖြစ်သည်။ တောင်ကုတ်မှတစ်ဆင့် ရခိုင်ပြည်နယ်တောင်ပိုင်းသို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းတစ်လိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှစ်လိုင်းသွယ်တန်းပြီး ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများ သို့ ဓာတ်အားပို့လွှတ်သွားမည်ဖြစ်သည်။



ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း ကျောက်ဖြူသဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်း (OGT)ကို တွေ့ရစဉ်။ (သတင်းစဉ်)

**ရခိုင်ပြည်နယ်သည် နိုင်ငံတကာနှင့် ဆက်သွယ်သွားလာ ဝင်ထွက်နိုင်သည့် ပင်လယ်ကမ်းခြေ၊ ကြွယ်ဝသည့် သဘာဝသယံဇာတများ၊ ခရီးသွားလုပ်ငန်းအတွက် တန်ဖိုးရှိသည့် သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များ၊ ဈေးကွက်ကြီးမားသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်မှုရှိနေ . . .**

ပဏာမအနေဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် တောင်ကုတ်မှ အမ်းမြို့ အထိ ၂၃၀ ကေဗွီဓာတ်အားလိုင်း ရောက်ရှိသွားပြီဖြစ်ပြီး အမ်းမြို့တွင် ၂၃၀ ကေဗွီဓာတ်အားခွဲရုံကြီးလည်း တည်ဆောက်၍ ဓာတ်အားပို့လွှတ်နေပြီဖြစ်ပါသည်။ သံတွဲမြို့ကိုလည်း ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီဖြစ်ပါသည်။

ဒုတိယအဆင့်အနေဖြင့် တောင်ကုတ်မှ ရခိုင်ပြည်နယ်တောင်ပိုင်း ကျောက်ဖြူ မတဲကျွန်းစသည့် မြို့များသို့ ဓာတ်အားရရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်းတို့သို့ ၂၃၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိတွင် ၄၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းတွင် ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှတစ်ဆင့် ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်စသည့်မြို့များသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် သတ်မှတ်ချိန်အမီ ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို အပူတပြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်၏ ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်ခဲ့ပြီး မြေမျက်နှာသွင်ပြင်အရ တောင်ကုန်းတောင်တန်းတွေ ထူထပ်ကာ ဒီရေတောတွေများပြားသဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲတွေအမျိုးမျိုးကြုံတွေ့ခဲ့ရကြောင်း၊ သို့ရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ထမ်းများအနေဖြင့် အောင်မြင်အောင် ဆောင်ရွက်မည်ဆိုသည့် စိတ်ခွန်အားများဖြင့် တည်ဆောက်လျက်ရှိကြောင်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသူရအောင်ဘိုနှင့် စီမံကိန်းမန်နေဂျာ-၁ အင်ဂျင်နီယာမှူးကြီး ဦးမင်းနိုင်တို့၏ ပြောပြချက်အရသိရသည်။

ထို့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဖြန့်ဖြူးရေးအပိုင်းအတွက် လုပ်ငန်းစုစုပေါင်း ၇၇ မျိုး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဓာတ်အားသုံးစွဲမှုမြင့်မားလာသည်နှင့်အမျှ လျှပ်စစ်ဘေးအန္တရာယ်ကင်းအောင်လည်း စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ဓာတ်အားပျောက်ဆုံးမှုမရှိအောင် အကာအကွယ်ပါသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ ဓာတ်ကြိုးနှင့် မလွတ်သည့်အပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းများလည်း ဆောင်ရွက်နေကြောင်း သိရသည်။

နယ်မြေဒေသ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆတက်ထမ်းပိုးဆောင်ရွက်လာနိုင်ပြီဖြစ်ရာ မဝေးတော့သည့်ကာလတွင် ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းမှ ပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပိုမိုရရှိခံစားလာနိုင်မည်ဟု ယုံကြည်မိပါတော့သည်။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ဦးရဲထွဋ်နှင့် ဒေါက်တာသန်းအောင်တို့က ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်အဖွဲ့ဝင် ဒေါ်နန်းစေအွာက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အပေါ် ဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေလေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းအစီရင်ခံစာတွင် တပ်မတော် တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် တပ်သိမ်းမြေအဖြစ် သိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ လျော်ကြေး၊ နစ်နာကြေးပေးရာတွင် ကာလဒေသ၏ ပေါက်ဈေးနှင့်အညီ ပေးလျော်ရန်၊ တပ်အရွယ်အစားအရ လိုအပ်သလောက်သာ သိမ်းဆည်းရန်၊ ပိုမိုသိမ်းဆည်းထားသည့် မြေပေါ်တွင် သီးစားခရယူပြီး အငှားချထားခြင်း မပြုရန်၊ တပ်ဝင်းနှင့် တစ်ဆက်တစ်စပ်တည်းမရှိသောနေရာများတွင် သိမ်းဆည်းခဲ့သောမြေများကို သက်ဆိုင်ရာ ပိုင်ရေးဆိုင်ခွင့်ရှိသူများသို့ ပြန်လည်ပေးရန်လိုအပ်ပါကြောင်း။

မြို့ပြများ တိုးချဲ့တည်ဆောက်ခြင်းနှင့် စက်မှုဇုန်များ တည်ဆောက်ခြင်းအတွက် သိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ မြေကြီး၊ မြေပုံကွဲလွဲမှုရှိနေသည့်အတွက် မြေပြင်တွင် ပြန်လည်တိုင်းတာ၍ သိမ်းဆည်းခြင်းဆိုင်ရာ ကိစ္စများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပေးရန်၊ သိမ်းဆည်းစဉ်က ကာလပေါက်ဈေးနှင့်အညီ ပေးလျော်ရန်၊ စီမံကိန်း၊ စီမံချက်၏ ရည်မှန်းချက်များအတိုင်း ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ စီမံကိန်းပျက်ပြယ်သွားခြင်း၊ စီမံကိန်းဆောင်ရွက်ရန် မလိုအပ်တော့ခြင်းများ ဖြစ်ပေါ်ပါက ထိုမြေကို မူလပိုင်ရှင် တောင်သူလယ်သမားများသို့ လွှဲပြောင်းပေးအပ်ရန် (သို့မဟုတ်)နိုင်ငံတော်အစိုးရက ပြန်လည် သိမ်းဆည်းပြီး ဥပဒေနှင့်အညီ စီမံခန့်ခွဲရန်၊ စီမံကိန်းများ၏ မူလရည်မှန်းချက်များအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် ကျန်ရှိနေသော မြေများပေါ်တွင် စီမံကိန်း ဆက်လက်ဆောင်ရွက်မည်ဆိုပါက မူလပိုင်ရှင်တောင်သူများသို့ ကာလဒေသပေါက်ဈေးနှင့်အညီ လျော်ကြေး၊ နစ်နာကြေးနှင့် အခြားထောက်ပံ့မှုများပေးရန်၊ မြို့ပြတိုးချဲ့နှင့် စက်မှုဇုန်ကဲ့သို့သော မြေသိမ်းမှုပြဿနာများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ လုပ်ပိုင်ခွင့်ရ ကုမ္ပဏီများနှင့် တောင်သူလယ်သမားများ သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပြီး ကုမ္ပဏီနှင့်တောင်သူများ နှစ်ဦးနှစ်ဖက် နစ်နာမှုမရှိစေရေးအတွက် ဖြေရှင်းဆောင်ရွက်ပေးရန်၊ လ/န(၃၉) ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကုမ္ပဏီများက တောင်သူများသို့ ကာလပေါက်ဈေးဖြင့် လျော်ကြေးပေးရန်နှင့် အခြားထောက်ပံ့မှုများ ဆောင်ရွက်ပေးရန်၊ လ/န (၃၉)ခွင့်ပြုချက်ရရှိပြီး အသုံးပြုခြင်းမရှိသော မြေဧရိယာများကို နိုင်ငံတော်အစိုးရထံ ပြန်လည်အပ်နှံရန်နှင့် မြေအသုံးချခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရကသာ စီမံခန့်ခွဲရန် လိုအပ်ပါကြောင်း။



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြေယာသိမ်းဆည်းခြင်းဆိုင်ရာ ကိစ္စရပ်များ စုံစမ်းဖြေရှင်းရေးအဖွဲ့များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများဖြင့် ပူးပေါင်းဖွဲ့စည်းပြီး စုံစမ်းသင့်ပါကြောင်း၊ စုံစမ်းရေးအဖွဲ့များသည် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အချိန်ယူ၍ နှံ့နှံ့စပ်စပ် ကွင်းဆင်းကာ စေ့စေ့စပ်စပ်လေ့လာစုံစမ်းပြီး အမှန်တရားကို ဖော်ထုတ်၍ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန်၊ စက်မှုဇုန်တည်ဆောက်ရန်အတွက် မြေသိမ်းဆည်းမှုများသည် မူလရည်မှန်းချက်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည့်အတွက် ထိုကဲ့သို့သော စက်မှုဇုန်များကို ဆက်လက်အကောင်အထည်ဖော်မည်ဆိုပါက လျော်ကြေး၊ နစ်နာကြေးနှင့် အခြားအခွင့်အရေးများပေးရန်၊ ဆက်လက်ဆောင်ရွက်ရန် မရှိတော့ပါက မူလတောင်သူများသို့ ပြန်လည်လွှဲပြောင်းပေးရန် လိုအပ်ပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများ ဆောင်ရွက်ရန် ပုဂ္ဂလိက ကုမ္ပဏီများသို့ မြေနေရာချထားပေးရာတွင် တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများ ပါရှိသွားခြင်း၊ နိုင်ငံတော်စီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းနှင့် နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းနှင့်ပတ်သက်၍ နိုင်ငံပိုင်စက်ရုံ၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြန်မာ့လေကြောင်းဥပဒေကြမ်း လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြု

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင်၏ **ပုဂ္ဂလိက အသေးစားရေနံချက်ဖိုလုပ်ငန်းများကို အဆင့်မီ ဒီဇယ်၊ ဓာတ်ဆီထုတ်လုပ်နိုင်ရန် နည်းပညာကူညီပေးရေး** မေးခွန်းနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ပြည်ထောင်စု အစိုးရအဖွဲ့ကသာ ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းဖြစ်သော်လည်း ယင်းလုပ်ငန်းကို လုပ်ကိုင်ကြသည့် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိစေခြင်း၊ လယ်ယာကဏ္ဍနှင့် ကျေးလက်ခရီးသွားလာရေးကဏ္ဍများတွင် အမှန်တကယ်အကျိုးရှိနေသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် ထုတ်လုပ်မှု၊ ချက်လုပ်မှု နည်းစဉ်များစနစ်တကျဖြင့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ချက်လုပ်ခွင့်ပေးနိုင်ခြင်း ရှိမရှိနှင့်ပတ်သက်၍ ဝန်ကြီးဌာနမှ ၂၀၁၄ခုနှစ် ဇူလိုင် ၃၀ ရက်တွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပါကြောင်း။



ဒုတိယဝန်ကြီး ဦးမြင့်ဇော် ဖြေကြားစဉ်။ (သတင်းစဉ်)

ထိုသို့ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသော စက်သုံးဆီထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်းတွင် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုအဖြစ် Myanmar Chemi-cal Engineers Group မှ မုံရွာခရိုင် လက်ပံကျေးရွာတွင် တစ်ရက်လျှင် ဂါလန် ၁၅၀၀ ချက်လုပ်၍ စံချိန်မီဓာတ်ဆီနှင့် ဒီဇယ်ဆီထုတ်လုပ်ပေးနိုင်မည့် အသေးစားရေနံချက်စက်တည်ဆောက်ရန်အတွက် လိုအပ်သောနည်းပညာပိုင်းဆိုင်ရာ အချက်အလက်များနှင့် စက်ရုံတည်ဆောက်လည်ပတ်မှုတို့အရ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ မှန်ကန်သင့်လျော်သော ရေနံချက်လုပ်နည်းစနစ်များဖြင့် ဆောင်ရွက်ထားသည့်အတွက် သင့်လျော်မှုရှိပါကြောင်း၊ ရေနံချက်ဖို တည်ဆောက်လိုသူများ အနေဖြင့် ပြည်တွင်းရေနံချက်စက် တည်ဆောက်လည်ပတ်မှု အတွေ့အကြုံရှိသည့် အင်ဂျင်နီယာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး နည်းပညာအထောက်အကူ ရယူနိုင်ပါကြောင်း။



ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံချက်စက်ရုံ(မလွန်)ကို တည်ဆောက်လည်ပတ်ခဲ့သည့် အတွေ့အကြုံများအရ ပုဂ္ဂလိကအသေးစားရေနံချက်လုပ် တည်ဆောက်ဆောင်ရွက်လိုသူများ၏ တင်ပြလာမှုအပေါ်တွင် စက်တည်ဆောက်မှု ဒီဇိုင်း၊ ချက်လုပ်မည့် နည်းစဉ်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှု၊ ထွက်ရှိချက်ဆီများ၏ အရည်အသွေးစံချိန်စံညွှန်းကိုက်ညီမှုစသည့် အခြေခံအချက်များဖြင့် ဆောင်ရွက်သင့်/မသင့်ကို နည်းပညာပိုင်းဆိုင်ရာ စိစစ်မှုများကို အထောက်အကူပြု ကူညီပေးနိုင်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးကဏ္ဍနှင့် ပတ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ မေးခွန်းများနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ပြန်လည်ဖြေကြားခဲ့သည်။

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းဝင်း၏ **တိုင်းဒေသကြီး/ပြည်နယ်အားလုံးရှိ မြို့နယ်တိုင်းတွင် မိုးပွင့်စီမံချက်များကို စဉ်ဆက်မပြတ်**

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံတွင် ကျပ်ငါးသိန်းအထိ နိုင်ငံပိုင်အာမခံကုမ္ပဏီက လျော်ကြေးပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ဘဏ္ဍာရေးနှင့် ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းနှင့် အဆို(၁)ခု မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ညဏစိုး၏ **“သူတစ်ပါးထိခိုက်မှုအာမခံကို ပုဂ္ဂလိကအာမခံကုမ္ပဏီများအား ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိနှင့် မော်တော်ယာဉ် သက်တမ်းတိုးသည့် နေရာဌာနများတွင် သူတစ်ပါးထိခိုက်မှု အာမခံကို One Stop Service စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ၁၉၆၄ ခုနှစ်မှစ၍ ၂၀၁၃ ခုနှစ်အထိ အာမခံလုပ်ငန်းများကို မြန်မာ့အာမခံလုပ်ငန်းတစ်ခုတည်းဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၂ ခုကို အာမခံလိုင်စင်ထုတ်ပေးခဲ့ပါကြောင်း၊ ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၂ ခုတွင် သက်တမ်းအမြင့်ဆုံး ကုမ္ပဏီသည် တစ်နှစ်ကျော်သာ ရှိပါကြောင်း၊ တစ်နှစ်ကျော်ကာလသာ ရှိသည့်အတွက် ယင်းကုမ္ပဏီများအား ပထမအဆင့်အနေဖြင့် အာမခံလုပ်ငန်း(၆)ခု လုပ်ကိုင်ခွင့်ပြုပေးခဲ့ပါကြောင်း။

ထို့အပြင် အမြန်လမ်းမကြီးတွင် ခရီးသည်သေဆုံးမှုများရှိလာသည့်အတွက် ခရီးသွားအာမခံ လုပ်ငန်း ဆောင်ရွက်ရန် ထပ်မံခွင့်ပြုခဲ့ပါကြောင်း၊ ကုမ္ပဏီများအား အာမခံလုပ်ငန်းအားလုံးကို တစ်ခုပြီးတစ်ခု လုပ်ကိုင်ခွင့်ပေးသွားမည် ဖြစ်ပါကြောင်း၊ ယခုအခါ ကုမ္ပဏီများသည် အတွေ့အကြုံနုနယ်ပြီး လူအင်အားမပြည့်စုံသေးသည့်အတွက် အာမခံလုပ်ငန်းအားလုံးကို တစ်ပြိုင်တည်း လုပ်ကိုင်ခွင့်ပေး၍ မရသေးပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် ကျပ်ငါးသိန်းအထိကို နိုင်ငံပိုင် အာမခံကုမ္ပဏီက လျော်ကြေးပေးလျက်ရှိပါကြောင်း၊ ကျပ်ငါးသိန်းနှင့်အထက် သူတစ်ပါးထိခိုက်မှုအာမခံ လုပ်ငန်းများကို အလုံးစုံ မော်တော်ယာဉ် အာမခံကုမ္ပဏီများ၏ အောက်တွင် ပုဂ္ဂလိကအာမခံကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပေးထားပြီး ဖြစ်ပါကြောင်း။

ထောက်ကြံ့တွင် စခန်းသစ်တစ်ခုဖွင့်လှစ်ပြီး ဩဂုတ်လမှစ၍ သူတစ်ပါးထိခိုက်မှု အာမခံလုပ်ငန်းကို One Stop Service ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခြားနေရာများတွင်လည်း One Stop Service ဖြင့် ဆောင်ရွက်ပေးနိုင်ရန် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်း၍ နေရာနှင့် LAN ချိတ်ဆက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ကျောင်းဆောင်သစ်ဆောက်လုပ်ရေးနှင့် ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးဟာရှိန်းဘွေ၏ **“မင်းတပ်မြို့နယ်၊ အောက်ချိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ အောက်ချိုင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် နဝမတန်း ၁၀ဦး၊ ဒသမတန်းငါးဦး စုစုပေါင်း အထက်တန်းအဆင့်သင်ကျောင်းသား ၁၅ ဦး ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက ကျောင်း

စာမျက်နှာ ၁၀ ကော်လံ ၄ သို့

ပြည်တွင်းသတင်း

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆော်ဒီအာရေဗျနိုင်ငံသို့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာအု(ဒ်) အယ်လ်ဖိုင် ဆယ်ဘင် အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာအု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံသို့ချစ်ကြည်ရေးခရီးထွက်ခွာ



**နေပြည်တော် စက်တင်ဘာ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ်ဖြစ်သူ General Shigeru IWASAKI ၏ ဖိတ်ကြားချက်အရ ယနေ့ညနေပိုင်းတွင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi HIGUCHI နှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်လွင်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်အောင်သူနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# အခက်အခဲများမည်မျှရှိရှိ ငြိမ်းချမ်းရေးခရီး ရည်မှန်းချက်ကိုရောက်အောင် ဆက်လက်အကောင်အထည်ဖော်သွားရန်ဆုံးဖြတ်ထား

## ဆဋ္ဌမအကြိမ်မြောက် တစ်ခုတည်းသောမူကြမ်း (Single Text) ဖြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ပြောကြား

**ရန်ကုန် စက်တင်ဘာ ၂၂**

စက်တင်ဘာ ၂၁ ရက်တွင် ကျရောက်ခဲ့သည့် (၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အပြီး နောက်တစ်ရက်ဖြစ်သည့် ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ (NCCT) တို့၏ ဆဋ္ဌမအကြိမ်မြောက် တစ်ခုတည်းသော မူကြမ်း(Single Text) ဖြစ်မြောက်ရေးညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပသည်။



**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုကော်မတီ (NCCT) တို့၏ ဆဋ္ဌမအကြိမ်မြောက် တစ်ခုတည်းသော မူကြမ်း (Single Text) ဖြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေးပွဲမစတင်မီ နှစ်ဖက်ကိုယ်စားလှယ်များ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

ယနေ့ဆွေးနွေးပွဲသည် UPWC နှင့် NCCT တို့၏ တရားဝင် (၆) ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။ အလွတ်သဘောတွေ့ဆုံမှုမှာမူ အကြိမ်အရေအတွက် အများအပြားရှိခဲ့ပြီး နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုမှာမူ အချိန်ကာလအားဖြင့် တစ်နှစ်နီးပါးခန့်ရှိခဲ့ကြောင်း သိရသည်။

စတင်ညှိနှိုင်းစဉ်က အချက် (၁၀၄)ချက်နှင့် စတင်ဆွေးနွေးခဲ့ကြပြီး ယနေ့ဆွေးနွေးပွဲတွင်မူ မူကြမ်းအချက် (၅)ချက်မျှသာ ကျန်ရှိတော့၍ ယခုအကြိမ် ဆွေးနွေးပွဲတွင် သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်လိမ့်မည်ဟု ဆွေးနွေးဖက် နှစ်ဖက်သာမက နိုင်ငံရေးလေ့လာအကဲခတ်သူများ၊ ပြည်သူများကပါ မျှော်လင့်နေကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း (၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် “ယခုကဲ့သို့ အခွင့်ကောင်း အခါကောင်းနှင့် တိုက်ဆိုင်နေသည့်အချိန်တွင် ငြိမ်းချမ်းရေးသည် လူသားများ၏ရပိုင်ခွင့်ဖြစ်သည်ဟူသော စဉ်းစားတွေးခေါ်မှုမျိုးဖြင့် အခြားသော လူ့အခွင့်အရေးများနှင့် တန်းတူရရှိစေရန် ကျွန်ုပ်တို့အားလုံး၏ ဝိုင်းဝန်းကြိုးပမ်းမှုများအရ ပေါ်ပေါက်လာသော ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုက်ရပေသည်” စသည်ဖြင့် ထည့်သွင်းဖော်ပြထားသည်။

ယနေ့ဆွေးနွေးပွဲ စတင်ကျင်းပချိန်တွင် UPWCနှင့် NCCT နှစ်ဖက်



**ဦးသိန်းဇော် (ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ) ဆွေးနွေးပြောကြားစဉ်။**

(သတင်းစဉ်)

အဖွဲ့ခေါင်းဆောင်များ၏ ပဏာမနှုတ်ခွန်းဆက်စကားများနှင့် ယခုကျင်းပသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအပေါ် ယုံကြည်ချက်၊ မျှော်လင့်ချက်၊ ရှုမြင်သုံးသပ်ချက်များနှင့် အပြုသဘောဆောင်သည့် အပေါင်းလက္ခဏာရလဒ်များကို ဖော်ဆောင်နိုင်မည့် ရင်းနှီးခင်မင်သော ဆက်ဆံမှုများကို တွေ့မြင်ကြားသိခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်သည် အင်မတန်မှ အရေးကြီးသည့် အခန်းကဏ္ဍကို ရောက်ရှိနေပြီဆိုသည်ကို အားလုံးက လက်ခံကြမည်ဖြစ်ပါကြောင်း။ မိမိတို့တစ်တွေသည် အပစ်အခတ် ရပ်စဲရေး သက်သက်ထက် ငြိမ်းချမ်းရေးအတွက် အဓိကအကျဆုံးဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ကို တက်လှမ်းနိုင်အောင် ခိုင်ခံ့သည့် အခြေခံအုတ်မြစ်များ ချမှတ်နေကြခြင်းဖြစ်ပါကြောင်း၊ အခက်အခဲများမည်မျှရှိရှိ ငြိမ်းချမ်းရေးခရီး၏ ရည်မှန်းချက်ကိုရောက်အောင် ဆက်လက်အကောင်အထည်ဖော်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ (NCCT)အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက “နှစ်ပေါင်း ၆၀ ကျော်အကြာ လက်နက်ကိုင်ပဋိပက္ခကြောင့် မိမိတို့နိုင်ငံသည် သယံဇာတကြွယ်ဝသော်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရပြီး အဆင်းရဲဆုံးဖြစ်ခဲ့ရကြောင်း၊ ယနေ့ နိုင်ငံတော်သမ္မတ



**ဖဒိုစောကွယ်ထူးဝင်း (ဒုတိယအဖွဲ့ခေါင်းဆောင်) တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ (NCCT) ဆွေးနွေးပြောကြားစဉ်။**

(သတင်းစဉ်)

ကြီး၏ ငြိမ်းချမ်းရေးလမ်းစဉ်ကို မှန်မှန်ကန်ကန်တွေ့ရ၍ ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နှင့် ပြည်သူအများစု ထောက်ခံပါကြောင်း၊ စိတ်ရှည်စွာဖြင့်မကြိုးစားခဲ့လျှင် ယခုအဆင့်အထိ မရောက်နိုင်ကြောင်း၊ စိတ်မရှည်လျှင် ပျက်သွားနိုင်ကြောင်း၊ တိုင်းပြည်၏ အနာဂတ်မှာ ယခုနှစ်ဖက်အဖွဲ့ပေါ် မူတည်ပါကြောင်း၊ ဒီတာဝန်ကို အတတ်နိုင်ဆုံး စိတ်ရှည်လက်ရှည်ဖြင့် ကြိုးပမ်းကြပါစို့” ဟု ပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်က “ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအတွက် ပထမခြေလှမ်းဖြစ်သည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြသည်မှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရနေပါကြောင်း၊ ထိုအောင်မြင်မှုကို သမိုင်းမှတ်တိုင်အဖြစ် စိုက်ထူနိုင်ရန် နှစ်ဖက်ခေါင်းဆောင်များအနေဖြင့် နားလည်မှုရှိရှိ သဘောထားအမြင်ကြီးကြီးဖြင့် ကောင်းမွန်မှန်ကန်သော ဆုံးဖြတ်ချက်များကို ချနိုင်ပါရန် ဆန္ဒပြုပါကြောင်း” ဖြင့် ပြောကြားသည်။

NICC မှ ဒုတိယအဖွဲ့ခေါင်းဆောင်ဖဒိုစောကွယ်ထူးဝင်းက“တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသည် ငြိမ်းချမ်းရေး၏ အုတ်မြစ်ဖြစ်သကဲ့သို့ ပဏာမခြေလှမ်းလည်းဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲများတွင် အောင်မြင်မှုများရှိသကဲ့သို့ ညှိနှိုင်းစရာများလည်း ရှိသေးကြောင်း၊ နှစ်ဖက်စလုံးတွင် တာဝန်ရှိပါကြောင်း၊ ကျန်ရှိနေသေးသည့် အချက်များကို စိတ်ရှည်စွာဖြင့် သဘောတူညီမှုရရှိအောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း” ပြောကြားသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးက “တပ်မတော်အနေဖြင့် ယခုကဲ့သို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လာသည်မှာ မိမိတို့၏ ထက်သန်သည့်စေတနာကြောင့်ပင်ဖြစ်ကြောင်း၊ အထူးသဖြင့် ငြိမ်းချမ်းချင်သည့်အတွက် ဖြစ်ပါကြောင်း၊ မကြာခဏပြောနေသလိုပင် ငြိမ်းချမ်းရေးကို အလိုချင်ဆုံးတွင် ရှေ့ဆုံးကပါဝင်သူများမှာတပ်မတော်သားများပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်သည့်အခါ နိုင်ငံတော်နှင့် တိုင်းရင်းသားကိုယ်စားလှယ်ကြီးများ၏ ဘက်နှစ်ဖက်စလုံးက ညီညွတ်မှုတရန် အဓိက လိုအပ်ပါကြောင်း၊ နှစ်ဖက်စလုံးက သည်းခံကြရန်၊ စိတ်ရှည်ကြရန်လိုပါကြောင်း။

တပ်မတော်၏ သဘောထားရပ်တည်ချက်မှာ နဂိုဆွေးနွေးပွဲများတွင် ချမှတ်ထားသည့်အတိုင်း မူဝါဒ (၆)ရပ်နှင့်အညီ ဆွေးနွေးသွားမည်ဖြစ်ကြောင်း” ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့်တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးညှိနှိုင်းမှုကော်မတီ NCCTတို့သည် ဩဂုတ်လ ငြိမ်းချမ်းရေး ဆွေးနွေးပွဲက ကျန်ရှိသော မူကြမ်းအချက် (၅) ချက်ပါဝင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စားပွဲဝိုင်းထက်တွင် ရင်းနှီးခင်မင်စွာဆွေးနွေးကြသည်။

ယနေ့ ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊



**ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆွေးနွေးပြောကြားစဉ်။**

(သတင်းစဉ်)

ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

ပြည်တွင်းသတင်း

❖ *ကျောဖုံးမှ*

စာကြည့်တိုက် ခန်းမအတွင်း၌ စာကြည့်တိုက် တည်ဆောက်ခြင်းလုပ်ငန်းဆိုင်ရာများ၊ စာကြည့်တိုက်နောက်ခံသမိုင်းကြောင်း၊ အမျိုးသား စာကြည့်တိုက်၏ ထူးခြားဝိသေသဆိုင်ရာများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာကြီး ရှာငယ်ကာလ၏ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည့် အသိအတတ်ပညာခေတ်တွင် သတင်းအချက်အလက် နည်းပညာများ တိုးတက်လာသည်နှင့်အမျှ လူတစ်ဦးချင်းစီ၏ စာပေဗဟုသုတ ပြည့်စုံမှုသည် ယခင်ကထက် အဆပေါင်းများစွာ ပိုမိုလိုအပ်လာပြီ ဖြစ်ပါကြောင်း၊ လူ့အဖွဲ့အစည်းကြီးတစ်ခုတွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ မည်သည့်အရေးအရာကို ဆောင်ရွက်ကြသည်ဖြစ်ပါစေ၊ စာအုပ်စာပေက ရရှိလာမည့် ပညာ၊ ဗဟုသုတနှင့် အလုံမ်းဝေး၍ မရနိုင်သည်ကို သိသာထင်ရှားနေပါကြောင်း၊ ယင်းအကြောင်းအချက်များနှင့် ကင်းကွာသည့် မည်သည့်လုပ်ငန်းမျိုးမဆို ရေရှည်အောင်မြင်မှုပေးနိုင်စွမ်းမရှိဆိုသည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံသည့်လုပ်ငန်းအောင်မြင်မှုများကို ပေးစွမ်းနိုင်ရန် စာကြည့်တိုက်သည် မရှိမဖြစ် လိုအပ်လာသည့်အရာ ဖြစ်လာပါကြောင်း၊ (၁၁)ရာစု ပုဂံခေတ်လက်ထက်ကတည်းက စာကြည့်တိုက်၏ မြစ်ဖျားခံခဲ့ရာ ပိဋကတ်တိုက်တော်မှ အဆင့်ဆင့် ပြောင်းလဲလာခဲ့ပြီး ယနေ့ နိုင်ငံတော်အဆင့် အမျိုးသားစာကြည့်တိုက်အဖြစ် ထင်ရှားပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း။

အမျိုးသားစာကြည့်တိုက်သည် အခြားသော စာကြည့်တိုက်များနှင့်မတူဘဲ ပညာရပ်ပေါင်းစုံနှင့် စာပေပစ္စည်းများကို စနစ်တကျ စုဆောင်းထိန်းသိမ်း ဝန်ဆောင်မှုပေးသည့် နေရာဌာနကြီးတစ်ခု ဖြစ်ရပါကြောင်း၊ အမျိုးသားစာကြည့်တိုက်ကို လူထုတက္ကသိုလ်ဟုလည်း တင်စားခေါ်ဝေါ်ကြပြီး လူ့အဖွဲ့အစည်းကို မြှင့်တင်ပေးရာ ဌာနကြီးတစ်ခုအဖြစ် သတ်မှတ်လာကြပြီး ဖြစ်ပါကြောင်း။

ယခု အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ကို အများပြည်သူအတွက် ဝန်ဆောင်မှုပေးနိုင်စေရန် ၂၀၁၃ ခုနှစ် မေလ ၃ ရက်တွင် အမျိုးသားစာကြည့်တိုက် ပထမဆောင်ကို တရားဝင်ဖွင့်လှစ်ခဲ့ပြီး ပြည်သူများ လိုအပ်သည့် သတင်းအချက်အလက်များကို ဆက်လက်ဝန်ဆောင်မှုပေးနေသည်ဟု သိရှိရပါကြောင်း။

စာကြည့်တိုက်များတွင် စုဆောင်းထားသည့် ထောင်ပေါင်းများစွာသော စာပေပစ္စည်းများသည် စာကြည့်တိုက်၏ အဓိကအင်္ဂါရပ်များဖြစ်ပြီး ပြည်တွင်း ပြည်ပ စာရေးဆရာများ၊ နိုင်ငံရေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ သိပ္ပံပညာရှင်၊ အတွေးအခေါ်ပညာရှင်များ၊ သူတော်စင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၏အတွေ့အကြုံနှင့် ရှာဖွေစုဆောင်းလေ့လာ၊ သုတေသနပြုမှတ်တမ်းတင်ထားသည့် စာအုပ်စာပေများ ဖြစ်ကြရန်လည်း လိုအပ်ပါကြောင်း။

အမျိုးသား စာကြည့်တိုက် (နေပြည်တော်)သည် နှစ်ရှည်လများစွာက စုဆောင်းထားသည့်စာပေပစ္စည်းများမှ သတင်းအချက်အလက်များကို စာဖတ်သူများ အလွယ်တကူလေ့လာ အသုံးပြုနိုင်စေရန်အပြင် ပညာရှာမှီးသူများ၊ သုတေသီများလည်း အသုံးပြုနိုင်စေရန် စနစ်တကျစီစဉ်ထားကာ ဝန်ဆောင်မှု အပြည့်အဝပေးနေရမည် ဖြစ်ပါကြောင်း၊ e-library ကိုလည်း ကျယ်ပြန့်စွာ ဖွံ့စည်းထားရမည်ဖြစ်ပြီး Online မှတစ်ဆင့် အလွယ်တကူရှာဖွေနိုင်သကဲ့သို့ e-books များကိုပါ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတကာ စာကြည့်တိုက်အဆင့် အာဆီယံစာကြည့်တိုက်အဆင့် အရည်အသွေးမျိုးရရှိစေရန် ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဤအမျိုးသား စာကြည့်တိုက်တွင် တာဝန်ထမ်းဆောင်ကြသည့် စာကြည့်တိုက် ဝန်ထမ်းများသည်လည်း စာကြည့်တိုက်၏စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်များ မြင့်မားနေကြရန်လည်း လိုအပ်မည် ဖြစ်ပါကြောင်း၊ ဤစာကြည့်တိုက်တွင်တာဝန်ဝတ္တရားအရ ထိန်းသိမ်းဝန်ဆောင်မှုပေးနေရင်းမိမိအတွက်လည်း ဗဟုသုတများ တိုးမြှင့်ရှာဖွေရင်း နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် သစ္စာရှိရှိ ကတိတည်တည်ဖြင့် ဆိုင်ရာတာဝန်များကို ထမ်းဆောင်သွားကြပါရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက စာကြည့်တိုက်အတွင်း ပြုလုပ်သော ပြိုင်ပွဲများတွင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကာ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က အလှူရှင် ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)အား အမှတ်တရ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဒုတိယအဆင့် ဖွင့်ပွဲတွင် စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# နိုင်ငံ့ဂုဏ်ကျက်သရေဆောင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)

**အောင်နိုင်(သတင်းစဉ်)**
**ဓာတ်ပုံ-ကိုကိုစိုးညွန့်(သတင်းစဉ်)**

**နေပြည်တော် စက်တင်ဘာ ၂၂**

နံနက်ခင်း နေရောင်ခြည်အောက်တွင် ရောင်စုံလေဘောလုံးကြီးများက လေထဲတလူလူလွင့်ပျံ့နေသည်။ ဝင့်ထည်လှသည့် အဆောက်အအုံကြီးက နွေးထွေးသော နေရောင်ခြည်အောက်တွင် ပန်းရစွာ တင့်တယ်ခမ်းနားနေသည်။ နေရာသည်ကား နိုင်ငံတစ်နိုင်ငံတွင် မရှိမဖြစ်လိုအပ်သည့် တစ်နည်းအားဖြင့် မြန်မာနိုင်ငံအတွက် ဂုဏ်ယူ ဝင့်ကြွားဖွယ်ရာဖြစ်သော အမျိုးသား စာကြည့်တိုက် (နေပြည်တော်) ဒုတိယအဆင့် ဖွင့်ပွဲအခမ်းအနားပင် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်အားပေးဖွင့်လှစ်ပေးကြသည့် အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲတွင် သွားရောက်သတင်းရယူရင်းဖြင့် သိရှိလိုသည်များကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံ သွားရောက်မေးမြန်းဖြစ်ခဲ့သည်။

အခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းခံရသည့် အလှူရှင် ဒေါ်တင်ရီ(စာရေးဆရာမ တင်ရီမ-ညောင်ဦး)က "အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ကို စာအုပ်ပေါင်း ၁၀၇၀ ကို လှူဒါန်းခဲ့ပါတယ်။ ရသ၊ အင်္ဂလိပ် စာပေ၊ မြန်မာစာပေ စသဖြင့် အမျိုးအစားကတော့ အမျိုးမျိုးပေါ့။အဲဒီ စာအုပ် ၁၀၇၀ က လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်က လှူဒါန်းထားတာပါ။ ကျွန်မတို့မိသားစုအားလုံး စာပေကို ဝါသနာပါကြတယ်။

ရုပ်မြင်သံကြားမှာ အခုနောက်ပိုင်း မြင်တွေ့နေကျလိုဖြစ်လာတဲ့ စာပေ စကားပိုင်းဆိုတာလေးကို သတိထား စောင့်ကြည့်မိတယ်။ ပညာသင်ချိန်မှာ စာသင်ချိန် စာဖတ်ချိန် ရှိသင့်တယ်လို့ ယူဆပါတယ်။ အခုနောက်ပိုင်းခေတ်က တိုးတက်လာတဲ့အခါ တယ်လီဖုန်းတစ်လုံးရှိရုံနဲ့ အင်တာနက်ထဲကနေ ကိုယ်လိုချင်တဲ့စာတွေကို အလွယ်တကူ ဖတ်လာနိုင်တယ်လေ။ ဒါပေမယ့် တကယ့်ပုံနှိပ်စာမူနဲ့ ဖတ်ရတာချင်းတော့ မတူဘူးပေါ့။ ဒါကြောင့် အမျိုးသားစာကြည့်တိုက်ကြီးအနေနဲ့ ပုံနှိပ်စာပေတွေကို အကောင်းဆုံးထိန်းသိမ်းပေးနိုင်မှာဖြစ်ပါတယ်။ စာကြည့်တိုက်တွေမှာ စာဖတ်သူတွေများလာစေချင်တယ်။ အပျော်ဖတ်၊ ဗဟုသုတရှာသူတွေအနေနဲ့ အစစအရာရာမှာ တိုးတက်လာမှာသေချာပါတယ်"ဟု ပြောပြခဲ့သည်။



ဒေါ်တင်ရီ (စာရေးဆရာမ တင်ရီမ-ညောင်ဦး)

အလားတူ ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့်အမျိုးသား စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက အမျိုးသားစာကြည့်တိုက် (နေပြည်တော်)နှင့် စပ်လျဉ်း၍ ပြောကြားခဲ့ရာတွင် "အမျိုးသားစာကြည့်တိုက်ဆိုတာ နိုင်ငံတိုင်းမှာ ရှိပါတယ်။ မြန်မာနိုင်ငံမှာတော့ အမျိုးသားစာကြည့်တိုက်က (၁၈) ရာစုလောက်ကတည်းက စလာတာပါ။ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ အမျိုးသားစာကြည့်တိုက်ကို အဆင့်ဆင့်နာမည်တွေပြောင်းပြီးတော့ နေရာတွေပြောင်းပြီးတော့ ဖွင့်ခဲ့ရပါတယ်။ အမျိုးသားစာကြည့်တိုက်ကတော့ ဒီနိုင်ငံမှာရှိတဲ့စာတွေအားလုံးကို စုဆောင်းထားတဲ့ နိုင်ငံတော်အဆင့် နေရာပါပဲ။ ဒီမှာရှိတဲ့ စာအုပ်စာရင်းတွေနဲ့ ပတ်သက်လို့ စာစုစာရင်းပြုလုပ်တာ၊ စာရင်းတွေသွင်းတာ ဒါတွေအားလုံးဟာ အမျိုးသားစာကြည့်တိုက်ရဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။

e-library ဆိုတာကတော့ ၂၁ ရာစုမှာပိုမိုပြီး ထင်ထင်ရှားရှား လုပ်လာတဲ့အပိုင်းပေါ့။ အရင်တုန်းကတော့စာအုပ်တွေကို စာရင်းပြုစုတယ်၊ ထိန်းသိမ်းတယ်၊ မှတ်တမ်းလုပ်ထားတယ်၊ e-library ဆိုတာကတော့ ကွန်ပျူတာထဲကို ဒစ်ခ်လေးထိုးကြည့်တာ တစ်ခုတည်း မဟုတ်ပါဘူးရှင့်။ စာအုပ်တွေကို Scan ဖတ်ရပါတယ်။ ပြီးတော့မှ စာအုပ်ထဲက အီလက်ထရွန်နစ်ဖိုင်တွေကိုသုံးထားပြီးတော့မှ အခြား e-library တွေနဲ့ ဆက်စပ်ပြီးတော့လည်းကောင်း၊ တစ်ဦးချင်း User တစ်ယောက်ချင်းဆီက ဒါကို ထုတ်နုတ်ပြီး ကြည့်နိုင်ဖို့လည်းကောင်း စီစဉ်ပေးထားပါတယ်။ ဒီမှာတော့ e-library ဝန်ဆောင်မှုတွေကိုပါ တွဲဖက်ပြီး လုပ်ပေးဖို့ရှိပါတယ်"ဟု ပြောပြခဲ့သည်။

ထို့အတူ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ကို တာဝန်ယူဆောက်လုပ်ပေးခဲ့သည့် မိုးကြယ်စင် ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးဝင်းဇော်က စာကြည့်တိုက်၏ တည်နေရာ၊ အကျယ်အဝန်းနှင့် ဆောက်လုပ်ခဲ့မှု အခြေအနေများအပေါ် "ဒီစာကြည့်တိုက်ကြီးက မြေဧက ၂၁ ဒသမ ၀၈ ဧကပေါ်မှာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ပန္နက်တင်အခမ်းအနားကို ၂၀၁၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့မှာ စတင်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ စီမံကိန်းပြီးမြောက်လို့ ဝန်ကြီးဌာနကို ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့တာကတော့ ၂၀၁၂ ခုနှစ် ဧပြီလ ၆ ရက်နေ့မှာ ပြန်လည်ပေးအပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ပထမအဆင့် အဆောင် (A) ကို ၂၀၁၃ ခုနှစ် မေလ ၃ ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပြီး အခုအဆောင် (B)ကို လုပ်ငန်းပြန်လည်စတင်ခဲ့တာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ ပြန်လည်စတင်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။



ဒေါ်နန္ဒာမွန်း
ညွှန်ကြားရေးမှူးချုပ်
သမိုင်းသုတေသနနှင့်
အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

အဆောက်အအုံ တစ်ခုလုံးရဲ့ ဧရိယာ အကျယ်အဝန်းကတော့ ကြမ်းခင်းဧရိယာ စုစုပေါင်း ၁၇၇၈၃၅ စတုရန်းပေ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ တည်ဆောက်ဆဲ အဆောင် (C)ကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ယခု ဒုတိယအဆင့်အဖြစ် ဖွင့်လှစ်သည့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)သည် နိုင်ငံတော်အဆင့် စာကြည့်တိုက်ဖြစ်သဖြင့် အခြားသော စာကြည့်တိုက်များနှင့်မတူဘဲ ထူးခြားသည့် ဝိသေသများ ရှိနေသည်ကို သိရှိရသည်။ နိုင်ငံ၏ အမျိုးသားအဆင့်ဖြစ်ခြင်း၊ တစ်မျိုးသားလုံးနှင့် သက်ဆိုင်ပြီး နိုင်ငံတစ်နိုင်ငံတွင် စာပေပစ္စည်းအစုံလင်ဆုံးနှင့် အကြီးမားဆုံးစာကြည့်တိုက်ဖြစ်ခြင်း၊ အမျိုးသားစာပေအမွေအနှစ်ကို ထိန်းသိမ်းရာဌာန၊ သုတေသီများ သုတေသနပြုရာဌာန၊ စာပေနှင့် လူထုကို ဆက်သွယ်ပေးရာဌာနဖြစ်ခြင်း၊ လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမရွေးဘဲ စာရှာသူများ သိလိုသမျှအကြောင်းအရာ အချက်အလက်များကိုရှာဖွေနိုင်၊ လေ့လာဆည်းပူးနိုင်၊ သုတေသနပြုနိုင်သော ဌာနဖြစ်ခြင်းတို့ဖြစ်ကြောင်းကို လေ့လာသိရှိရသည်။

အမျိုးသား စာကြည့်တိုက်များ၏ နောက်ခံသမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် ၁၈ ရာစုက စတင်ဖွင့်လှစ်ခဲ့သည့် ဘားနတ် အခလွတ် စာကြည့်တိုက် (Bernard Free Library) ဟုခေါ်သည့် စာစုကို အခြေပြု၍ တည်ထောင်ခဲ့သော စာကြည့်တိုက်မှ စခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းကို ယခုအမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း လသာမြို့နယ်တွင် ၁၈၈၃ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

လွတ်လပ်ရေး ရပြီးနောက် ၁၉၅၂ ခုနှစ်တွင် ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနကို တည်ထောင်ခဲ့ပြီး ဘားနတ်အခလွတ် စာကြည့်တိုက်ကို အစိုးရက လွှဲပြောင်းရယူခဲ့ကာ ၁၉၅၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် နိုင်ငံတော် စာကြည့်တိုက်အမည်ဖြင့် ရန်ကုန်မြို့ ဂျူဗလီဟော၌ နိုင်ငံတော် စာကြည့်တိုက်၊ ပြတိုက်၊ အနုပညာခန်းမနှင့် သဘင်ရုံဟူ၍ ပူးပေါင်းဖွင့်လှစ်ခဲ့သည်။

ယခုဖွင့်လှစ်လိုက်သည့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) အနေဖြင့် စာကြည့်တိုက် ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ခြင်း၊ အမျိုးသားစာစုစာရင်းများ ပြုစုထုတ်ဝေခြင်း၊ ပြည်တွင်း၌ ထုတ်ဝေသော စာအုပ်များတွင် Cataloguing in Publication (CIP) ထည့်သွင်းခြင်း၊ စာကြည့်တိုက်များရှိ စာစုများအား ပြန်လည်ပြုပြင်ပေးခြင်း၊ စုဆောင်းထားသည့် စာစုများကို Book Scanner ဖြင့် Digitalization ပြုလုပ်ပြီး e-books များကို Online ဖြင့် ဖတ်ရှုနိုင်ရန်နှင့်ရှာဖွေနိုင်ရန် ဆောင်ရွက်ခြင်း၊ စာပေါင်းစုကတ်တလောက်ပြုစုနိုင်ရေးဆောင်ရွက်ခြင်း၊ microfilms များကို microfilms Readers များဖြင့် စာဖတ်သူများအား ဝန်ဆောင်မှုပေးခြင်း၊ အထိမ်းအမှတ်ရက်များ၊ နေ့ထူးနေ့မြတ်များတွင် ပြပွဲ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများနှင့် စကားရည်လုပွဲများ ပြုလုပ်ခြင်း၊ စာကြည့်တိုက်အသုံးပြုမှု ရင်းနှီးကျွမ်းဝင်စေရေး၊ စာဖတ်ရိုန်မြင့်မားရေးတို့အတွက် အခြေခံပညာကျောင်းများသို့ သွားရောက်၍ ပညာပေးဟောပြောခြင်း၊ စာအုပ်ပြပွဲများ စီစဉ်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ စာကြည့်တိုက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပြည်တွင်းတွင် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရက်တိုသင်တန်းများ ဖွင့်လှစ်ခြင်း စသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ဦးဝင်းဇော်
မိုးကြယ်စင်
ဆောက်လုပ်ရေးကုမ္ပဏီ

ဆိုရအံ့သော် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံတွင် ကိုယ်ပိုင် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာတို့ ကိုယ်စီကိုယ်င ရှိကြသကဲ့သို့ နိုင်ငံ့ဂုဏ်သရေ၏ ပြယုဂ်ဖြစ်သည့် စာပေ၊ အနုပညာကဏ္ဍ မြင့်မားတိုးတက်ရေးသည်လည်း များစွာ အရေးပါသည်ဖြစ်ပါသည်။ ထို့အတွက် နိုင်ငံတကာနှင့် တန်းတူအဆင့်မီသည့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ဒုတိယအဆင့် ဖွင့်လှစ်ခြင်းအပေါ် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

# ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## ပြည်ထောင်စုလွှတ်တော်မှ

အလုပ်ရုံများဖြစ်သည့် ဂုန်နီစက်ရုံ၊ သကြားစက်၊ ချည်မျှင်နှင့် အထည်စက်ရုံ၊ သံမဏိစက်ရုံ၊ သစ်ဆိမ့်စိုက်ပျိုးရေးနှင့် ဆီစက်၊ သစ်စက်များ တည်ဆောက်ရာတွင် စက်ရုံအဆောက်အအုံနှင့် ကုန်ကြမ်းစိုက်ပျိုးရေးအတွက် မြေများသိမ်းဆည်းခဲ့သော်လည်း စက်ရုံများမှ အနည်းငယ်သာ စိုက်ပျိုးနိုင်ပြီး ကိုယ်တိုင်စိုက်ပျိုးနိုင်ခြင်းမရှိသည့်မြေများကို သီးစားချထားမည့်အစား တောင်သူများအား ပြန်လည်လွှဲပြောင်းပေးရန် လိုအပ်ပါကြောင်း။

ကော်မရှင်၏ တင်ပြချက်အပေါ် ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ကို အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက တာဝန်ယူ၍ မြေသိမ်းဆည်းခံရသူများ နစ်နာမှုမရှိစေရေးအတွက် ဖြေရှင်းဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ သို့ရာတွင် လွှတ်တော်က အတည်ပြုဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်များမှာ ပကတိအခြေအနေတွင် အောက်ခြေ၌ ခရီးမရောက်၊ အရာမထင်ဘဲ ထိရောက်သော ဖြေရှင်းပေးမှုများမရှိကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ကော်မရှင်အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ တိုင်ကြားစာပေါင်း ၂၆၈၉ စောင်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားစာပေါင်း ၆၅၅၉စောင်၊ တိုင်ကြားစာစုစုပေါင်း ၉၂၄၈ စောင် လွှဲပြောင်းပေးပို့ပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ သဝဏ်လွှာအရ ကာကွယ်ရေးဝန်ကြီးဌာနနှင့်စပ်လျဉ်းသည့် တိုင်ကြားစာပေါင်း ၅၈၃ စောင်ကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် စပ်လျဉ်းသည့် တိုင်ကြားစာပေါင်း ၂၉၉ စောင်ကို လည်းကောင်း တိုင်ကြားစာစုစုပေါင်း ၈၈၂ စောင် မြေဧကပေါင်း ၅၁၀၆၃၃ ဒသမ ၉၇၄ ဧက ဖြေရှင်းပြီးစီးခဲ့သည်ကို သိရှိရပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

လွှတ်တော်နာယကက ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေတွင် မပါရှိသော နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ကို ဖြည့်စွက်တင်သွင်းရန် လိုအပ်ခြင်း၊ လက်ရှိဖြစ်ပေါ်နေသော အငြင်းပွားမှုများ၊ အလုပ်သမားဆန္ဒပြမှုများ၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့၏ ဆုံးဖြတ်ချက်ကို လိုက်နာခြင်းမရှိခြင်းတို့ကြောင့် ဥပဒေစည်းနှောင်အား ပိုမိုကောင်းမွန်စေရန် ထိရောက်မှုရှိသော ပြစ်ဒဏ်များလိုအပ်ခြင်း စသည်တို့ကြောင့် ပြင်ဆင်ရခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ ယင်းနောက် လွှတ်တော်နာယကက ယင်းဥပဒေကြမ်းအား သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် လွှတ်တော်၏သဘောထားတို့ကို ရယူ၍တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းတို့အား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လွှတ်တော်၏ သဘောထားကို ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်မှ

**ဆောင်ရွက်ပေးရန် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မိုးပွင့်စီမံချက်ဆိုသည်မှာ မွေးရာပါနိုင်ငံသားဖြစ်သော ပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာ ဆောင်ရွက်ပေးမှုများနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ယခင်ကထက် ပိုမိုလွယ်ကူစေသော ဖြေလျှော့နည်းများအသုံးပြု၍ တစ်နေရာတည်းတွင်စုစည်းပြီး နိုင်ငံတစ်ဝန်း ကွင်းဆင်း၍ ပွင့်လင်းမြင်သာစွာဖြင့် စနစ်သစ်အရ သတ်မှတ်နှုန်းထားအတိုင်း လျင်မြန်စွာ ဆောင်ရွက်ပေးမည်ဆိုသော အင်္ဂါ(၈)ရပ်နှင့် ပြည့်စုံအောင် ဆောင်ရွက်ပေးရမည့် အစီအမံတစ်ရပ်အဖြစ် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မိုးပွင့်စီမံချက်များကို ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ အဆင့်(၁)မှ အဆင့်(၆)အထိ အဆင့်ဆင့် ဆောင်ရွက်ပေးခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အိမ်ထောင်စုလူဦးရေစာရင်း စုစုပေါင်း ၅၀၉၃၁၃ စုနှင့် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၉၁၂၄၈၈ဦး စုစုပေါင်း ၃၆၃၃၁၂၆ ဦး ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

မိုးပွင့်စီမံချက် ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နောက်ဆက်တွဲရုံးလုပ်ငန်းမှတ်တမ်းများဆောင်ရွက်ရန်နှင့် ဌာန၏ အခြားဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုလည်း အရှိန်အဟုန်မပျက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် တစ်လတွင်သုံးရက် သတ်မှတ်ကွင်းဆင်းဆောင်ရွက်၍ ကျန်ရက်များတွင် မြို့နယ်ရုံးများ၌ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများလက်ခံသောလုပ်ငန်းဖြစ်သဖြင့် ပြည်သူ့လိုအပ်ချက်များ ပြည့်မီနိုင်စေရေးအတွက် မိုးပွင့်စီမံချက်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၏ **ကချင်တိုင်းရင်းသားလူမျိုးများအတွက် ၁၉၅၅ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ထုတ်ပြန်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် အထူးအမိန့်ပြန်တမ်းကို ပယ်ဖျက်ထားခြင်းရှိ/မရှိ၊ ပယ်ဖျက်ပြီးပါက မည်သည့်နေ့ရက်၊ လ၊ ခုနှစ်တွင် မည်သူကပယ်ဖျက်ခဲ့သည်ကို သိရှိလိုခြင်းနှင့်** ပတ်သက်၍ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ခန့်မှန်းလူဦးရေစာအုပ်၌ ကချင်နှင့် ဂျိန်းဖောကိုပေါင်း၍ ဂျိန်းဖောဟု ဖော်ပြခဲ့ခြင်းမှာ ကချင်ပြည်နယ်ဆိုင်ရာ အထောက်အထားများတွင် ဂျိန်းဖော(ခေါ်)ကချင်လူမျိုးများဟု ဖော်ပြထားပြီး ကချင်တို့၏မူလအမည်မှာ ဂျိန်းဖောဖြစ်သည်ဟုဆိုထားသည်ကို တွေ့ရှိရပါကြောင်း၊ ၁၉၆၇ ခုနှစ် စာပေဗိမာန်ပုံနှိပ်တိုက်မှ ထုတ်ဝေသော တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ (ကချင်)တွင် ဂျိန်းဖောကို ကချင်ဟုဖော်ပြထားသဖြင့် ၂၀၀၃ ခုနှစ် ခန့်မှန်းလူဦးရေစာအုပ်တွင် ကချင်နှင့်ဂျိန်းဖောကို ပေါင်း၍ ဂျိန်းဖောဟု ဖော်ပြခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရရှိပါကြောင်း။

၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ခံရာ၌ ၁၉၇၃ ခုနှစ်က ကောက်ယူရရှိခဲ့ပြီး မှတ်တမ်းတင်ထားသော လူမျိုး ၁၃၅ မျိုးနှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းတွင် ဆက်လက်အသုံးပြုထားသော ၎င်းစာရင်းကို အခြေခံဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးသို့ ကြိုတင်အသိပေး ပြောဆိုရှင်းလင်းမှုများလည်း အချိန်ယူဆောင်ရွက်ခဲ့ပြီးဖြစ်၍ ဖြေဆိုသူ၏ဖြေကြားချက်အတိုင်းသာ စာရင်းပြုစု ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ တင်သွင်းသည့် "ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် "မြန်မာ့လေကြောင်းဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုရာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုခဲ့သည်။

ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**



**ဒုတိယဝန်ကြီး ဦးမောင်မောင်သိမ်း ရှင်းလင်းဖြေကြားစဉ်။**

## အမျိုးသားလွှတ်တော်မှ

အဆင့်တိုးမြှင့် သတ်မှတ်ရာ၌ ကျောင်းသားဦးရေ ပြည့်မီခြင်း ရှိမရှိ ထည့်သွင်းစဉ်းစားပါကြောင်း၊ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်လိုအပ်ချက်များအပေါ် မူတည်၍ သတ်မှတ်ထားသည့် မူဝါဒများကို အထူးကိစ္စအဖြစ် ဖြေလျှော့ပြီး ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တင်ပြလာပါက ကျောင်းအဆင့်တိုးတန်းစီဇယားတွင် ထည့်သွင်းလျာထား ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း၏ **"အင်းတော်ကြီးဒေသ ဟဲပုကျေးရွာအုပ်စု၊ နတ်မောက္ခံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်သစ်အတွက် ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေမှ ဘတ်ဂျက်ချထားပေးပါရန်နှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ နတ်မောက္ခံအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ရှိ ဆောက်လုပ်လျက်ရှိသော SS2(5) ကျောင်းဆောင်သစ်၏ ကျန်ရှိနေသော(၅၀)ရာခိုင်နှုန်း အပြီးသတ်ရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သော ရန်ပုံငွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေခေါင်းစဉ်အောက်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

နတ်မောက္ခံ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ပဉ္စမတန်း ၆၉ ဦး၊ ဆဋ္ဌမတန်း ၆၁ ဦး၊ သတ္တမတန်း ၃၈ ဦး၊ အဋ္ဌမတန်း ၄၀ ဦး စုစုပေါင်း အလယ်တန်းအဆင့်သင်ကျောင်းသား ၂၀၈ ဦး ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ အခြေခံပညာအလယ်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တင်ပြလာပါက ကျောင်းအဆင့်တိုးတန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။



**ဒေါက်တာ မြတ်ဉာဏစိုး မေးမြန်းစဉ်။**

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှဦးဝင်းမောင်က **"ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်း"** ကို တင်သွင်းရာ အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦးက **"မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးသန်းဆွေ ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်သည်။ **(သတင်းစဉ်)**

## စာမျက်နှာ ၈ မှ

ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်ထောင်စုဝန်ကြီးဦးသန်းဌေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ NCCTမှ အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာ၊ ဒုတိယအဖွဲ့ခေါင်းဆောင်(၁) ဖဒိုစောကွယ်ထူးဝင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင်(၂) ဗိုလ်ချုပ်ဂွမ်မော်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

MPC မှ အကြီးတန်းအကြံပေး ဦးလှမောင်ရွှေက "ဆွေးနွေးမယ့်ရက်ကတော့ ၂၂ ရက်ကနေ ၂၆ ရက် ကြားထဲမှာ ဆွေးနွေးဖို့ သတ်မှတ်ထားပါတယ်။ ဆွေးနွေးတဲ့အပေါ်မှာ မူတည်ပြီး ရက်အတိုး အလျှော့ရှိနေမှာပါ။ မြန်မာငြိမ်းချမ်းရေးစင်တာ အကြံပေးအနေနဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ ဒီတစ်ခေါက်မှာ ပြီးသွားမယ်လို့ ကျွန်တော်ထင်ပါတယ်။ အခုကတော့ တစ်နှစ်လောက်အချိန်ယူပြီး ဆွေးနွေးလာတဲ့အတွက် တဖြည်းဖြည်း အချက်ပေါင်း ၁၀၀ ကျော်ကနေ အခုဆွေးနွေးပွဲမှာ အချက်(၅)ချက်လောက် အဓိကဆွေးနွေးဖို့ပဲ ကျန်ပါတယ်။ ဒါတွေကို ညှိလို့ရရင် လက်မှတ်ရေးထိုးဖို့အဆင့်၊ မူဘောင်ဆွေးနွေးပွဲကနေ ပါဝင်သင့် ပါဝင်ထိုက်တဲ့သူတွေပါတဲ့ နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲကို ရောက်သွားနိုင်ပါတယ်။ ဒီတွေ့ဆုံဆွေးနွေးပွဲကို ပြည်သူလူထုအားလုံးက ဝိုင်းဝန်းကူညီကြဖို့နဲ့ တွေ့ဆုံဆွေးနွေးပွဲတွေက ထွက်လာတဲ့ရလဒ်တွေကို အကောင်အထည်ဖော်ဖို့လိုပါတယ်။ ဒါတွေကို ပြည်သူလူထုက ဝိုင်းဝန်းပါဝင် ဆောင်ရွက်နိုင်မယ်ဆိုရင် အားလုံးလိုချင်တဲ့ ငြိမ်းချမ်းရေးကို ရမှာပါ" ဟု ပြောကြားသည်။ **(သတင်းစဉ်)**

## ❍ ကျောဖုံးမှ

စီးနင်းနိုင်ဖို့အတွက် လေယာဉ်အသစ်တွေ တိုးချဲ့ပေးနိုင်ဖို့ စီစဉ်နေပါတယ်။ အောက်တိုဘာ ၂၆ ရက်မှာ ကိုရီးယားနိုင်ငံ အင်ချွန်းနဲ့ ရန်ကုန်ကို တိုက်ရိုက်ပြေးဆွဲမှု စတင်မှာဖြစ်သလို ဂျပန်နဲ့လည်း တိုက်ရိုက်လေကြောင်းလိုင်း အစီအစဉ်ကို အောက်တိုဘာ လကုန်ပိုင်းမှာပဲ ဆက်လက်ပြေးဆွဲပေးမယ်" ဟု အမ်အေအိုင်လေကြောင်းလိုင်းမှ တာဝန်ရှိသူ မအေးမရသာက ပြောကြားသည်။

အမ်အေအိုင်မှ ရန်ကုန်-အင်ချွန်း ခရီးစဉ်များကို ကိုရီးယားလူမျိုး ကမ္ဘာလှည့်ခရီးသွားများနှင့် စီးပွားရေးလုပ်ကိုင်သူများအား အဓိကထားပို့ဆောင်ပေးရန် ရည်ရွယ်ထားပြီး Air Bus-320 လေယာဉ်များဖြင့် တစ်ပတ်လျှင် ငါးကြိမ်ခန့် ပျံသန်းပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယားနိုင်ငံမှ အမ်အေအိုင်၏ ဌာနေတာဝန်ခံ မစ္စတာ ဒန်နီကင်မ်က မြန်မာနိုင်ငံသည် ကိုရီးယားနိုင်ငံသားများ စိတ်ဝင်တစားသွားရောက်လည်ပတ်သည့် ခရီးသွားနိုင်ငံတစ်ခု မဟုတ်သေးသော်လည်း မြန်မာနိုင်ငံမှာ သဘာဝသယံဇာတများနှင့် ဘုရားကျောင်းကန်များ အများကြီးရှိပါကြောင်း၊ ထို့ကြောင့် လာရောက်လည်ပတ်လိုသူ ခရီးသွားတွေ များပြားလာမည်ဟုပြောကြားကြောင်း ကိုရီးယားသတင်းစာတစ်စောင်တွင် ဖော်ပြထားသည်။

အမ်အေအိုင်မှ ကိုရီးယားနိုင်ငံ အမျိုးသားလေကြောင်းလိုင်း Korean Air နှင့်လည်း သဘောတူညီမှု စာချုပ်များရေးထိုးထားပြီး လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံသို့ စီးပွားရေးနှင့် အခြားလေ့လာစရာများကြောင့် ခရီးသွားများ ပိုမိုဝင်ရောက်လာဖွယ်ရှိကြောင်း သိရသည်။

အမ်အေအိုင်လေကြောင်းလိုင်းကို ၁၉၉၃ခုနှစ်တွင် စတင်တည်ထောင်ထားပြီး တစ်ခုတည်းသော အမျိုးသားလေကြောင်းလိုင်း ဖြစ်ကာ လက်ရှိတွင် အပြည်ပြည်ဆိုင်ရာခရီးစဉ် ခုနစ်ခုဖြစ်သော ရန်ကုန်-စင်ကာပူ၊ ရန်ကုန်- ကွာလာလမ်ပူ၊ ရန်ကုန်-ဗန်ကောက်၊ ရန်ကုန်-ဂါယာ၊ ရန်ကုန်- ကွမ်ကျိုး၊ ရန်ကုန်-ဆီယမ်ရိ(ပ်)၊ ရန်ကုန်- ဖနွမ်းပင် ခရီးစဉ်များကို ခရီးသည် ၁၇၅ ဦးတင်ဆောင်နိုင်သည့် Air Bus-320 လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိပြီး ထပ်မံ၍ ကိုရီးယားနှင့် ဂျပန်ခရီးစဉ်များကို တိုးချဲ့ရန်အတွက် စီစဉ်ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

**အမည်ဖြည့်စွက်ခေါ်ပါရန်**

ဦးအောင်သွင်၏သမီး ဟသ်ာတမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(B)မှ မသွင်သွင်ဉမ္မာ၏အမည်ကို မသွင်သွင်ဉမ္မာ(ခ) မသော်သော်အောင်ဟု ဖြည့်စွက်ခေါ်ပါရန်။

**မသွင်သွင်ဉမ္မာ(ခ)မသော်သော်အောင်**

**ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

မွန်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် ထပ်မံလိုအပ်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါသွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက်** - ၂၃-၉-၂၀၁၄ ရက် (အင်္ဂါနေ့)
(ခ) **တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ** - မြို့နယ်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သံဖြူဇရပ်မြို့
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၃-၁၀-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၁၀ နာရီ
(င) **တင်ဒါဖွင့်မည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ဖုန်း-၀၅၇-၄၉၈၁၀၂၅

# ကဏ္ဍာအသီးသီးတွင် အစိမ်းရောင်စီးပွားရေးလုပ်ငန်းစဉ်များဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ စက်တင်ဘာ ၁၆ ရက်မှ ၁၈ ရက် အထိကျင်းပသည့် (၁၁)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် အာဆီယံ-တရုတ် ပတ်ဝန်းကျင် ပူးပေါင်းထိန်းသိမ်းရေးဖိုရမ် ၂၀၁၄ သို့ တက်ရောက်ခဲ့သည်။



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် (၁၁)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် အာဆီယံ-တရုတ် ပတ်ဝန်းကျင်ပူးပေါင်းထိန်းသိမ်းရေးဖိုရမ် ၂၀၁၄ ၌ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီးသည် အာဆီယံ-တရုတ်ပတ်ဝန်းကျင် ပူးပေါင်းထိန်းသိမ်းရေးဖိုရမ် ၂၀၁၄ ၌ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အာဆီယံနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှကိုယ်စားလှယ်များက ဂေဟစနစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် အစိမ်းရောင်စီးပွားရေး အသွင်ကူးပြောင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်ရေရှည်တည်တံ့စေသည့် မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ပတ်ဝန်းကျင်သဟဇာတဖြစ်စေသည့် နည်းပညာများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ ကဏ္ဍာအလိုက် စုဖွဲ့ဆွေးနွေးကြကြောင်း သိရသည်။

ဒုတိယဝန်ကြီးက ကမ္ဘာ့နိုင်ငံအသီးသီး၏ ဘုံရည်မှန်းချက်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ကြောင်း၊ သဘာဝသယံဇာတများကို ရေရှည်တည်တံ့စေသော နည်းလမ်းများဖြင့် အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုကြရမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု အကျိုးဆက်အမျိုးမျိုးကို လျော့ပါးသက်သာစေရန် ရေရှည်တည်တံ့သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ၁၉၉၂ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့မြေထိပ်သီးညီလာခံများက စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်သည့် ရာသီဥတုပြောင်းလဲမှု၊ သဲကန္တာရဖြစ်ထွန်းမှု၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာမှု၊ လေထု၊ ရေထု၊ မြေဆီလွှာညစ်ညမ်းမှု၊ သောက်သုံးရေရှားပါးမှု၊ ဆင်းရဲနွမ်းပါးမှုစသည့် ကိစ္စရပ်များသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်း၍ရသည့်ပြဿနာများမဟုတ်ဘဲ နိုင်ငံအားလုံး ညီညွတ်စွာ ပူးပေါင်းလက်တွဲဖြေရှင်းကြရမည့် ကိစ္စရပ်များဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးသဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ကာ ပြန်လည်ပေးဆပ်ကြရသည့် အသက်၊ အိုးအိမ်၊ စည်းစိမ် ပမာဏသည် မခန့်မှန်းနိုင်လောက်အောင်ပင် တန်ဖိုးကြီးလှကြောင်း၊ အတုယူစရာဖြစ်ရပ်များလည်း များစွာရှိကြောင်း၊ ထို့ကြောင့် စီးပွားရေးသက်သက်ဖွံ့ဖြိုးတိုးတက်ရုံသာမက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း သဟဇာတမျှတစွာ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းမွန်သော မဟာဗျူဟာများဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကဏ္ဍာအသီးသီးတွင် အစိမ်းရောင်စီးပွားရေးလုပ်ငန်းစဉ်များဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောများသည် သစ်နှင့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးကို ထောက်ပံ့ပေးရုံသာမက ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေပြီး ဂေဟစနစ်ဝန်ဆောင်မှုအမျိုးမျိုးကို အထောက်အပံ့ပြုပေးနေသောကြောင့် သစ်တောများ၏အခန်းကဏ္ဍာကို အထူးအလေးပေးရန်လိုအပ်ကြောင်း၊ ယခုဖိုရမ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပတ်ဝန်းကျင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၈ ရက်က ဒုတိယဝန်ကြီးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ နန်နင်းမြို့ရှိ ဂျီယမ်နမ် စွန့်ပစ်ရေသန့်စင်စက်ရုံနှင့် နန်နင်းအမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း ခရီးသွားလာမှု အဆင်ပြေချောမွေ့တော့မည်

**မိုးညှင်း စက်တင်ဘာ ၂၂**

ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ပြည်သူများသည် ခရီးသွားလာမှုနှင့်ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများအတွက် မြန်မာ့မီးရထားကို အဓိကမှီခိုအားထားနေရသဖြင့်ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက ပြည်ပချေးငွေများရယူပြီး မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း ခရီးသွားလာမှုခေတ်မီလုံခြုံစိတ်ချအဆင်ပြေချောမွေ့ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

“ဒီလမ်းပိုင်းနှင့်တွဲဆိုင်းတွေ အဆင့်မြှင့်တင်ပေးဖို့ လွှတ်တော်မှာမေးမြန်းဆွေးနွေးခဲ့ပါတယ်” ဟု ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောကြားသည်။ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ကလည်း “အခုဆိုရင် ရထားလမ်းပိုင်းနဲ့ ခေတ်မီတွဲဆိုင်းတွေကို ပြည်ပချေးငွေနဲ့ ဆောင်ရွက်တော့မှာဖြစ်လို့ ပြည်သူတွေကလည်း ကျေးဇူးတင်ဝမ်းမြောက်ကြမှာပါ”ဟု ပြောကြားသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း အန္တရာယ်ကင်းရှင်းပြီး တွဲချော်ခြင်း၊ ခုန်ဆောင့်ခြင်း၊ လူးလွန့်ခြင်းများ လျော့နည်းကင်းစင်ကာ ခေတ်မီလုံခြုံကောင်းမွန်သည့်တွဲဆိုင်းအသစ်များဖြင့် ဝန်ဆောင်မှုတိုးမြှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ မြန်မာ့မီးရထားဌာနတွင် လူစီးတွဲ ၁၃၃၅ တွဲရှိသည့်အနက် သက်တမ်းလွန်လူစီးတွဲ ၄၀၄ တွဲကို ဖြည့်တင်းနိုင်ရန် ကိုရီးယားသမ္မတနိုင်ငံ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) မှ အမေရိကန်ဒေါ်လာ ၄၅ သန်း ချေးယူကာ လေအေးစက်ပါ အထက်တန်းလူစီးတွဲ ၂၀၊ လေအေးစက်မပါအထက်တန်းလူစီးတွဲ ၂၀နှင့် ရိုးရိုးတန်းလူစီးတွဲ ၆၀ တို့ကို ပြည်ပနိုင်ငံမှ ဝယ်ယူဖြည့်ဆည်းဆောင်ရွက်သွားမည်ဟု သိရသည်။

အဆိုပါတွဲသစ်များရရှိလာပါက ရန်ကုန်- မန္တလေးလမ်းပိုင်း၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းများတွင် ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးလမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

နေပြည်တော် စက်တင်ဘာ ၂၂

**နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြည်စံအောင်ကျေးရွာ သိုက်ချောင်းလမ်းဆုံအနီး ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် စက်တင်ဘာ ၂၂ ရက် ညနေ ၄ နာရီခန့်က ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။**

ဖြစ်စဉ်မှာ နေပြည်တော် ပျဉ်းမနား ဘောဂသီရိကားဝင်းနေ ယာဉ်မောင်းခင်ဇော် (၄၃နှစ်) မောင်းနှင်လာသည့် တပ်ကုန်း-ပျဉ်းမနား တော်ဝင်ခရီးသည်ယာဉ် ၁စ/.... ပျဉ်းမနားဘက်မှ တပ်ကုန်းဘက်သို့ ဦးတည်မောင်းနှင်လာစဉ် နေပြည်တော်ဇမ္ဗူသီရိမြို့နယ် ပြန်က ပြေးကျေးရွာနေ ယာဉ်မောင်းဇော်မင်း (၃၀နှစ်) မောင်းနှင်လာသော ဒိုင်နာယာဉ် ၈c/.... နှင့် သိုက်ချောင်းလမ်းဆုံအနီး မိုင်တိုင် ၂၅၉/၅ နှင့် ၂၅၉/၆ ကြားတွင် မျက်နှာချင်းဆိုင် တိုက်မိကြခြင်းဖြစ်ကြောင်း **(အောက်ပုံ)** ရဲတပ်ဖွဲ့ဝင်တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

မျက်မြင် တွေ့ရှိသူအချို့နှင့် ရဲတပ်ဖွဲ့တာဝန်ရှိသူများ၏ ပြောကြားချက်အရ တပ်ကုန်းဘက်မှ ပျဉ်းမနားဘက်သို့ ဦးတည်မောင်းနှင်လာသည့် ဒိုင်နာယာဉ် ၈c/.... သည် ယာဉ်မောင်းအပါအဝင် လူလေးဦးတင်ဆောင်လာကြောင်း၊ ၎င်းလေးဦးအနက် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရကြောင်း၊ အဆိုပါ ယာဉ်နှစ်စီးသည် အရှိန်လွန်မောင်းနှင်ကြရာမှ လမ်းလယ်တွင် ယခုကဲ့သို့ မျက်နှာချင်းဆိုင် တိုက်မိကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒိုင်နာယာဉ်မှာ ရှေ့ခေါင်းတစ်ခြမ်းလုံး ပျက်စီးသွားပြီး တော်ဝင်ခရီးသည်ယာဉ်မှာ ခေါင်းပိုင်းဘယ်ဘက်ခြမ်းအချို့ ပျက်စီးသွားခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကို တာဝန်ရှိသူများက နီးစပ်ရာ ဆေးရုံများသို့ ပို့ဆောင်ပေးထားကြောင်း၊ သေဆုံးသူမှာ မည်သူမည်ဝါဖြစ်သည်ကို အတည်မပြုရသေးကြောင်း ၎င်းရဲတပ်ဖွဲ့တာဝန်ရှိသူများ၏ပြောကြားချက်အရ သိရသည်။

တော်ဝင်ခရီးသည် ယာဉ်ပေါ်တွင်လိုက်ပါသည့် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲနေ အသက် (၅၇နှစ်) အရွယ်ရှိ ဒေါ်ညိုညိုသန်းက "နေပြည်တော်ပျဉ်းမနား စီးပွားရေးဘဏ်ကို အမျိုးသားရဲ့ ပင်စင်သွားထုတ်ပြီး အပြန်မှာ အခုလိုဖြစ်ရပ်ကြုံတွေ့တာပါ။ လမ်းမှာလည်း ပင်ပန်းတော့ အိပ်ငိုက်နေတာ၊ "ဂျိန်း" ဆိုတဲ့အသံကြီး ကြားရလိုက်တော့မှ လန့်နိုးလာတာ။ လက်မှာလည်း ဒဏ်ရာအနည်းငယ် ရပါတယ်။ အဲဒါနဲ့ တာဝန်ရှိသူတွေက ဆေးရုံကို လိုက်ပို့ပေးခဲ့ပါတယ်" ဟု ၎င်းကြုံတွေ့ရမှုနှင့်ပတ်သက်ပြီး မြန်မာ့အလင်းသို့ ပြောကြားသည်။

အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်ပြီး ဒုရဲမှူးရဲလွင် (ယာဉ်မှုစစ်တာဝန်ခံ)နှင့် ယာဉ်မှုစစ်ရဲအုပ်သောင်းထိုက်ဦးတို့က ယာဉ်မောင်းသူများကို ရွှေတွင်းကုန်း ရဲစခန်းတွင် အမှုဖွင့်အရေးယူရန် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်**

**ဓာတ်ပုံ-မောင်လွင်(တပ်ကုန်း)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၉-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၃၅၀၀ |

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၈၀၀-၄၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၃၂၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၆၇၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၃၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၈၀၀-၆၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၉၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၈၆-၉၈၉ |
| ဥရောပ | တစ်ယူရို | ၁၃၃၅-၁၃၄၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀.၂-၃၂.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇-၃၁၂ |

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန်(ဇီယာအသစ်) | တစ်အိတ် | ၁၇၀၀၀-၁၇၃၀၀ |
| ပေါက်ကြွဲ (အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၃၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၅၀၀-၃၂၅၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၈၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၈၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၁၅၀-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၀၀-၁၇၂၅ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၂၇၅-၁၂၉၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၄၀၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၄၀၀-၂၅၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၁၀၀-၅၀၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ္တုတင်ပြသည်။

## သဲသောင်ပြင်ဘောလုံးလူရွေးပွဲ ကွာတားပွဲစဉ်များ ပြီးဆုံး

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်း ဖွဲ့စည်းရန် ကျင်းပသည့် လူရွေးပွဲ ကွာတားဖိုင်နယ် ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက သုဝဏ္ဏပန်းခြံကွင်း၌ ကျင်းပရာ လင်းစဒေါင်းအသင်းနှင့် Joker အသင်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

ဆီမီးပွဲစဉ်များကို စက်တင်ဘာ ၂၃ ရက် **(ယနေ့)** တွင် ကျင်းပမည်ဖြစ်ပြီး မလိခနှင့် UPT၊ လင်းစဒေါင်းနှင့် Joker တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

**ဖိုးသော်ဇင်**


## လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး











## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ကွင်းအမှတ်(၃၉၈/၆-က)၊ သီရိမင်္ဂလာလမ်းသွယ်(၁၆)၊ မြေအမှတ်(ဂ/၁၁)ဟု ခေါ်တွင်သော အကျယ်ပေ(၆၀×၅၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်ခင်မြမြစိုး ၁၂/အစန(နိုင်)၁၂၃၁၄၅ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်ဝင်းအောင် (လူမှုထူးချွန်)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၃)**
**B.A(Law), LL.B, D.B.L, D.I.L, D.M.L,**
**D.A.Psy, WIPO (101) SWITZERLAND**
**အမှတ်(၂၅)လမ်း၊ လမ်း(၁၃၀)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၂၀၈၉၈၁၊ ၀၉-၂၅၀၁၇၆၉၀၄၊ ၀၉-၅၁၉၉၃၉၃၊ ၀၉-၅၁၈၂၃၉၅၊ ၀၉-၅၀၈၄၁၆၁**
**E-mail: 009tinwinaung@acetopacademy.com**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၁၂၅၄၊ သရဖီ ၇ လမ်း၊ အကျယ်အဝန်းပေ(၂၆×၆၀) ဦးကျော်တင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်း ၁၂/ဗတထ(နိုင်)၀၁၅၂၈၂ ထံမှ ကျွန်ုပ်က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်**
**၉/မရတ(နိုင်)၀၈၃၆၇၇**
**အမှတ် ၉၊ ကျားကွက်သစ်လမ်း၊ တာမွေ၊ ရန်ကုန်၊**
**ဖုန်း-၀၉-၃၂၀၂၅၅၆၇**

## နိုင်ငံခြားရေးဝန်ကြီးဌာန
## အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း
## (Certificate Course in Basic Diplomatic Skills)
## သင်တန်းအမှတ်စဉ်(၃၄)အတွက်
# သင်တန်းသားခေါ်ယူခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန အငြိမ်းစားသံအမတ်ကြီးများနှင့် ဝါရင့်သံတမန်ကြီးများ၊ ကျွမ်းကျင်သူပညာရှင်များကိုယ်တိုင်ပို့ချမည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၃၄)ကို ၂၀၁၄ခုနှစ် နိုဝင်ဘာတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ နိုင်ငံတကာရေးရာကိစ္စများတွင် စိတ်ပါဝင်စားသူများ၊ နိုင်ငံတကာနှင့်ဆက်ဆံမှုရှိသည့် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီဒါရိုက်တာများ၊ ဝန်ထမ်းများ စာရင်းသွင်းတက်ရောက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ သင်တန်းတွင် သံတမန်ရေးရာ (Protocol) အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အစည်းအဝေးကျင်းပခြင်း (International Conferencing) သံတမန် စာပေးစာယူဆက်သွယ်မှု (Diplomatic Correspondence)၊ စေ့စပ်ပြောဆိုမှုနည်းလမ်းများ (Negotiating Techniques) စသည့် ဘာသာရပ်များကို အထူးပြုသင်ကြားပေးမည်ဖြစ်ပါသည်။

၁။ **တက်ရောက်နိုင်သူများ** - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူများ (စီးပွားရေးလုပ်ငန်းရှင်များအတွက် ပညာအရည်အချင်း ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပါမည်)

၂။ **သင်တန်းကာလ** - ရက်သတ္တ(၁၂)ပတ်

၃။ **သင်တန်းနေရာ** - 'မဟော်သဓာ'ခန်းမဆောင်၊ ပြည်လမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့

သင်တန်းလျှောက်လွှာများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာနတွင် စတင်လက်ခံနေပြီဖြစ်ပြီး၊ လျှောက်လွှာများကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ရက် နောက်ဆုံးထားလက်ခံပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းကြပါရန်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၂၂၁၅၃၁၊ ၂၂၁၅၃၇၊ ၂၂၂၀၂၈**
**သင်တန်းကြီးကြပ်မှုကော်မတီ**
**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမြဝင်း ၁၂/တမန(နိုင်)၀၉၁၇၅၀ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်နေသူ၏သား မောင်မင်းမင်းနိုင် ၁၂/တမန(နိုင်)၀၉၁၇၅၁ ကိုင်ဆောင်သူသည် မိဘတို့၏ ဆိုဆုံးမမှုကို လုံးဝနာခံမှုမရှိဘဲ မိဘဆွေမျိုးများနှင့် ညီအစ်ကိုမောင်နှမများ၏ဂုဏ်သိက္ခာကို ကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်ဦး LL.B (စဉ်-၁၂၀၁၆)**
**အထက်တန်းရှေ့နေ**
**အမှတ် ၄၊ အောင်ဇေယျာလမ်း၊**
**(၇)ရပ်ကွက်၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

# ကက်ပီတယ်ဝမ်းဖလား တတိယအဆင့်နွှဲရမယ့်အသင်းကြီးတွေ

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ စက်တင်ဘာ ၂၄ ရက်မှာ ကက်ပီတယ်ဝမ်းဖလားပွဲတွေက စောင့်ကြိုနေပြန်ပါတယ်။ ပရီမီယာလိဂ်ပွဲစဉ်တွေ နွှဲနေရတဲ့ အသင်းကြီးတွေလည်း ပွဲပန်းနေပေမယ့် အင်အားကုန်သုံးရမယ့်ပွဲတွေဖြစ်နေလို့ ပေါ့ဆလို့မရပါဘူး။ ဒါကြောင့် ချယ်လ်ဆီး၊ မန်စီးတီးတို့ရဲ့ စွမ်းဆောင်မှုတွေကို ဆက်လက်အကဲခတ်ရဦးမှာ ဖြစ်ပါတယ်။

**ချယ်လ်ဆီးနှင့် ဘော်လ်တန်**

ဒီနှစ်သင်းဆုံတွေ့မှုပေါင်း ၁၁၅ ပွဲမှာ ချယ်လ်ဆီးတို့က ၅၁ ပွဲနိုင်ပြီး ဘော်လ်တန်တို့က ၃၆ ပွဲနိုင်ကာ သရေ ၂၈ပွဲ ဖြစ်ထားပါတယ်။ လောလောဆယ်မှာတော့ ချယ်လ်ဆီးတို့ အိမ်ကွင်းမှာ ရှုံးပွဲမရှိပါဘူး။ အရန်လူတွေနဲ့ ပွဲထုတ်ဖို့ရှိနေတဲ့ ချယ်လ်ဆီးဟာ အစဉ်အလာအရ ဘော်လ်တန်ကို ဖိအားပေးနိုင်မယ့် ကစားသမားအင်အားနဲ့ ပွဲထွက်လာပါလိမ့်မယ်။ လက်ရှိအနေအထားမှာ ဘော်လ်တန်တို့ ပုံမှန်ခြေစွမ်းရနေပေမယ့် ချယ်လ်ဆီးကို ကျော်ဖြတ်ဖို့ ခဲယဉ်းပါလိမ့်မယ်။

**မန်စီးတီးနှင့် ရှက်ဖ်ဖီး**

ချန်ပီယံရှစ်ကလပ် ရှက်ဖ်ဖီးအတွက်တော့ ပွဲကျပ်ပါပဲ။ မန်စီးတီးဟာ နိုင်ပွဲလိုအပ်နေတာမို့ အိမ်ကွင်းမှာ အင်အားပြည့်နဲ့ ရှက်ဖ်ဖီးကို တွန်းအားပေးပါလိမ့်မယ်။ ရှက်ဖ်ဖီးကို အိမ်ကွင်းမှာ လက်ခံကစားတိုင်း နိုင်ပွဲတွေချည်းရယူခဲ့တဲ့အပြင် အင်အားတောင့်တင်းတဲ့ မန်စီးတီးကို ရှက်ဖ်ဖီးတို့ ဂိုးမပြတ်ရေးသာ ခုခံရမယ့်ပွဲပါပဲ။

**ပဲလေ့စ်နှင့် နယူးကာဆယ်**

နှစ်သင်းစလုံး ပုံမှန်ခြေစွမ်းရအောင်ကြိုးစားနေရတဲ့အသင်းတွေဖြစ်ပါတယ်။ အစဉ်အလာကိုကြည့်ရင် ပဲလေ့စ်ကွင်းမှာ ကစားတိုင်း နယူးကာဆယ်တို့ နိုင်ပွဲရတာများပါတယ်။ လောလောဆယ်ခြေစွမ်းပိုင်းကိုကြည့်ရင် နယူးကာဆယ်တို့ခြေတက်နေတာမို့ ပဲလေ့စ်တို့ အသေအချာ ပြင်ဆင်မှရပါလိမ့်မယ်။ ဒီပွဲမှာ အနိုင်အရှုံးဖန်တီးမှုဟာ နယူးကာဆယ်တို့အပေါ်မှာပဲ မူတည်ပါလိမ့်မယ်။

**ဘာတန်နှင့် ဘရိုက်တန်**

ချန်ပီယံရှစ်အသင်း ဘရိုက်တန်နဲ့လိဂ်-၂ အသင်း ဘာတန်တို့ ဆုံတွေ့တဲ့ပွဲကတော့ ကြည့်ကောင်းမယ့်ပွဲပါ။ အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို အကြိတ်အနယ်ကစားတတ်တဲ့ ဘာတန်ဟာ ရလဒ်ကောင်းအောင်လည်း ကြိုးစားနိုင်စွမ်းရှိပါတယ်။ ဘရိုက်တန်ဟာ ရလဒ်ဆိုးရွားနေတာမို့ မျှော်လင့်ချက်ထားလို့ မရပါဘူး။

**စပါးနှင့် နော်တင်ဟမ်**

ကြိုးစားအားထုတ်မှုတူညီတဲ့ အသင်းတွေဖြစ်တာမို့ အကြိတ်အနယ်ရှိမယ့်ပွဲ ဖြစ်ပါတယ်။ စပါးတို့က လူအင်အားစုဖွဲ့မှု ကောင်းမွန်နေပေမယ့် ချန်ပီယံရှစ်မှာခြေစွမ်းပြပြီး နိုင်ပွဲတွေရနေတဲ့ နော်တင်ဟမ်ကို အိမ်ကွင်းမှာ ထိန်းချုပ်ရခက်မှာပါ။ နော်တင်ဟမ်ရဲ့ ကြိုးစားအားထုတ်မှုကိုပဲ ဒီပွဲမှာ အသိအမှတ်ပြုရမယ့်အနေအထားပါပဲ။

# ချယ်လ်ဆီးအတွက် ဂိုးစံချိန်သွင်းခဲ့သူလမ်းပတ် မန်စီးတီးအတွက် ချေပဂိုးသွင်းယူ



မန်စီးတီးနှင့် ချယ်လ်ဆီးတို့ ကစားသည့် ယမန်နေ့ည ပရီမီယာလိဂ်ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။ ယင်းပွဲတွင် ချယ်လ်ဆီးသမိုင်းတစ်လျှောက် ဂိုးအများဆုံး စံချိန်တင်သွင်းယူခဲ့သည့် လမ်းပတ်က မန်စီးတီးအတွက် ပွဲချိန် ၈၅ မိနစ်တွင် ချေပဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးမသွင်းမီ ရှာရယ်လ်က ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ "လမ်းပတ်သွင်းယူခဲ့တဲ့ဂိုးကို ကျွန်တော်တို့ စိတ်မလှုပ်ရှားမိပါဘူး။ မန်စီးတီးကို သူရောက်သွားတဲ့ အချိန်ကစလို့ သူနဲ့ကျွန်တော်တို့ ချယ်လ်ဆီးအသင်းရဲ့ သံယောဇဉ်ဟာ ပြတ်သွားခဲ့ပါပြီ။ သူနဲ့ချယ်လ်ဆီး ဘာမှမဆိုင်တော့ပါဘူး"ဟု ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ဆိုသည်။

နွေရာသီက ချယ်လ်ဆီးအသင်းမှ ထွက်ခဲ့သည့် အင်္ဂလန်ကွင်းလယ်ကစားသမားဟောင်း လမ်းပတ်သည် လူစားအဖြစ်ဝင်ကစားပြီး ချေပဂိုးသွင်းယူခဲ့သည်။ "လမ်းပတ်က မန်စီးတီးကစားသမား"ဟု မော်ရင်ဟိုက ဆိုသည်။ လမ်းပတ်သည် ချယ်လ်ဆီးအသင်းတွင် ၂၀၀၁ မှ ၂၀၁၄ ခုနှစ်အတွင်း ပွဲပေါင်း ၆၄၈ ပွဲတွင် ၂၁၁ ဂိုး သွင်းယူပေးခဲ့သည်။

**ကောင်းမြတ်သူ-စုစည်းသည်**

# အလေးမ ကမ္ဘာ့စံချိန်သစ်တင်

တောင်ကိုရီးယားနိုင်ငံ အင်ချွန်း၌ကျင်းပလျက်ရှိသော အာရှအားကစားပြိုင်ပွဲ အမျိုးသားအလေးမပြိုင်ပွဲတွင် မြောက်ကိုရီးယားမှ အလေးမအားကစားသမား အွန်ယွန်ချောင်းသည် ၂၉၈ကီလိုမပြီး ကမ္ဘာ့စံချိန်ကို ကျော်ဖြတ်ကာ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။

၎င်းသည် လွန်ခဲ့သောနှစ်နှစ်က လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

၎င်းသည် ပြီးခဲ့သည့်နှစ်က ပိုလန်၌ ကျင်းပသော ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုကို ရရှိထားသူ ဖြစ်သည်။

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

## ဥရောပ လိဂ်ပွဲစဉ်နှင့် ဖလားပွဲစဉ်များ (သီဟ)

| | | | |
|---|---|---|---|
| **အင်္ဂလန်ကက်ပီတယ်ဝမ်းဖလား** | | | **စက်တင်ဘာ ၂၄** |
| MK ဒွန်း | - | ဘရက်ဖို့ဒ် | နံနက် ၁း၁၅ |
| ရှာရယ်ဘာရီ | - | နော့ဝှစ်ချ် | နံနက် ၁း၁၅ |
| လေတန်အောရိန့် | - | ရှက်ဖီးယူနိုက်တက် | နံနက် ၁း၁၅ |
| အာဆင်နယ် | - | ဆောက်သမ်တန် | နံနက် ၁း၁၅ |
| ကာဒစ် | - | ဘွန်းမောက် | နံနက် ၁း၁၅ |
| ဒါဘီကောင်တီ | - | ရီးဒင်း | နံနက် ၁း၁၅ |
| လီဗာပူး | - | မစ်ဒယ်ဘရော့ | နံနက် ၁း၁၅ |
| ဆန်းဒါးလန်း | - | စတုတ်စီးတီး | နံနက် ၁း၁၅ |
| ဆွမ်ဆီး | - | အဲဗာတန် | နံနက် ၁း၁၅ |
| ဖူလ်ဟမ် | - | ဒွန်ကတ်စတာ | နံနက် ၁း၃၀ |
| **ပြင်သစ်လီဂူး ပွဲစဉ်(၇)** | | | **စက်တင်ဘာ ၂၃/၂၄** |
| ရိမ်းစ် | - | မာဆေး | ည ၁၁း၃၀ |
| ရန်းနက်စ် | - | တူးလော့စ် | နံနက် ၁း၃၀ |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၅)** | | | **စက်တင်ဘာ ၂၄** |
| ဘိုင်ယန်မြူးနစ် | - | ပါဒါဘွန်း | နံနက် ၀၀း၃၀ |
| ဟော်ဖန်ဟိမ်း | - | ဖရိုင်းဘတ် | နံနက် ၀၀း၃၀ |
| ဝါဒါဘရီမင် | - | ရှော်လ်ကေး | နံနက် ၀၀း၃၀ |
| ဖရန့်ဖတ် | - | မိန့်ဇ် | နံနက် ၀၀း၃၀ |
| **အီတလီစီးရီးအေ ပွဲစဉ်(၄)** | | | **စက်တင်ဘာ ၂၄** |
| အမ်ပိုလီ | - | အေစီမီလန် | နံနက် ၁း၁၅ |
| **စပိန်လာလီဂါ ပွဲစဉ်(၅)** | | | **စက်တင်ဘာ ၂၄** |
| ရီးရဲမက်ဒရစ် | - | အယ်လ်ချီ | နံနက် ၀၀း၃၀ |
| ဆယ်လ်တာဗီဂို | - | ဒီပို့တီဗို | နံနက် ၂း၃၀ |

# ဘာစီလိုနာ ဂိုးပြတ်သွင်းယူ

စပိန်လာလီဂါ ပွဲစဉ်(၄)တွင် လီဗန်တေးနှင့် ဘာစီလိုနာတို့ကစားရာ၌ ဘာစီလိုနာက ငါးဂိုးပြတ်သွင်းယူခဲ့သည်။ အတွဲညီသည့် မက်ဆီနှင့်နေမာတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ဘာစီလိုနာအတွက် ပထမပိုင်း ၃၄မိနစ်တွင် နေမာက ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ၄၂မိနစ်တွင် လီဗန်တေးကစားသမား အဖျက်ကြမ်း၍ အနီကတ်ဖြင့် အထုတ်ခံခဲ့ရပြီး ဘာစီလိုနာတို့ ပယ်နယ်တီရရှိရာ မက်ဆီကန်သွင်းသော်လည်း လွဲချော်ခဲ့သည်။

ဘာစီလိုနာအတွက် ဒုတိယဂိုးကို ပထမပိုင်းပြီးခါနီး ၄၄မိနစ်တွင် ရာကီတစ်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဘာစီလိုနာအတွက် ဂိုးများကို ၅၇ မိနစ်တွင် ရာမီရက်ဇ်၊ ၆၄မိနစ်တွင် ပက်ဒရို နှင့် ၇၇မိနစ်တွင် မက်ဆီတို့က တစ်ဂိုးစီသွင်းယူပေးခဲ့သည်။


## ချန်ပီယံ ရတနာပုံအသင်း အား ချီးကျူး ဂုဏ်ပြုခြင်း


MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲကြီးတွင် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သော ရတနာပုံဘောလုံးအသင်းအား ချီးကျူးဂုဏ်ပြုအပ်ပါသည်။




ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ကလပ်အသင်းများ၊ တခဲနက် အားပေးခဲ့ကြသည့် ဘောလုံးချစ်ပရိသတ်များနှင့် ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသည့် စပွန်ဆာများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်

ကြော်ငြာ


MPT ဟာ ပြည်သူလူထုတစ်ရပ်လုံးအတွက် အကောင်းဆုံးဝန်ဆောင်မှုများကို
တစ်နိုင်ငံလုံးသို့ မြန်ကြက်ဖြည့်ဆည်းပေးနိုင်ပါတယ်။
www.mpt.com.mm | https://www.facebook.com/mptofficialpage
MPT
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ဥပဒေကြမ်း

# မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၆ ခုနှစ်၊ လ ရက်**
**(၂၀၁၄ ခုနှစ်၊ လ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို မျိုးစေ့ဥပဒကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။
၂။ မျိုးစေ့ဥပဒေ ပုဒ်မ ၂ တွင်-
(က) ပုဒ်မခွဲ င ၏ နောက်၌ပုဒ်မခွဲ (င-၁)နှင့် (င-၂)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"(င-၁) **မိဘမျိုးလိုင်း**ဆိုသည်မှာ မျိုးမွေးမြူထုတ်လုပ်ရန်အတွက် မိဘအဖြစ်အသုံးပြုသော မျိုးလိုင်းများကို ဆိုသည်။
(င-၂) **နှစ်ရှည်သီးနှံ** ဆိုသည်မှာ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားပြီး အပင်အမျိုးအစားအလိုက် နှစ်ကာလတစ်ခုတွင် အကျိုးအမြတ်ရရှိနိုင်မည့် သီးနှံကို ဆိုသည်။"
(ခ) ပုဒ်မခွဲ(ဈ)၌ ပါရှိသော "စီးပွားရေးအလို့ငှာ ဖြန့်ဖြူးခြင်း" ဆိုသည့် စကားရပ်၏ ရှေ့တွင် "ပြည်ပသို့ တင်ပို့၍ဖြစ်စေ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။
(ဂ) ပုဒ်မခွဲ (ည)၌ ပါရှိသော "သတ်မှတ်သောအလေးချိန်" ဆိုသည့် စကားရပ်၏ရှေ့တွင် "သီးနှံအမျိုးအစားအလိုက်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။
၃။ မျိုးစေ့ဥပဒေတွင် ပါရှိသော "မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း" ဆိုသည့် စကားရပ်များကို "စိုက်ပျိုးရေးဦးစီးဌာန"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ဦးဆောင်ညွှန်ကြားရေးမှူး" ဆိုသည့်စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။
၄။ မျိုးစေ့ဥပဒေ ပုဒ်မ ၅ တွင် ပုဒ်မခွဲ(ဆ)၏ နောက်၌ ပုဒ်မခွဲ(ဇ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်၍ မူလဥပဒေပါ ပုဒ်မခွဲ(ဇ)ကို ပုဒ်မခွဲ(ဈ) အဖြစ် အမှတ်စဉ် ပြောင်းလဲရေတွက်ရမည်-
"(ဇ) မှတ်ပုံတင်လက်မှတ်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေတို့ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊"
၅။ မျိုးစေ့ ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)တွင် "စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်" ဆိုသည့်စကားရပ်ကို "စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မျိုးစေ့ဌာနခွဲ)"ဟူသောစကားရပ်ဖြင့် အစားထိုးရမည်။
၆။ မျိုးစေ့ဥပဒေတွင် ပုဒ်မ ၈၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-
"၈ (က) အသိအမှတ်ပြုလက်မှတ်ရရှိရန် ရည်ရွယ်သော အပင်မျိုးသစ်ကို စမ်းသပ်စိုက်ပျိုးရန် ပြည်တွင်းသို့ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် အပင်မျိုးသစ်တင်သွင်းခွင့်အတွက် ထောက်ခံချက်ရရှိရန် မျိုးစေ့နမူနာနှင့်တကွ အချက်အလက်အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ အမျိုးသားမျိုးစေ့ကော်မတီသို့ လျှောက်ထားရမည်။
(ခ) အမျိုးသားမျိုးစေ့ကော်မတီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီအား သတ်မှတ်ချက်များနှင့်အညီ စိစစ်စေပြီး အပင်မျိုးသစ်ကို ပြည်တွင်းသို့ တင်သွင်းခွင့်အတွက် ထောက်ခံချက်ထုတ်ပေးနိုင်သည်။"
၉။ (က) အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်းသို့မဟုတ် ပြည်တွင်းသို့တင်သွင်းခြင်း ပြုလုပ်လိုသူသည် မိမိထုတ်လုပ်လိုသည့် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းလိုသည့် အပင်မျိုးသစ်အတွက် အသိအမှတ်ပြုလက်မှတ်ရရှိရန် အပင်မျိုးသစ်၏ မျိုးစေ့နမူနာနှင့်တကွ အချက်အလက်အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ အမျိုးသားမျိုးစေ့ကော်မတီသို့တင်ပြ၍ လျှောက်ထားရမည်။
(ခ) အမျိုးသားမျိုးစေ့ကော်မတီသည် ပုဒ်မ ၉(က)အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စမ်းသပ်စိုက်ပျိုးပြီး စိစစ်တင်ပြရန် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီသို့ တာဝန်ပေးအပ်ရမည်။ စပ်မျိုးမိဘမျိုးလိုင်းနှင့် နှစ်ရှည်သီးနှံမျိုးသစ်များကို စမ်းသပ်စိုက်ပျိုးခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။
၁၀။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည်-
(က) အပင်မျိုးသစ်ကို မျိုးနှင့်သင့်လျော်ပြီး ရာသီဥတုကွဲပြားခြားနားသည့် ဒေသသုံးခု၌ အနည်းဆုံးတစ်ရာသီ စမ်းသပ်စိုက်ပျိုး၍ အောက်ပါအချက်များပေါ်တွင် အခြေခံပြီးအပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သင့် မသင့် စိစစ်ရမည်-
(၁) ပြည်တွင်း၌ စိုက်ပျိုးပါက ကောင်းမွန်စွာဖြစ်ထွန်းနိုင်ခြင်း ရှိ မရှိ၊
(၂) စမ်းသပ်စိုက်ပျိုးသော အပင်မျိုးသစ်သည် လက်ရှိအပင်မျိုးထက် သာလွန်ကောင်းမွန်သောအချက်များရှိ မရှိနှင့် ထူးခြားသည့်အရည်အသွေး ရှိ မရှိ၊
(၃) အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်နိုင်ခြင်း ရှိ မရှိ၊
(ခ) ပုဒ်မခွဲ(က)အရ စိစစ်တွေ့ရှိသည့် အပင်မျိုးသစ်ကိုလည်းကောင်း၊ မိဘမျိုးလိုင်းနှင့် နှစ်ရှည်သီးနှံများအတွက် မျိုးနှင့်သက်ဆိုင်သည့် အရည်အသွေးလက္ခဏာများ၊ သတင်းအချက်အလက်များကို ပြည့်စုံစွာပြုစုထားသည့် မှတ်တမ်းများကို လည်းကောင်းစိစစ်၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက်နှင့်အတူ အမျိုးသား မျိုးစေ့ကော်မတီသို့ တင်ပြရမည်။
၇။ မျိုးစေ့ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)တွင်ပါရှိသော "ထောက်ခံ" ဆိုသည့်စကားရပ်ကို "သဘောထားမှတ်ချက်နှင့်အတူ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး "ထုတ်လုပ်ရန် သို့မဟုတ် ပြည်တွင်းသို့တင်သွင်းရန် လျှောက်ထားသော" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။
၈။ မျိုးစေ့ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)တွင်ပါရှိသော "မျိုးစေ့ အမျိုးအစား"ဆိုသည့်စကားရပ်ကို "သီးနှံအမျိုးအစား" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
၉။ မျိုးစေ့ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် စ၌ ဖော်ပြသော စကားရပ်တစ်ခုလုံးအား ပယ်ဖျက်၍ "မျိုးစေ့အရည်အသွေးထောက်ခံချက်" ဟူသောစကားရပ်ဖြင့် အစားထိုးဖော်ပြရမည်။
၁၀။ မျိုးစေ့ဥပဒေပုဒ်မ ၂၈ တွင် "ကျပ်နှစ်သိန်း"ဆိုသည့်စကားရပ်အစား "ကျပ်တစ်ဆယ်သိန်း"ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။
၁၁။ မျိုးစေ့ဥပဒေပုဒ်မ ၂၉တွင်"ကျပ်တစ်သိန်း"ဆိုသည့်စကားရပ်အစား "ကျပ်တစ်ဆယ်သိန်း" ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။
၁၂။ မျိုးစေ့ဥပဒေပုဒ်မ ၃၀တွင်-
(က) ပုဒ်မခွဲ(က)၌ပါရှိသော "ဖြန့်ဖြူးရောင်းချခြင်း" ဆိုသည့် စကားရပ်၏ရှေ့တွင် "စီးပွားရေးအလို့ငှာ မဟုတ်သော" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။
(ခ) ပုဒ်မခွဲ(ခ)တွင် မျိုးပွားခြင်းမဟုတ်ဘဲဆိုသည့်စကားရပ်၏ နောက်တွင် "သီးနှံစေ့"ဟူသည့်စကားရပ်ကို ထပ်မံဖြည့်စွက်ဖော်ပြရမည်။
၁၃။ မျိုးစေ့ဥပဒေပုဒ်မ ၃၂ တွင်ပါရှိသော "မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသော တောင်သူလယ်သမားနှင့် မျိုးစေ့သုတေသနပြုလုပ်သူ" ဆိုသည့် စကားရပ်ရှေ့၌ "စီးပွားရေးအလို့ငှာမဟုတ်သည့်"ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။
၁၄။ မျိုးစေ့ဥပဒေတွင် ပုဒ်မ ၃၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-
"၃၃။ စိုက်ပျိုးရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်နှင့် အခြားထိခိုက်ပျက်စီးမှုများကြောင့် သီးနှံပြန်လည်စိုက်ပျိုးရန် မျိုးလိုအပ်ချက်ဖြစ်ပေါ်လာပါက မျိုးအဖြစ် အသုံးပြုသင့်သည့် သီးနှံစေ့များကို စိုက်ပျိုးခွင့်ပြုနိုင်သည်။"
၁၅။ မျိုးစေ့ဥပဒေပုဒ်မ ၃၄ တွင် "အစိုးရဌာန"ဟူသောစကားရပ်၏ နောက် တွင် "များ"ဟူသော စကားရပ်ကိုဖြည့်စွက်၍ "အဖွဲ့အစည်းတစ်ခုခု" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။
၁၆။ မျိုးစေ့ဥပဒေ ပုဒ်မ ၃၇ တွင် ပြည်တွင်းသို့တင်သွင်းလိုသူဆိုသည့် စကားရပ်နောက်တွင် "သို့မဟုတ် ပြည်ပသို့တင်ပို့လိုသူ" ဟူ သောစကားရပ်ကို ဖြည့်စွက်ရမည်။
၁၇။ မျိုးစေ့ဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ(က)နှင့်(ခ)အား ပယ်ဖျက်၍ ပုဒ်မခွဲ(က)အဖြစ် "အမျိုးသားမျိုးစေ့ကော်မတီနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ ရုံးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ရမည်" ဟု အစားထိုးဖော်ပြရမည်။
၁၈။ မူလမျိုးစေ့ဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ(ဂ)အား ပုဒ်မခွဲ(ခ)အဖြစ် ပြောင်းလဲရေတွက်ပြီး ပုဒ်မခွဲ(ခ)တွင် "လုပ်ငန်းအဖွဲ့ခွဲများ"ဆိုသည့် စကားရပ်ကို "ကော်မတီခွဲများ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

## မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံတွင် အလှူဒါနပြုလုပ်

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးချမ်းမြသာစည်မြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံမှ စီမံ၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ (ကုသရေး)ပါမောက္ခဒေါက်တာဦးမိတ် ဇနီး ဒေါ်မြသန်းရှိန် ပါရမီဆေးတိုက် မိသားစုတို့က ဒေါက်တာဦးမိတ်၏ (၇၅) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူဒါနပြုလုပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၀နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဇီဝိတဒါန ဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး အလှူရှင်မိသားစုက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ဦးစန္ဒာသီရိက ဩဝါဒနှင့် ရေစက်ချတရားချီးမြှင့်သည်။

ဒေါက်တာဦးမိတ် မိသားစု၏ အလှူဒါနမှာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး တစ်နေ့တာဆွမ်းအလှူငွေကျပ် သုံးသိန်း၊ ဆေးပဒေသာပင် ငွေကျပ် တစ်သိန်း၊ အောင်မြင်ထီးလင်းတိုက် ဓမ္မဃောသ(ပါရမီရှင်) ကျောင်းရေမီးအတွက် ငွေကျပ်တစ်သိန်း၊ သံဃာငါးပါးနဝကမ္မ ငွေကျပ်နှစ်သိန်းခွဲ၊ စာချဆရာတော်နှစ်ပါး ငွေကျပ်နှစ်သောင်း၊ သီလရှင်လေးပါး ငွေကျပ်နှစ်သောင်း၊ သက်န်းငါးစုံ ငွေကျပ် လေးသောင်းငါးထောင်၊ မဟာအောင်မြေမြို့နယ် စာရေးဆရာ အသင်းသက်ကြီးရွယ်အိုများအတွက် ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ကိုးသိန်းသုံးသောင်းငါးထောင်ဖြစ်ပြီး အလှူငွေကို ဇီဝိတဒါနသံဃာ့ဆေးရုံမှ တာဝန်ရှိသူက လက်ခံယူခဲ့ကြောင်းသိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**


### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၁၊ မြေကွက်အမှတ် ၂၉၉၆+၂၉၉၇ (အလျားပေ ၉၀×အနံပေ ၆၀) ဦးမြင့်ထွေး အမည်ပေါက် မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလှရွှေ ၁၂/မဂတ(ပြု)၀၀၀၀၀၂ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်အေးရီ**
**၉/အမဇ(နိုင်)၀၀၀၂၂၆**
**အမှတ် ၅၈၊ ပြည်လုံးချမ်းသာရပ်ကွက်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉-၅၁၈၇၅၈၇**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ အဝေရာလမ်း၊ အမှတ် ၁၂၇၇+၁၂၇၈ (အလျားပေ ၈၀×အနံပေ ၆၀) ဂီတာသာစိန်(ခ) ဦးသာစိန် အမည်ပေါက်မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဟုန်ကွယ်ချင် ၁၃/လရန(နိုင်)၁၁၈၇၂၅ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခင်မာအေး ၁၂/တမန(နိုင်)၀၇၉၅၂၄**
**အမှတ် ၁၁၁၉(က)၊ ကျန်စစ်သားလမ်း၊ (၇၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၅၁၈၃၄၄၅**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ် ၃၇၉ (အလျားပေ ၄၀×အနံပေ၆၀) ဒေါ်မြင့်မြင့်အေး အမည်ပေါက် မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းမြင့် ၁၂/ဒဂတ(နိုင်)၀၈၀၆၄၀ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးရွှေဌေး ၁၂/လမတ(နိုင်)၀၀၂၃၇၉**
**အမှတ် က/၁၈၊ ကံ့ကော် ၃ လမ်း၊ (၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၄၆၄၉၄**

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ မြေကွက်အမှတ်(၇၅၀/က)၊ မြေကွက်တည်နေရာအမှတ်(၇၅၀/က)၊ အောင်မေတ္တာလမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ခင်အေးမူ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်အေးမူ(ဇနီး) ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးတင်ဝင်း ၁၂/သကတ(နိုင်) ၀၇၄၂၈၀မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၀၊ မြေကွက်အမှတ် ၁၅၅၃၊ မြေကွက်တည်နေရာအမှတ် ၁၅၅၃၊ (၁၅၀) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးဟန်ဝင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဟန်ဝင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဦးစောလှိုင် ၁၂/လကန(နိုင်)၀၈၇၄၆၁မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ-၂)၊ မြေကွက်အမှတ်(၃)၊ မြေကွက်တည်နေရာအမှတ်(၃)၊ စိန်ပန်းမြိုင်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ရှိ ဦးဝင်းမော် ၁၂/အစန(နိုင်)၁၇၁၆၇၇ အမည်ပေါက် နှစ်၆၀ ဂရန်မြေကွက်အား လှိုင်သာယာမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၈/၂၀၁၄ အရောင်းမှတ်ပုံတင်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု၏ ၁၇-၃-၂၀၁၄ရက်စွဲပါ စီရင်ချက်နှင့် တရားမဇာရီမှုအမှတ် ၂၄/၁၄ဖြင့် ဘိလစ်ခန့်အပ်သည့် ၂၅-၇-၂၀၁၄ရက်စွဲပါ အမိန့်စာတို့တင်ပြ၍ တရားရှုံး ဦးဝင်းမော်ကိုယ်စား တရားရုံး ဘိလစ် ဒေါ်နော်အောင်သိန်းကြွယ် ၁၂/လသယ(နိုင်)၀၀၂၃၂၂မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၁၁၇/ခ၊ မြေကွက်တည်နေရာအမှတ် ၁၁၇/ခ၊ အမည်ပေါက် ဦးကျော်ရွှေ မြေအမျိုးအစား ပါမစ်မြေအား ဦးကျော်ကျော်ဦး ၁၂/ရကန(နိုင်) ၀၃၆၅၉၀မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ၂၀၊ မြေကွက် ၁/က^၁၊ ဧရိယာ ၀ဒသမ ၇၀၇၈ဧက နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်မြင့်မြင့်ကြည်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင် အရောင်းအဝယ်စာချုပ်(၅၁၁၁/၂၀၁၄) တင်ပြ၍ ဒေါ်နန်းရွှင်ရှင်း(ခ)နန်းရီ ၁၃/နမတ(နိုင်) ၀၂၄၆၇၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်း-၃၄အိုင်^၁၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ မြေကွက်-၄၈B၊ ဧရိယာ ၀ဒသမ ၀၇၅ဧက နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်ခင်ဌေးမြင့်၊ ဒေါ်ခင်ဌေးဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင် စွန့်လွှတ်ခြင်းစာချုပ် (၄၇၆၇/၂၀၁၄)တင်ပြ၍ ဒေါ်ခင်ဌေး ၁၂/လကန(နိုင်)၁၂၀၈၀၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

**၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)**

**၁၃၇၆ ခုနှစ်၊   လ၊   ရက်**

**(၂၀၁၄ ခုနှစ်   လ၊   ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ [ The Requisitioning (Emergency Provisions) Act, 1947]ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**



နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ် တာဝန်ခံ ဦးသန်းဌွေး၏ ဦးဆောင်မှုဖြင့် သပြေကုန်းရွာဦး ဘုန်းတော်ကြီးကျောင်းရှိ နှစ်ပေါင်း ၁၂၀ ကျော် သက်တမ်းရှိသည့် ရွှေမျဉ်းသုံးကျမ်း၊ ကြံဆစ် လေးကျမ်း၊ ပုရပိုက်အနက် ခုနစ်ဆူကို အနုပညာ ဦးစီးဌာန အမျိုးသားစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းစဉ်။

မင်းမင်းလတ်(ရုပ်ဗေဒ)

# မိတ္ထီလာမြို့သစ်မြေများနှင့် ကားလမ်းဘေးဝဲယာမြေများ အရောင်းအဝယ်ဖြစ်နေ

**မိတ္ထီလာ စက်တင်ဘာ ၂၂**

မိတ္ထီလာမြို့ပေါ်တွင် လူဦးရေ တစ်သိန်းကျော်နေထိုင်သည့် မိတ္ထီလာမြို့တွင်း မြို့လယ် DAWN TOWN ဧရိယာများဖြစ်သော မြို့မ(၄)ရပ်ကွက်တွင် ပါဝင်သည့် လင်းဇင်း၊ ဆိုင်းတန်း၊ မင်းရပ်၊ ပန်းထိမ်တန်းရပ်ကွက်ရှိ အိမ်ခြေတိုက်တာ အဆောက်အအုံ အပါအဝင် ယခင်က သိန်း ၅၀၀ မှ သိန်း ၁၀၀၀ အတွင်းသာ အရောင်းအဝယ်ဖြစ်ခဲ့သည်။သို့သော် မိတ္ထီလာမြို့တွင် ၂၀၁၁ ခုနှစ်ကစ၍ ပုဂ္ဂလိကဘဏ်များ အပြိုင်အဆိုင်ဖွင့်လာခဲ့ရာ မိတ္ထီလာမြို့တွင်း မြေဈေးကွက်မှာ အဆမတန်တက်ခဲ့သည်။ ပုဂ္ဂလိကဘဏ်များက မြေနှင့် အဆောက်အအုံ အပါအဝင် အဆမတန်ဈေးမြင့်ပေး၍ ငွေကျပ် သိန်း ၅၀၀၀ မှ ၇၀၀၀အထိ ဈေးတက်ပေး၍ ဝယ်ယူခဲ့ရာ မိတ္ထီလာမြို့တွင်းတွင် မြေဈေးကွက်အဆမတန် တက်သွားခဲ့သည်။ ပုဂ္ဂလိကဘဏ်များက တန်ရာတန်ကြေးထက် ဈေးအဆမတန်ပေး၍ မြေကွက်နှင့် တိုက်တာ အဆောက်အအုံများ ဝယ်ယူခဲ့၍ မြေဈေးကွက်ပျက်ကာ မြေဈေးကြီးလာခဲ့သော်လည်း ဝယ်သူမရှိဘဲဖြစ်လာခဲ့သည်။ မြေဈေးတက်လာသည်နှင့်အမျှ အိမ်ငှားတိုက်ငှားဈေးသည်လည်းမြင့်တက်လာခဲ့သည်။ အိမ်ငှားတိုက်ငှားခဈေးကြီးလာပြီး တစ်လငွေကျပ် တစ်သိန်းမှ တစ်သိန်းခွဲ၊ နှစ်သိန်းအထိ ဈေးမြင့်တက်လာခဲ့သည်။ တိုက်ခန်းများကိုလည်း အနည်းဆုံးတစ်နှစ်မှ သုံးနှစ်အထိ စာချုပ်ချုပ်ဆိုငှားရမ်းလာကြသည်။



ယခုအခါ မိတ္ထီလာမြို့ပေါ်ရပ်ကွက်များတွင် အရောင်းအဝယ်မဖြစ်ဘဲ တိုးချဲ့မြို့ကွက်သစ်များတွင် အရောင်းအဝယ်ဖြစ်နေသည်။ မိတ္ထီလာမြို့တွင် ၁၉၉၁ ခုနှစ်က ဝန်ထမ်းအိမ်ရာအတွက် ဝန်ထမ်းများကို မိတ္ထီလာ-ပင်းတလဲသွားကားလမ်းနှင့် မြင်းခြံသွားကားလမ်းဘေးတွင် ပြည်ထောင်စု တိုးချဲ့မြို့ကွက်သစ်ဖော်ထုတ်ပြီး ဝန်ထမ်းများကိုပေ(၇၀× ၅၀)အကွက်များ ရိုက်၍ မြေတစ်ကွက်လျှင် ငွေကျပ် ၃၀၀၀၊ ၂၀၀၀နှင့် ၁၅၀၀ တန် မြေကွက် ၃၀၀၀ ကျော်ဖော်ထုတ်ပေးခဲ့သည်။ ထိုမြေကွက်များမှာ ၂၃ နှစ်သာကြာပြီး မြေကွက်အဖြစ် သတ်မှတ်ပေးထားသော်လည်း လူနေသူမရှိဘဲ ကွင်းပြင်ကြီးသာဖြစ်နေသည်။ ထိုကွင်းပြင်ရှိမြေကွက်များကို မန္တလေးရှိ စီးပွားရေးလုပ်ငန်းများနှင့် ဒေသခံငွေရှင်ကြေးရှင်များက ၃၀၀၀ တန်မြေကွက်ကိုငွေကျပ် သိန်း ၃၀၊ ၂၀၀၀ တန်မြေကွက်ကို သိန်း ၂၀နှင့် ၁၅၀၀ တန်မြေကွက်ကို ၁၀ သိန်းဖြင့် ဝယ်ယူနေကြသည်။ ပြည်ထောင်စု တိုးချဲ့မြို့သစ်(ခ)ဆိတ်ငိုကုန်း မြေကွက်များမှာ ယခုရက်ပိုင်းတွင် အရောင်းအဝယ်များ ဖြစ်နေသည်။ ထိုမြေကွက်များကို မြေကွက်ဖော်ထုတ်ပြီး လမ်းများဖောက်လုပ်ပေးပါက ယခုထက်ပိုမို၍ အရောင်းအဝယ်ဖြစ်လာမည်ဖြစ်သည်။

မိတ္ထီလာ-မန္တလေး လမ်းအထွက်တွင် ၁၉၉၁ ခုနှစ်က မီးဘေးသင့်ခံ နေအိမ်မရှိသူများအတွက် ပြည်သာယာတောင်ပိုင်းနှင့် ပြည်သာယာမြောက်ပိုင်းဟူ၍ မြေကွက်များရိုက်၍ မြို့သစ်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ထိုပြည်သာယာ၊ မြို့သစ် မြေကွက်များမှာလည်း အရောင်းအဝယ်ဖြစ်နေသည်။ ပြည်သာယာတောင်ပိုင်းမြေကွက်များမှာ ငွေကျပ် သိန်း ၁၀၀ ကျော်မှ ၂၀၀ အတွင်းရှိနေပြီး ကားလမ်းဘေးမြေကွက်များမှာ ငွေကျပ် သိန်း ၁၀၀၀ ကျော်အထိ ဈေးပေါက်နေသည်။ မန္တလေးလမ်းအထွက်မှာပင် ဝါသုတေသနတိုးချဲ့ရပ်ကွက်အဖြစ် ပေ (၇၀×၅၀) အကွက်ပေါင်း ၇၀၀ ကျော်ရိုက်ပေးခဲ့သည်။ ထိုမြေကွက်များမှာလည်း မြေတစ်ကွက်လျှင် ငွေကျပ် သိန်း ၁၅၀ မှ ၂၀၀ အထိ ဈေးပေါက်နေသည်။ မန္တလေးလမ်းအထွက် ကားလမ်း၏ ညာဘက်ဘေးတွင် ဇောင်ချမ်းကုန်းတိုးချဲ့မြို့သစ်အဖြစ် ပေ (၄၀×၆၀) ရှိ မြေကွက် ၂၀၀ကျော် မြို့သစ်အဖြစ် အကွက်ရိုက် ဖော်ထုတ်ပေးခဲ့သည်။ ထိုဇောင်ချမ်းကုန်း မြို့သစ်မြေကွက်များမှာလည်း ငွေကျပ် သိန်း ၄၀ မှ သိန်း ၅၀ အထိ အရောင်းအဝယ်ဖြစ်နေပြီး ကားလမ်းဘေးမြေကွက်များမှာ ငွေကျပ် သိန်း၁၀၀ကျော်အထိ အရောင်းအဝယ်ဖြစ်နေသည်။ ထိုပြည်သာယာ၊ ဝါသုတေသနတိုးချဲ့မြေနှင့် ဇောင်ချမ်းကုန်းတိုးချဲ့ရပ်ကွက်များမှာ ရေမီးပြည့်စုံသဖြင့် ဝယ်ယူလိုသူများပြီး ရောင်းသူနည်းနေသည်။ ဝယ်ယူသူရှိနေပြီး ရောင်းသူမရှိဘဲဖြစ်နေသည်။

မိတ္ထီလာမြို့ ကားလမ်း(၅)လမ်းဆုံ ဝဲယာလယ်မြေယာမြေများကို ရန်ကုန်၊ မန္တလေးနှင့် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များက မြေဈေးအဆမတန်ပေး၍ ဝယ်ယူကြကာ ခါတ်ဆီဆိုင်၊ စားသောက်ဆိုင်၊ ခြံလုပ်ငန်းများ လုပ်ကိုင်နေကြသည်။ ထိုနည်းတူစွာ မြို့သစ် မြေကွက်များကိုလည်း လုပ်ငန်းရှင်များက ရန်ကုန်၊ မန္တလေးထက် မြေဈေးသက်သာ၍ ဝယ်ယူစုဆောင်းထားကာ နောင်တစ်ချိန် မြေဈေးတက်လာသည်နှင့်ပြန်ရောင်းစားရန် ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။ ဤကဲ့သို့ ကားလမ်းဘေးဝဲယာရှိ လယ်မြေယာမြေများကို စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ငွေရှင်ကြေးရှင်များ၊ ခရိုနီများ၊ ကုန်သည်ပွဲစားများက မတန်တဆဈေးပေး၍ ဝယ်ယူနေကြရာ လယ်ယာမြေများဆုံးရှုံးပြီး စိုက်ပျိုးဧကနည်းကာ သီးနှံအထွက်နှုန်းလျော့လာမည်ကို ပြည်သူများက စိုးရိမ်ပူပန်နေကြသည်။

မည်သို့ပင်ဖြစ်စေ မိတ္ထီလာမြို့ မြေဈေးကွက်မှာ မြို့တွင်းတွင် အရောင်းအဝယ် အေးစက်နေပြီး ကြိုက်ရောင်းကြိုက်ဝယ် ဈေးပေါက်နေချိန်တွင် မြို့ပြင်ကားလမ်းဘေး ဝဲယာများနှင့် မြို့သစ်မြေကွက်များမှာ အရောင်းအဝယ်ဖြစ်သည်ကို တွေ့ရသည်။

မိတ္ထီလာမြို့တွင် ကန်မြေ၊ လမ်းမြေ၊ ယာမြေ ကျူးကျော်နေထိုင်သူများ ရှိနေပြီး လခစားဝန်ထမ်းများနှင့် လူလတ်တန်းစားအများစုမှာ အိမ်ငှားဘဝဖြင့် နေထိုင်ကြရသဖြင့် နိုင်ငံတော်က ၄င်းတို့အတွက် မြေကွက်သစ်ဖော်ထုတ်၍ တန်ဖိုးနည်း အိမ်ရာများ ဆောက်ပေးရန် လိုလားနေကြသည်။ **တင်လှိုင်(မိတ္ထီလာ)**


## သီဟ(၇၆) ဗိုလ်သင်တန်းဆင်းသူငယ်ချင်းများသို့

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၆) သင်တန်းဆင်းသူငယ်ချင်းများ၏ (၂၆)နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံစုပေါင်း အလှူဒါနပြုလုပ်ခြင်းကို ယခင်နှစ်အတိုင်း ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးတွင် ၂၈-၉-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီ နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်ကြီး ကိုးပါးအား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုများ မပျက်မကွက်ကြွရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| ဗိုလ်မှူးစိုးနိုင်(ငြိမ်း) | (နေပြည်တော်) | ဖုန်း-၀၉-၅၁၀၆၂၇၅ |
| ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း) | (နေပြည်တော်) | ဖုန်း-၀၉-၄၂၀၇၀၂၀၂၀ |
| ဗိုလ်မှူးမျိုးဝင်း(ငြိမ်း) | (ရန်ကုန်) | ဖုန်း-၀၉-၅၀၂၄၁၄၈ |
| ဗိုလ်ကြီးအေးမြင့်(ငြိမ်း) | (ရန်ကုန်) | ဖုန်း-၀၉-၄၃၀၃၁၇၅၅ |
| ဗိုလ်ကြီးမြင့်စိုး(ငြိမ်း) | (မန္တလေး) | ဖုန်း-၀၉-၉၁၀၁၃၃၀၅ |

## သစ်လုံးခွဲမည်

Band Saw သစ်စက်ကြီးဖြင့် သစ်လုံးခွဲစိတ်ခြင်း၊ သစ်ပေါင်းဖိုများဖြင့် အခြောက်ခံခြင်း၊ အဆင့်မြင့်သစ်အချောထည်များ ထုတ်လုပ်ပေးခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်ရှာဖွေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးပါမည်။

**ဖုန်း-၀၉-၅၁၀၇၈၃၂၊ ၀၉-၈၆၃၅၇၆၆၊ ၀၉-၅၁၀၇၈၃၀၊ ၀၉-၅၁၀၇၈၂၃**


## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ)၊ မြေကွက်အမှတ် ၁၆၈၊ မြေကွက်တည်နေရာအမှတ်(၁၆၈)၊ အောင်သပြေလမ်း၊ ပုလဲ၊ မင်္ဂလာဒုံမြို့နယ်၊ (၁) ဦးမောင်ညွန့် ၁၂/ဒဂန(နိုင်)၀၀၈၄၂၀၊ (၂) ဦးစိုးလွင် ၁၂/စခန(နိုင်)၀၁၆၅၄၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်နှစ်ဦးအနက် ဦးမောင်ညွန့်(ကွယ်လွန်)၊ ၄င်း၏ဇနီး(ကွယ်လွန်)သဖြင့် သမီးဖြစ်သူ ဒေါ်မြင့်မြင့်မော် ၁၂/မဂဒ(နိုင်)၁၂၈၅၈၂နှင့် ပူးတွဲအမည်ပေါက် ဦးစိုးလွင်ကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာ(၁၆၀၃၀/၃-၉-၂၀၁၃)ရရှိထားသူ ဦးဇော်မင်းသူ ၁၂/ဥကမ(နိုင်)၁၆၁၁၀၅တို့က သေစာရင်း၊ တစ်ဦးတည်းသောသမီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ အထူးကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာရှိ တိုက်အမှတ်(၂၁)၊ အခန်းအမှတ်(၁၀၆)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်မင်း (PBDN-၀၀၄၁၁၉) ၁၂/ပဘတ(နိုင်)၀၀၅၂၄၈သည် တိုက်ခန်းတက်ရောက်နေထိုင်ခွင့် (A/O)ပျက်စီးပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်-၆၉၇/က၊ မြေကွက်တည်နေရာအမှတ်-၆၉၇/က၊ မဟာဗန္ဓုလလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလ ဦးခင်ထွန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်ထွန်း ၁၂/ဒလန(နိုင်)၀၂၆၇၅၃ (၁၈-၂-၂၀၁၁)ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်း ၁၂/ဒလန(နိုင်)၀၁၁၃၆၅မှ (၂၇-၈-၂၀၁၂)ရက်စွဲပါ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစောကြည် ၁၃/နခန(နိုင်)၀၀၁၀၉၂ မှ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၁)၊ မြေကွက်အမှတ် ၁၀၈၀၊ မြေကွက်တည်နေရာအမှတ် ၁၀၈၀၊ (၁၂၁)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် (ဦးမြဟန်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြဟန်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးမြဝင်း ၁၂/ဥကမ(နိုင်)၁၁၇၈၇၅မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၈၅၇၊ မြေကွက်တည်နေရာအမှတ် ၈၅၇၊ မန္တလေးလမ်းသွယ်၊ (ဃ/၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် မဝင်းဝင်းရှိန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ရွှေပြည်သာမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၆၄/၂၀၁၄ စီရင်ချက်နှင့်ဒီကရီ တရားမဇာရီမှုအမှတ်(၄၄/၂၀၁၄)တို့တင်ပြ၍ ဘီလစ် ဒေါ်ငုဝါ ၁၂/လမန(နိုင်)၀၂၉၆၃၃မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈/၁)၊ မြေကွက်အမှတ်(၁၇၅/ခ)၊ မြေအမည်ပေါက် ဦးတင်ထွန်း ၁၂/စခန(နိုင်)၀၄၈၄၆၀ထံမှ မြေကွက်ဝယ်ယူထားသူ ဒေါ်ချိုချိုလွင် ၁၂/တမန(နိုင်)၁၀၀၂၈၆ က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၆၈/၁)၊ မြေကွက်အမှတ် ၁၇၅/က မြေအမည်ပေါက် ဦးမောင်လှ ၁၂/သကတ(နိုင်)၁၆၂၀၇၁ထံမှ မြေကွက်ဝယ်ယူထားသူ ဒေါ်ချိုချိုလွင် ၁၂/တမန(နိုင်)၁၀၀၂၈၆မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# မိုင်းကိုင်မြို့နယ် အုပ်ချုပ်ရေးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**မိုင်းကိုင် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ် မြို့နယ်အုပ်ချုပ်ရေးဖလား မိုးရာသီဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂၀ ရက်အထိ အသင်းပေါင်း ၁၀ သင်းဖြင့် မိုင်းကိုင်မြို့မ အားကစားဘောလုံးကွင်းတွင် ကျင်းပခဲ့သည်။

ဗိုလ်လုပွဲကို စက်တင်ဘာ ၂၀ ရက်က ကျင်းပရာ အမှတ်(၄)ရပ်ကွက် ဘောလုံးအသင်းနှင့် ဝန်ထမ်းပေါင်းစုံ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အမှတ်(၄)ရပ်ကွက် ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။

**ချီးမြှင့်ခဲ့**

ထို့နောက်ဆုများကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ခဲ့ကြသည်။ ဘောလုံးပြိုင်ပွဲ ဒုတိယဆုရရှိသွားသော ဝန်ထမ်းပေါင်းစုံ ဘောလုံးအသင်းကို မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်မြေမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်က ဆုနှင့် ဆုတံဆိပ်များချီးမြှင့်ပြီး ဘောလုံးပြိုင်ပွဲ ပထမဆု ဗိုလ်စွဲသွားသော အမှတ်(၄)ရပ်ကွက် ဘောလုံးအသင်းကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးက ဆု၊ ဆုတံဆိပ်များနှင့် ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီဘောလုံးပြိုင်ပွဲ ဆုဖလားကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**



# လောက်ကိုင်မြို့၌ ဒုတိယအကြိမ် အရန်သားဖွားသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**လောက်ကိုင် စက်တင်ဘာ ၂၂**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ဒုတိယအကြိမ် အရန်သားဖွားသင်တန်းဖွင့်ပွဲအခမ်းအနားကို လောက်ကိုင်မြို့ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံရှိ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၇ ရက်က ကျင်းပရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ AMDA နှင့် HPA (နယ်စည်းမခြားကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းအဖွဲ့)မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် သင်တန်းသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးမြီရှောက်ချန်းက ကိုးကန့်ဘာသာဖြင့် အမှာစကားပြောကြားပြီး အတွင်းရေးမှူး(ခရိုင်အုပ်ချုပ်ရေးမှူး) ဦးကျော်ဆွေက မြန်မာဘာသာဖြင့် အမှာစကား ပြောကြားသည်။

ထို့နောက် လောက်ကိုင်ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇင်ကိုကိုအောင်က အရန်သားဖွားသင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားရာတွင် လောက်ကိုင်ခရိုင်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အထူးကုဆရာဝန်များရှိသော ခုတင် ၅၀ ဆံ့ ခရိုင်အဆင့် ပြည်သူ့ဆေးရုံတစ်ရုံ ၊ မြို့နယ်ဆေးရုံတစ်ရုံ၊ အသစ်ဖွင့်လှစ်ပြီးဖြစ်သော တာရွှေထန်ကျေးရွာရှိ တိုက်နယ်ဆေးရုံအပါအဝင် တိုက်နယ်ဆေးရုံသုံးရုံ၊ ကျေးလက် ကျန်းမာရေးဌာနနှစ်ခု၊ အသစ်ခွင့်ပြုပေးသော ကျေးလက်ကျန်းမာရေးဌာနခွဲ လေးခုအပါအဝင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၂ ခု၊ ကုန်းကြမ်းမြို့နယ်၌လည်း ဆုန်ကန်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတစ်ခုနှင့် ဌာနခွဲလေးခုတို့ကို တိုးချဲ့ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်း၊ ဆရာဝန် ဆရာမများ၊ ကျန်းမာရေး ဝန်ထမ်းများမှအလှမ်းဝေးပြီး မရောက်နိုင်သော ကျေးရွာများရှိ တိုင်းရင်းသူများကိုလည်း ယခုလို အရန်သားဖွားသင်တန်းဖွင့်လှစ်သင်ကြားပေးကာ ကျန်းမာရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ကျန်းမာရေးဌာန AMDA နှင့် HPA (နယ်စည်းမခြားကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းအဖွဲ့)တို့မှ ပူးပေါင်းဆောင်ရွက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဒေသခံတိုင်းရင်းသူ ၂၅ ဦးမှ သင်တန်းတက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ခရီးသည်တင်ယာဉ်များ ယာဉ်စည်းကမ်းလိုက်နာနိုင်ရေး ရှောင်တခင်စစ်ဆေး

**တမူး စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့မှ ကလေး၊ ကလေးဝ၊ မုံရွာ၊ မန္တလေး၊ ရန်ကုန်မြို့များသို့ ပြေးဆွဲနေသည့် ခရီးသည်တင်ဆောင်သည့် ရဲဝင့်အောင်၊ ရွှေကဘော်၊ ရွှေစကား၊ ရွှေမင်းသား၊ ရွှေလွင်ပြင်၊ ကဘော်ရွှေပြည်၊ တင့်တိုင်းအောင်၊ ထွန်းတောက်စသောယာဉ်များကို ခရီးသည်များ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်စည်းကမ်းလိုက်နာမှု ရှိ/မရှိတို့ကို တမူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်း၍ စက်တင်ဘာ ၁၈ ရက်က ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးရှေ့တွင် ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တမူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအေးမင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလျှန်ခန့်တွောင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်ဝင်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဇော်မျိုးအောင်၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးမှ ရဲအုပ် ဇော်မင်းထွန်းတို့ ပူးပေါင်းပါဝင်သော အဖွဲ့များသည် တမူး-ကလေးသွားလိုင်းတို မော်တော်ယာဉ်များနှင့် ရန်ကုန်-မန္တလေး-မုံရွာ အဝေးပြေးခရီးသည်တင်ယာဉ်များကို ရှောင်တခင်စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၁၅၈)**

# ကြိုးဝိုင်းတောများအတွင်း တရားမဝင်သစ်များဖမ်းဆီးရမိ

**သာယာဝတီ စက်တင်ဘာ ၂၂**

သာယာဝတီခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်း ဦးဆောင်၍ လက်ပံတန်းမြို့နယ် ဦးစီးအရာရှိ ဦးမြင့်သိန်းဦး၊ မင်းလှမြို့နယ် ဦးစီးအရာရှိ ဦးခင်မောင်မြင့်နှင့် ခရိုင်သစ်တောဝန်ထမ်းများဖြင့် မင်းလှကြိုးဝိုင်း၊ မုက္ခာကြိုးဝိုင်း၊ ကဒင်ဘီးလင်းကြိုးဝိုင်းတို့၌လည်းကောင်း၊ ပတ်ဝန်းကျင်သားငှက်ထိန်းသိမ်းရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးစန်းဝင်းခေါင်းဆောင်သော ဝန်ထမ်းများနှင့် ပူးပေါင်း၍ မြောက်ဇာမရီဆင်ဘေးမဲ့တောအတွင်းလည်းကောင်း စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ တရားမဝင် သစ်ရှာဖွေဖမ်းဆီးခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ကျွန်းသစ်အလုံး ၃၀၊ (၆ ဒသမ ၄၁၂၀ တန်)၊ ကျွန်းခွဲသား ၁၂၅ ချောင်း ၃ ဒသမ ၅၆၉၄ တန်၊ ကျွန်းတိုင် နှစ်လုံး ၀ ဒသမ ၂၉၄၀ တန်နှင့် အခြားခွဲသား ၃၈ ချောင်း ၄ ဒသမ ၉၅၀၆ တန်တို့ကို ချိန်းဆော နှစ်လက်၊ ဆိုင်ကယ် နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **သက်ထက်**




ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ဖျာပုံ)ရုံးသစ်အား အုန်းပင်ကျေးရွာ၊ ဖျာပုံတံတားအနီး၊ ဒေးဒရဲမြို့နယ်တွင် အောက်ပါအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးပင်မအဆောက်အအုံ ပေ(၈၀×၄၀)ရေမီး၊ ဆေးအပါအဝင် ၁ ရုံး
(ခ) ပေ ၃၆၀ အနက် အဝီစိတွင်း ၁ တွင်း
(ဂ) ဂါလန် ၃၀၀၀ဆံ့ သောက်ရေကန်နှင့် ပေ(၆×၃×၃)ရေစက်ရုံအပါအဝင် ၁ ခု

၂။ ဆောက်လုပ်မည့်ကုမ္ပဏီများသည် ကုမ္ပဏီမှသတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့် ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန်ဖြစ်သည်။
၃။ တင်ဒါတင်သွင်းသည့်ကုမ္ပဏီအနေဖြင့် မှတ်ပုံတင်ရန်နှင့် Profile တင်ပြရမည်။
၄။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၂၃-၉-၂၀၁၄ ရက်မှစ၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံး (ပုသိမ်) ကင်မလင်းကျွန်းလမ်း၊ အဝေးပြေးဂိတ်အနီး၊ ပုသိမ်မြို့ စတင်၍ရောင်းချမည်ဖြစ်ပြီး ၇-၁၀-၂၀၁၄ရက် ညနေ ၁၆း၀၀နာရီအထိ နောက်ဆုံးထား တင်သွင်းလက်ခံပေးမည်ဖြစ်ပါသည်။
၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံး(ပုသိမ်) ဖုန်း-၀၄၂-၂၄၅၁၃၊ ၀၄၂-၂၉၁၉၀၊ ၀၉-၅၂၀၀၁၁၃တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၇)၊ ဦးပိုင်အမှတ်(၄၄)၊ မဥ္ဇူလမ်းနှင့် ခတ္တာလမ်း၊ ၅၄×၅၅ လမ်းရှိ ဒေါ်မြမော် အမည်ဖြင့် မီးလောင်မြေပြန်လည်ချထားပေးသော မြေကွက်အား ဦးနိုင်အောင်လင်း ၉/တကန(နိုင်)၁၃၂၄၀၀ နှင့် ဒေါ်မေဖြူဦး ၉/တတဥ(နိုင်)၀၈၂၅၄၃တို့မှ မီးလောင်မြေ ပြန်လည်ချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် (လမ်း/ရေပေးရေး)လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ဟားခါးမြို့၊ ပြည်နယ်စည်ပင်သာယာရေးရုံးတွင် ၂၃-၉-၂၀၁၄ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၂၄-၁၀-၂၀၁၄ ရက် ၁၆း၀၀ နာရီအတွင်း နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၂၃၉၇၊ ၀၇၀-၂၁၃၂၅၊ ၀၇၀-၂၁၃၂၂၊ ၀၉-၄၀၀၃၀၈၀၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ်(၂)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Toyota Landcruiser (၁)စီး
(ခ) Toyota Vigo (၁)စီး

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၂၉-၉-၂၀၁၄ ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။ ၁၈-၁၀-၂၀၁၄ ရက် ၉း၀၀ နာရီတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တင်ဒါဖွင့်ပွဲဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကရင်ပြည်နယ်အစိုးရအဖွဲ့**
**ဖုန်း-၀၅၈-၂၁၂၃၃**

မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
ကချင်ပြည်နယ်-မြစ်ကြီးနားမြို့

## စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသား အိတ်ဖွင့်လေလံကြော်ငြာအမှတ် ၀၄/၂၀၁၄-၂၀၁၅

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၅-၁၀-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်**
- ပုံစံ(၈)ပယ်ကျွန်းသစ်လုံး ၄၁၂ တန်
- ပုံစံ(၈)ကျွန်းဒါးရွှေတုံး ၁၀၉ တန်
- ပုံစံ(၈)ကျွန်းခွဲသား ၁၄ တန်
- ပုံစံ(၈)ပိတောက်သစ်လုံး/တိုင် ၂၆ တန်
- ပုံစံ(၈)တမလန်းတိုင်/ဖုံတို ၂၂၉ တန်

(ဂ) **ရောင်းချမည့်နေရာ** - မန်နေဂျာရုံး၊ ပြည်တွင်းရောင်း/စက်ဌာန၊ မြစ်ကြီးနားမြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)နှင့် မြန်မာ့သစ်လုပ်ငန်း Website ဖြစ်သော www.myanmartimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အိတ်ဖွင့်လေလံဖွင့်လှစ်ရောင်းချရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း၊ ကချင်ပြည်နယ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၂)၊ ဦးပိုင်အမှတ်(၁၈၆)၊ ရွှေဝါထွန်း×ဇလပ်ဝါကြား၊ ၇၀×၇၂ လမ်းရှိ ဒေါ်စိန် အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးအောင်သိန်း ၉/မရတ(နိုင်)၀၉၉၀၅၆ မှ ဦးပိုင်အမှတ်-၁၈၆(ခဲစင်း)အနောက်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ခရိုင်အဆင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ပုသိမ် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ခရိုင်အဆင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု (၂၁)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၂၀ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဆရာကြီးဦးအမ်ဘရို့(စ်)၊ ခရိုင်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဆရာကြီးဦးဉာဏ်သိန်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာန ဆိုင်ရာများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပုသိမ်မြို့ပေါ်ရှိ အထကများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲကို တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဆရာကြီး ဦးအမ်ဘရို့(စ်)၊ ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ခရိုင်ပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဆရာကြီး ဦးဉာဏ်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ခရိုင်ပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဆရာကြီး ဦးဉာဏ်သိန်းက အမှာစကားပြောကြားရာတွင် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု (၂၁)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲကြီး၏ ဦးတည်ချက်များကို အလေးထားပြီး မိမိတို့ မြို့နယ်၊ ခရိုင်အတွင်း ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း၊ ဆုရရှိရေး ရည်ရွယ်ချက်တစ်ခုတည်းသာမထားဘဲ မိမိတို့ဒေသရှိ မျိုးဆက်သစ်များသို့ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ဖြစ်ပေါ်စေရန် စည်းရုံးဆွေးနွေးပြီး လက်ဆင့်ကမ်းအမွေပေးကြရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ ယဉ်ကျေးမှုသည် နိုင်ငံတော်လုံခြုံရေးနှင့် လူမှုလုံခြုံရေးတို့အတွက် အဓိကလိုအပ်သည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ မြို့နယ်အသီးသီးမှ ပြိုင်ပွဲဝင်များအနေဖြင့် အလေးထား ယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။

ပြိုင်ပွဲတွင် အဆို ၂၉ ဦး၊ အတီး ၅၄ ဦး၊ အက ၁၃၈ ဦးနှင့် အရေးနှစ်ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ပြိုင်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်**

## သတင်းနည်းပညာခေတ်သို့ ချင်းနင်းဝင်ရောက်လာသည့် စစ်တွေ ကွန်ပျူတာတက္ကသိုလ်

**စစ်တွေ စက်တင်ဘာ ၂၂**

ရခိုင်ပြည်နယ် စစ်တွေမြို့ ကွန်ပျူတာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း ကွန်ပျူတာသိပ္ပံဘာသာရပ်၊ ကွန်ပျူတာနည်းပညာဘာသာရပ်နှစ်မျိုးလုံး၌ ကျောင်းသား ကျောင်းသူပေါင်း ၁၀၈ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ ကွန်ပျူတာ Core i7 စက်များဖြင့် လက်တွေ့သင်ခန်းစာများ လေ့ကျင့်လျက်ရှိသည်။ စစ်တွေကွန်ပျူတာတက္ကသိုလ်သည် ယခင်က စစ်တွေတက္ကသိုလ်၏ အမျိုးသားနှစ်ထပ်ကျောင်းဆောင် (ဝေသာလီဆောင်) ဖြစ်ပြီး ယခုအခါ အာရ်စီ သုံးထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်လျက်ရှိရာ ၂၀၁၅ ခုနှစ် မေလတွင် ပြီးစီးမည်ဖြစ်သည်။

ယခုအခါတွင် ကျောင်းသား ကျောင်းသူများ အွန်လိုင်းစနစ်ဖြင့် ချိတ်ဆက်သင်ကြားနိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရ၏ ထောက်ပံ့ငွေနှင့် ရန်ကုန်မြို့အခြေစိုက် Amara Communication Company ၏ လှူဒါန်းမှုစုပေါင်း၍ ဝိုင်ဖိုင်၊ အင်တာနက်စက်ပစ္စည်းများကို ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် တပ်ဆင်ခဲ့သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Fiber Optic Cable ထောက်ပံ့သွယ်တန်းပေးပြီး 10 Mbps highspeed အင်တာနက်လိုင်းကို အခမဲ့ချိတ်ဆက်ပေးခဲ့သည်။ ယခုကဲ့သို့ အင်တာနက်လိုင်းများ ချိတ်ဆက်ပေးမှုကြောင့် ပညာရေးအထောက်အကူပြု ဝက်ဘ်ဆိုက်များ၊ ဗီဒီယိုဖိုင် ရှာဖွေကြည့်ရှုခြင်းဖြင့် စာအုပ်စာတမ်းများ Thesis Paper Downioad ပြုလုပ်ခြင်း၊ Online Semina, Work Shop, Group Discussion များဆောင်ရွက်ခြင်းအပြင် Pratical Experiment များကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နောင်တွင် နိုင်ငံခြားတက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး Video Conferencing စနစ်ဖြင့် နိုင်ငံခြားဆရာများကို ဖိတ်ခေါ်သင်ကြားနိုင်မည် ဖြစ်သည်။

ရခိုင်ပြည်နယ် မြို့တော်ဖြစ်သော စစ်တွေမြို့သည် ရန်ကုန်၊ အမ်း၊ သံတွဲ၊ ကျောက်ဖြူမြို့များမှ လေယာဉ်ခရီးဖြင့်လည်းကောင်း၊ မင်းဘူး၊ အမ်း၊ စစ်တွေ ကားလမ်းမှအဆင့်မြင့် မှန်လုံကားများသာမက ရှပ်ပြေးရေယာဉ်များဖြင့်လည်းကောင်း သွားလာနိုင်သဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်နေသည့်အပြင် မြို့၏သဘာဝအနေအထားအရ ပင်လယ်ကမ်းခြေနှင့် ကစ္ဆပနဒီမြစ်၏ သာယာ သောအလှအပကိုခံစားရင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် အဆင့်မြင့်နည်းပညာများ တက်ရောက်သင်ကြားနိုင်ပြီဖြစ်သည်။

**ဒေဝ(စစ်တွေ)**

## ချောင်းရေလာချိန် ချောင်းကူးရာမှ ရေနစ်သေဆုံး

**ကျွန်းလှ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာအုပ်စု ထန်းပင်ကုန်းကျေးရွာအနီး၌ ချောင်းကူးရာမှ ရေထဲမျောပါပြီး ရေနစ်သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီခွဲခန့်က ကန့်ဘလူမြို့နယ် ခအုံးသာကျေးရွာနေ ကိုမျိုး(၂၀ နှစ်) ကျောက်ကုန်တင်ကုန်ချလုပ်သူသည် ကျွန်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာအနီး တောထဲမှပြန်လာပြီး ကျေးရွာဘက်သို့ ကျွန်းပင်လဲချောင်းကို ဖြတ်ကူးလာစဉ် ချောင်းရေလာသဖြင့် ရေစီးထဲမျောပါသွားခဲ့ပြီး နံနက် ၁၁ နာရီခွဲက ကျွန်းလှမြို့တောင်ချောင်းကြီးထဲ၌ သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့၍ ကျွန်းလှမြို့မရဲစခန်းက စစ်ဆေးလျက်ရှိသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

**မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်အတွင်းရှိ ဆုံကုန်းကျေးရွာ၊ ရွာသစ်ကျေးရွာ၊ တံပယ်ကျေးရွာ၊ သဲတောကန်ကျေးရွာများမှ မှီခိုအားထားနေရသော ပေ ၆၀၀၀ ကျော်အရှည် ခက်လန်းဆည်အဝင်လမ်း ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် တာဝန်ရှိသူများ စက်တင်ဘာ ၂၀ ရက်က ကြည့်ရှုစစ်ဆေးစဉ်။**

ဇော်မင်းနိုင်(မြင်းခြံ)




### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၄၄**

ဒေါ်စိုးမိုးခိုင်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်မြတ်မြတ်ခိုင်) **နှင့်** ၁။ ဦးထွဏ်းဆင့် ၂။ ဦးထွန်းလင်းဖြိုး ၃။ ဒေါ်ချောစုသန့် ၄။ ဦးလှိုင်မင်းထွန်း ၅။ ဒေါ်ဖြူဖြူအေး ၆။ ဦးနေလင်းထွန်း

**တရားလို** **တရားပြိုင်များ**

(၂)တရားပြိုင် ဦးထွန်းလင်းဖြိုး တိုက်အမှတ် ၈/၁၀၊ တိုက်ခန်းအမှတ် ၀၀၂(မြေညီထပ်)၊ (ကျွန်းချောင်း)၊ ကွမ်းခြံ ၃ လမ်း၊ (၄)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (၃)တရားပြိုင် ဒေါ်ချောစုသန့် တိုက်အမှတ် ၈/၁၀၊ တိုက်ခန်းအမှတ် ၀၀၂(မြေညီထပ်)၊ (ကျွန်းချောင်း) ကွမ်းခြံ ၃ လမ်း၊ (၄)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (၄)တရားပြိုင် ဦးလှိုင်မင်းထွန်း အမှတ် ၂၅(၁)၊ ဇေယျာသိဒ္ဓိ(၂)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ (၅)တရားပြိုင် ဒေါ်ဖြူဖြူအေး အမှတ် ၂၅(၁)၊ ဇေယျာသိဒ္ဓိ(၂)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နှင့် (၆)တရားပြိုင် ဦးနေလင်းထွန်း အမှတ် ၃၇၊ ဇေယျာသိဒ္ဓိ(၂)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူများ(ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်စိုးမိုးခိုင်က **"တရားလိုအမည်ပေါက် ပိုင်ဆိုင်သည့် လက်ရှိတိုက်ခန်းအား တရားနည်းလမ်းအတိုင်းမဟုတ်ဘဲ အတင်းအဓမ္မသိမ်းပိုက်၍ ဥပစာအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သည့်သူများအား ဖယ်ရှားထွက်ခွာစေပြီး လက်လွတ်ဆုံးရှုံးခဲ့ရသောတိုက်ခန်းအား တရားလိုသို့ လက်ရောက်ပေးအပ်စေလိုမှုနှင့် နစ်နာဆုံးရှုံးမှုလျော်ကြေးငွေကျပ် သိန်း ၁၀၀ တိတိကို တရားပြိုင်များမှ ပေးအပ်စေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်(၁၃၇၆ ခုနှစ် သီးတင်းကျွတ်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့တည်းမဟုတ်)သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဦးထွန်းအေးမောင်)**
**ဒု-ခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၃၂)အကြီးစားစက်ရုံ(ကြံခင်း)အတွက် အောက်ဖော်ပြပါ ပစ္စည်းအားစက်ရုံအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Grinding Media | 6 Items |

၂။ တင်ဒါအား ၂၃-၉-၂၀၁၄ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၁၇-၁၀-၂၀၁၄ရက် ၁၅း၃၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ် (၄၁)နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀)

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

### အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း (L)မှ မဇင်မာထွန်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်ထွန်းဦး ၅/ယမပ(နိုင်)၀၃၃၉၂၅ ဖြစ်ပါသည်။

**ဦးနိုင်ထွန်းဦး ၅/ယမပ(နိုင်)၀၃၃၉၂၅**

### အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(G) မှ မောင်ချမ်းမြေ့ဦး၏ ဖခင်အမည်မှန်မှာ ဦးစောဝင်း ၅/ယမပ(နိုင်)၀၀၃၆၃၉ဖြစ်ပါသည်။ **ဦးစောဝင်း ၅/ယမပ(နိုင်)၀၀၃၆၃၉**

### ဖခင်အမည်မှန်

မြိတ်မြို့၊ မြင့်မိုရ်ပုဂ္ဂလိကပညာသင်ကျောင်း၊ ကျောင်းဝင်အမှတ် MM-140350 ဖြစ်သူ မောင်ဖြိုးမင်းကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော့ခိုင်ဖြစ်ပါကြောင်း။ **ဦးကျော့ခိုင်**

### အမည်ပြောင်း

ဦးဝင်းခိုင် ၁၄/အမန(နိုင်)၁၁၅၄၆၁၏ သမီး အထက မြန်အောင် ပဥ္စမတန်း (B) မှ မဝင်းမြတ်သဉ္ဇာအား မဝင်းဝင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

**မဝင်းဝင်းမြတ်**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၉-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ ၁၁ တွင် ပါရှိသော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်အစား ဒေါ်စန်းစန်းထွန်း ၁၂/ဗဟန(နိုင်)၀၃၈၂၅၁နှင့် ဒေါ်ဇာဏီထွန်း ၁၂/ဗဟန(နိုင်)၀၉၇၄၇၆ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ကန့်ကွက်နိုင်ပါကြောင်း

ပုဂံမြို့၊ ဂန့်ဂါရပ်ကွက်၊ ဟိုတယ်ဇုန်(၄)ရှိ အကွက်အမှတ် ၁၅၅၉၊ ကွင်းအမည် ထနောင်းခါးလှကွင်းရှိ ဒေါ်စန်းစန်းထွန်းပိုင်ဆိုင်သော ဦးပိုင်အမှတ် B-39, B-40 နှင့် ဒေါ်ဇာဏီထွန်းပိုင်ဆိုင်သော ဦးပိုင်အမှတ် B-31 နှင့် B-32 ဟုခေါ်တွင်သော မြေကွက်များ၏ ဂရန်စာချုပ်မူရင်း ပျောက်ဆုံးနေပါသဖြင့် မြေငှားဂရန်စာချုပ်မိတ္တူကူးယူခွင့်ပြုနိုင်ပါရန် သက်ဆိုင်ရာ တရားရုံးကျမ်းကျိန်လွှာနှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ပုဂံရဲတပ်ဖွဲ့စခန်းထောက်ခံချက်များနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားခဲ့ရာ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေငှားဂရန်မူရင်းအစားထိုး ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအကြောင်းပြချက်၊ စာရွက်စာတမ်းများယူဆောင်၍ ၂၃-၉-၂၀၁၄ ရက် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း (ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့) လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဒေါ်စန်းစန်းထွန်း** **ဒေါ်ဇာဏီထွန်း**
**၁၂/ဗဟန(နိုင်)၀၃၈၂၅၁** **၁၂/ဗဟန(နိုင်)၀၉၇၄၇၆**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# စဉ့်ကိုင်တွင် ဘော်ဒါဆောင်လုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေး

**စဉ့်ကိုင် စက်တင်ဘာ ၂၂**

အဝေးသင်တက္ကသိုလ်သင်တန်းနှင့် စာမေးပွဲများ မကြာမီ ကျင်းပတော့မည်ဖြစ်ရာ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဘော်ဒါဆောင်ပိုင်ရှင်များနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီတို့ ညှိနှိုင်းဆောင်ရွက်ရေး အစည်းအဝေးကို စက်တင်ဘာ ၂၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးလှမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးရုံး အမှုဆောင်အရာရှိ ဦးစိုးအောင်က ဘော်ဒါဆောင်များကို မဆောက်လုပ်မီကပင် ပုံစံငယ်တင်ပြ၍ ခွင့်ပြုချက်ရယူရန်နှင့် ဘော်ဒါဆောင်လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်လျှောက်ထား၍ တရားဝင်လုပ်ကိုင်ကြရန်၊ လိုင်စင်မလုပ်ရသေးသူများ ဤအစည်းအဝေးပြီးသည့်နောက် ခုနစ်ရက်အတွင်း လုပ်ငန်းလိုင်စင်တင်၍ ပြုလုပ်ကြရန်၊ အုန်းပင်ခြံကျေးရွာနှင့် တောမကျေးရွာတို့ကို မြို့နယ်စည်ပင်သာယာနယ်နိမိတ်အတွင်း သွတ်သွင်းထားပြီးဖြစ်၍ စည်ပင်သာယာလုပ်ငန်းအရပ်ရပ်ကို မြို့ပေါ်ရပ်ကွက်များနည်းတူ ဆောင်ရွက်သွားကြရန်နှင့် ဘော်ဒါဆောင်ပိုင်ရှင်များ လိုက်နာရန် စည်းကမ်းချက် (၁၇)ချက်ကို တစ်ချက်ချင်း ဖတ်ကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသိုက်ထွန်းက ဘော်ဒါဆောင်လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် မီးသတ်တပ်ဖွဲ့မှူးက မီးဘေးကြိုတင်ကာကွယ်ရေး ဆိုင်ရာ အစီအမံများ ပြုလုပ်ထားရှိရန် ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင် ဦးစိုးသိန်းက အကြံပြုဆွေးနွေးချက်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးရုံးအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူး၊ သက်ဆိုင်ရာကျေးရွာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဘော်ဒါဆောင်ပိုင်ရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(စဉ့်ကိုင်)**



## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုဂုဏ်ပြု စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**ဗန်းမော် စက်တင်ဘာ ၂၂**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတုကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ဗန်းမော်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မြဝတီခန်းမ၌ ကျင်းပသည်။

ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်အောင် ဦးစီး၍ ပြိုင်ပွဲကျင်းပခြင်းဖြစ်ပြီး အလယ်တန်းစာစီစာကုံးပြိုင်ပွဲတွင် ဥပဒေဘောင်တွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာပြည်သာယာခေါင်းစဉ်၊ အထက်တန်းအဆင့် ပြိုင်ပွဲတွင် ရဲနှင့်ပြည်သူလက်တွဲကူ ဒုစရိုက်ဟူသမျှ ချေမှုန်းကြခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြကာ စာစီစာကုံးပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူ ၆၁ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် ၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

## ဖခင်က ရိုက်၍ သားသေဆုံး

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျားထူးစမ်းကျေးရွာတွင် ဆဲဆိုသောသားကို ဖခင်က စိတ်တိုပြီး ရိုက်နှက်၍ သားဖြစ်သူ သေဆုံးပြီး ချွေးမက အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

ကျားထူးစမ်းရွာနေ ဦးစောလွင် (၄၉နှစ်)သည် စက်တင်ဘာ ၁၅ ရက် ညနေ ၃ နာရီခန့်က သားဖြစ်သူ ကုလား(ခ)ဝင်းဌေး(၂၂ နှစ်)နှင့် ချွေးမ မသန်းသန်းဆင့်တို့လင်မယား စကားများရန်ဖြစ်နေ၍ ဖျန်ဖြေပြောဆိုခဲ့ရာ ဝင်းဌေးက ဖခင်ဦးစောလွင်အား ဆဲဆိုခဲ့သဖြင့် ဦးစောလွင်က စိတ်တိုပြီး နွားစာစဉ်းရာတွင် အောက်ခံအသုံးပြုသော အရှည်နှစ်ပေခန့် သစ်သားတုတ်ဖြင့် တစ်ချက်ရိုက်နှက်ခဲ့ရာ ဝင်းဌေး၏ နောက်စေ့ကို ရိုက်မိပြီး ချက်ချင်းသေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးစောလွင်အား ချွေးမ မသန်းသန်းဆင့်က ကိုးပင်ရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ပြီး ကိုးပင်ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမျိုး(ဆင်ပေါင်ဝဲ)**

# စိုက်ပျိုးရေးသိပ္ပံကျောင်း(သထုံ) ကျောင်းဆင်းနှုတ်ဆက်ပွဲ ကျင်းပ

**သထုံ စက်တင်ဘာ ၂၂**

မွန်ပြည်နယ် သထုံမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းဆင်းနှုတ်ဆက်ပွဲနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်ပွဲကို စက်တင်ဘာ ၂၀ ရက်က စိုက်ပျိုးရေးသိပ္ပံကျောင်း စားသောက်ခန်းမဆောင်၌ ကျင်းပသည်။

ပြည်နယ်စိုက်ပျိုးရေး ဝန်ကြီး ဦးမျိုးညွန့်နှင့် ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးအောင်ကျော်ဦးတို့က အမှာစကားပြောကြားပြီး သထုံစိုက်ပျိုးရေးသိပ္ပံ ကျောင်းအုပ်ဆရာကြီး ဦးတိုးညွန့်နှင့် ပထမနှစ်နှင့် ဒုတိယနှစ်ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျောင်းဆင်း နှုတ်ဆက်ဂုဏ်ပြုစကားပြောကြားပြီး ကျောင်းဆင်းကြမည့်သူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ပညာရည်ချွန်ဆု၊ ကွင်းဆင်းပျက်ရက်မရှိမှုန်ကန်ဆုနှင့် အားကစားဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။



ကျောင်းဆင်းနှုတ်ဆက်ပွဲနှင့် ဆုချီးမြှင့်ပွဲသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**


### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ဈေးဝပ်ရှော့ဆိုင်ခန်းအမှတ် ယ-၃၁(ခ)အား ညောင်ပင်ဝိုင်းရွာ၊ ပျဉ်းမနား-တောင်ညိုလမ်းဘေး၊ နေပြည်တော် သန့်ထူးအောင် ရေဆေးဆီလိုက်နှင့် ဝပ်ရှော့လုပ်ငန်းနေ ဦးသန်းမင်းထိုက် ၈/ပသက (နိုင်)၀၄၈၅၄၅အမည်ပေါက်ပိုင်ဆိုင်ပြီး အခန်း ၁၊ တိုက် ၂၀၁၊ ကံ့ကော်အိမ်ရာ၊ နေပြည်တော်နေ ဦးအောင်ခန့် ၁၄/မမန(နိုင်)၀၀၃၇၈၄ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၁၈တွင် နေထိုင်သော မောင်ချမ်းအေး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကြိုင်(ခ)ကိုအေး ၁၄/ရကန (နိုင်) ၀၇၁၆၂၇ဖြစ်ပါကြောင်း။

**ဦးမြင့်ကြိုင်(ခ)ကိုအေး**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ အလယ်ကျွန်းနယ်မြေ၊ ပန်စရာရပ်၊ မင်္ဂလာလမ်း၊ အမှတ် ၁၅၇နေ ဦးစံမင်း-ဒေါ်ညိုညိုသိန်းတို့၏သမီး မဟေမာန်ဦးသည် မိဘတို့အား အကြိမ်ကြိမ် အရှက်ရစေပြီး စိတ်ဆင်းရဲမှုပေး၍ မိမိသဘောဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးစံမင်း-ဒေါ်ညိုညိုသိန်း**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၊ မြေကွက်အမှတ် ၅၄၈၊ မြေကွက်တည်နေရာအမှတ်၅၄၈၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်ညို အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ညို ISN-၀၉၁၃၃၈ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၅၂၀(၂၁-၃-၁၄)ဖြင့်ရရှိသူ ဒေါ်ဥမ္မာအေး ၁၂/မရက(နိုင်) ၁၃၄၉၇၈က နှစ် ၆၀ မြေငှားစာချုပ်ဂရန် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် ကိုဦးအောင်သန်း ၁၁/မဥန(နိုင်)၀၆၇၆၁၈နှင့် ကျွန်မ မယဉ်ယဉ်မူ ၉/ခအဇ(နိုင်) ၀၁၁၅၃၉တို့သည် ၈-၉-၂၀၁၄ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒေါ်အေးသက်မော် (ဒုတိယဦးစီးမှူး) ရှေ့မှောက်တွင် နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

**ကိုဦးအောင်သန်း-မယဉ်ယဉ်မူ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၇၉)၊ ဦးပိုင်အမှတ် ၆၁၊ ၄၈×၄၉လမ်းကြား၊ မင်းကြီးရန်နောင်×မင်းရဲကျော်စွာကြားရှိ ဦးမျိုးမြင့်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ယွီးဟွေ ၁၃/သနန(နိုင်)၀၃၆၅၃၅မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၂၅)၊ ဦးပိုင်အမှတ် (၆)၊ အောင်ဆန်းလမ်းနှင့် အနော်ရထာကြား၊ ၅၁×၅၂လမ်းရှိ ဦးအောင်ဒွေးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးတင်မျိုးဇော် ၅/ခတန(နိုင်)၀၁၁၇၂၆က မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ရွှေလရောင်လမ်း၊ မြေကွက်အမှတ်(၈၈၉)၊ ပေ (၄၀×၆၀)ရှိ ဦးရွှေကြည် TDI-၁၁၃၂၅၃ အမည်ပေါက် မြေချပါမစ်မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးအောင်ဇော် ၁၂/စခန(နိုင်)၀၃၈၉၂၇ထံမှ ကျွန်မ ဒေါ်ဝိုင်းကြည်ပြာ ၁၂/ဗဟန(နိုင်)၀၉၇၅၀၇က ဝယ်ယူရန် ၁-၉-၂၀၁၄ ရက်တွင် စရန်ငွေပေးချေထားပြီးဖြစ်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားများနှင့်အတူ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝိုင်းကြည်ပြာ ၁၂/ဗဟန(နိုင်)၀၉၇၅၀၇**
**အမှတ်(၆၇)၊ တိုက်(B) အခန်း(၀၀၁)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၁၅၁၄၃၇**

### ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း ၅၀၊ အမှတ် (၁၉၀/၁၉၆)၊ အခန်းအမှတ်(၃/စီ) (သုံးလွှာ) အကျယ်အဝန်းပေ(၁၇×၆၀)ရှိ တိုက်ခန်းနှင့်အတူ သက်ဆိုင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုဆိုသူ ဒေါ်မီမီစိုး ၁၂/ပဇတ(နိုင်)၀၀၂၇၁၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်ကို ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှသန်း LL.B အထက်တန်းရှေ့နေ (စဉ်-၂၆၇၂၂)**
**အမှတ်(၈၈)၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၃၉၇၇၃**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# တံတားကျိုးသော်လည်း မန္တလေး-မြစ်ကြီးနားရထားများ ပုံမှန်ထွက်နိုင်ခဲ့

**မိုးညှင်း စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ပင်ဝဲနှင့် မော်လူးလမ်းပိုင်းတွင် တောင်ကျမိုးရေ အားပြင်းမှုကြောင့် တံတားကျိုးခဲ့သော်လည်း မြန်မာ့မီးရထား အင်ဂျင်နီယာ(သံလမ်းနှင့်တံတား)အဖွဲ့များက ပြန်လည်ပြုပြင်ပြီး ရထားများ ပုံမှန်ချိန်အတိုင်း ထွက်နိုင်ခဲ့ကြောင်း သိရသည်။

ကျိုးပျက်သွားသော တံတားကို စက်တင်ဘာ ၂၀ ရက် ညနေ ၆ နာရီက အပြီးပြင်ဆင်၍ ဖွင့်ပေးခဲ့ကြောင်းနှင့် မန္တလေးမှ မြစ်ကြီးနားသို့ အမှတ်(၅၅)၊ အမှတ်(၅၇)၊ အမှတ်(၃၃) နှင့် အမှတ်(၄၁) အဆန် ရထားများကို စက်တင်ဘာ ၂၁ ရက်က မန္တလေးဘူတာမှ ပုံမှန်ချိန်အတိုင်း ထွက်ခွာပေးခဲ့ပြီး နဘားဘူတာရှိ အမှတ်(၄၂)အစုန်နှင့် မြစ်ကြီးနားဘူတာရှိ အမှတ်(၃၄) အစုန်ရထားများကိုလည်း စက်တင်ဘာ ၂၁ က ပုံမှန်အတိုင်းထွက်ခဲ့သည်။

စက်တင်ဘာ ၂၂ ကလည်း မြစ်ကြီးနားမှ မန္တလေး အမှတ်(၅၆)၊ အမှတ်(၅၇)၊ အမှတ်(၃၈)နှင့် အမှတ် (၄၂) အစုန်ရထားများ မြစ်ကြီးနားဘူတာမှ ပုံမှန်ချိန်အတိုင်း ထွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝ၆၃)**

# ကိုယ့်အားကိုယ်ကိုး နှစ်ထပ်ကျောင်းဆောင်သစ် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

**ချောက် စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် တပ်ကန်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ် အောင်မြင်စွာဆောက်လုပ်ပြီးစီးသဖြင့် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးနေရှင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦး၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးသိန်းဟန်နှင့် ချောက်မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာ့ပညာရေး မျှော်မှန်းချက် ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ထို့နောက် စည်ပင်သာယာရေးဝန်ကြီးဦးနေရှင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦးတို့က လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပညာရေးတိုးတက်မြင့်မားရန် မိမိတို့ဒေသမှာမိမိတို့ရပ်ရွာမှကလေးငယ်များ နိုင်ငံ့သားကောင်းရတနာလေးများ ဖြစ်လာစေရန်၊ ကျေးရွာပြည်သူများနှင့် ဆရာဆရာမများ ပူးပေါင်းပြီး ပညာရေးတိုးတက်မြင့်မားစေရေးဆောင်ရွက်ရန် ပြောကြားသည်။ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းဟန်က နိုင်ငံတော်အစိုးရမှ ကျန်းမာရေး၊ ပညာရေးများ တိုးတက်မြင့်မားစေရန် နိုင်ငံတစ်ဝန်း ကျောင်းပေါင်း ၇၂၅ ကျောင်း တိုးမြှင့်ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ပညာရေးအခြေပြု၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလယ်တန်းအခမဲ့ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးနေသည့်အပြင် လာမည့်နှစ်တွင် အထက်တန်းအဆင့်ထိ အခမဲ့ပညာသင်ကြားနိုင်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိသဖြင့် မိဘများကလည်း မိမိတို့သားသမီးများ ကျောင်းနေနိုင်ရေး ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။ မြို့နယ်ပညာရေးမှူးဒေါ်ကြည်ကြည်ဝင်းက ကိုယ့်အားကိုယ်ကိုး အသစ်တည်ဆောက်ထားသော ကျောင်းကြီးရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန်နှင့် နိုင်ငံတော်မှ ကျောင်းသုံးပုံနှိပ်ဗလာစာအုပ်အပြင် ငွေကျပ် ၁၀၀၀ ထောက်ပံ့ပေးကာ ပညာသင်ကြားမှု တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်တစ်ဦးက အလျား ၁၀၆ ပေ၊ အနံ ၂၉ ပေ၊ အမြင့် ၂၄ ပေရှိ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းအတွက် အလှူခံရရှိငွေ ၆၁၈ သိန်းနှင့် ကျေးရွာပြည်သူများ လုပ်အားဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်းနှင့် ကုန်ကျငွေစာရင်းများကို ရှင်းလင်းပြီး ကျောင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက တစ်မိုင်ကျော် ပတ်ဝန်းကျင်ကျေးရွာများရှိ ကျောင်းသား ကျောင်းသူကလေးများလည်း ပညာရေး တိုးတက် မြင့်မားစေရေးအတွက် နိုင်ငံတော်က ဆရာ ဆရာမ သုံးဦးတိုးမြှင့်လွှတ်ပေးစေလိုကြောင်း၊ ဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ချီးမြှင့်ပေးသဖြင့် ကျေးဇူးတင်ရှိကြောင်းပြောကြားကာ ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ နတ်စင်ကန်၊ မြင်းကြိမ်လုံး၊ နလင်ကန်၊ အေးရွာ၊ ရွာသစ်၊ ပဲတိုးချောင်း၊ အောင်သာ၊ တပ်ကန်ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခွဲထက်ရှင်**

# ကျွန်းလှတွင် ယာဉ်လိုင်စင်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရွှေဘို စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်တွင် ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ အာမခံဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများပူးပေါင်းပြီး မြို့နယ်အတွင်းရှိ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်လိုင်စင်သစ်ပြုလုပ်ခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်းများကို ကျွန်းလှမြို့ ရွှေကျွန်းသာခန်းမ၌ စက်တင်ဘာ ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

"ကျွန်တော်တို့မြို့နယ်ကို လိုင်စင်သက်တမ်းတိုးခြင်း လာမလုပ်ပေးရင် ရွှေဘိုမြို့ကို သွားလုပ်ရမှာပါ။ အခုလို ကျွန်းလှမြို့အထိလာရောက်ပြီး ဆောင်ရွက်ပေးတော့ စရိတ်ကုန်သက်သာပြီး အချိန်ကုန်လူပန်းလည်းမဖြစ်တော့ဘူး။ အချိန်ပိုင်းအတွင်း လိုင်စင်သက်တမ်းတိုးလို့ ပြီးပါတယ်"ဟု လိုင်စင်သက်တမ်းတိုးသော ဒေသခံတစ်ဦးက ပြောသည်။ လိုင်စင်ဆောင်ရွက်ပေးရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းနှင့် ကော်မတီဝင်များက ကြည့်ရှုညွှန်ကြားခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



ရွှေကျွန်းသာခန်းမ၌ ယာဉ်လိုင်စင်လာရောက်လုပ်ဆောင်နေသူများ။

# တောင်သာ၌ လျှော်ဖြူပျိုးပင်များပေးအပ်

**တောင်သာ စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၏ လမ်းညွှန်မှုဖြင့် တောင်သာမြို့နယ်သစ်တောဦးစီးဌာန ပြည်သူ့ပျိုးဥယျာဉ်၌ စိုက်ပျိုးထားရှိသည့် လျှော်ဖြူပျိုးပင်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များထံ ပေးအပ်ပွဲကို စက်တင်ဘာ ၂၀ ရက်က မြို့နယ်ပျိုးဥယျာဉ်၌ ကျင်းပခဲ့ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များအတွက် လျှော်ဖြူပျိုးပင် ၅၀၀၀ ကို သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးရွှေနိုင်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ကလျာအောင်ထံသို့ ပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# ဆေးပဒေသာပင် သွေးလှူဘဏ်ရန်ပုံငွေနှင့် စုပေါင်းသွေးလှူပွဲကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၂၂**

ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ မြစ်ကြီးနားမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးအတွက် ဆေးပဒေသာပင်အလှူငွေ၊ သွေးလှူဘဏ်ရန်ပုံငွေများ ပေးအပ်ပွဲနှင့် စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁၇ ရက်က ဆေးရုံကြီး သွေးလှူဘဏ်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းယုက ဆေးရုံကြီးဆေးပဒေသာပင်အဖြစ် ငွေကျပ်ငါးသိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ဇင်ထံသို့လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဝင်းက သွေးလှူဘဏ်ရန်ပုံငွေအဖြစ် ငွေကျပ်သုံးသိန်းကို သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာဝင်းရွှေထံသို့လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ရဲတပ်ဖွဲ့ဝင် ၅၁ ဦးက စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှူဒါန်းပွဲကျင်းပခြင်းဖြစ်ပြီး လှူဒါန်းပွဲသို့ ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့သည်။ **ဝင်းအောင်**


## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အမှတ်(၂) အထက တက္ကသိုလ်ဝင်တန်း(I)မှ မဝင်းဇာနည်ဇော်၏ ဖခင်အမည်မှန်မှာ ဦးခွေးသိုး ၉/ကပတ(နိုင်)၀၇၉၉၁၉ ဖြစ်ပါသည်။ **ဦးခွေးသိုး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(C)မှ မနွေးနွေးအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ခါ ၉/ကပတ(နိုင်)၁၅၆၄၄၅ ဖြစ်ပါသည်။ **ဦးမောင်ခါ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၀၃**

ဒေါ်ကြည်ကြည်မြင့် **နှင့်** ဦးသန့်ဇင်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ သီဂီလမ်း၊ အမှတ် ၁၂၅နေ ဦးသန့်ဇင် TKA-၀၀၆၅၈၅(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်ပါအတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂ ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ဇေလွင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**သာကေတမြို့နယ်တရားရုံးတော်၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၃၆**

၁။ ဒေါ်မြင့်သိန်း **နှင့်** ဦးကြည်ဝင်း
၂။ ဒေါ်အုန်းသစ်
၃။ ဦးသန်းဝင်း
(၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်အေးအေးခိုင်)
၄။ ဒေါ်အေးအေးခက်
(၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်အေးအေးခိုင်

**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ရပ်ကွက်၊ အနော်မာ(၃)လမ်းအနောက်၊ အမှတ် (၃၆)နေ ဦးကြည်ဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားပြိုင်မှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်လိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဝင်း)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၆)၊ မြေကွက်အမှတ်(၂၁၆)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဦးလှမြင့် ၁၂/သဃက(နိုင်)၀၉၃၃၃၈ အမည်ပေါက် ပါမစ်မြေကွက်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဒေါ်စန်းစန်းမိုး ၁၂/တမန(နိုင်)၀၀၁၃၁၆က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းလာရာ ၎င်းထံမှ ကျွန်ုပ်ဦးအောင်သန်းထွန်း ၇/ကဝန(နိုင်)၁၀၉၀၅၉က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိုကန့်ကွက်လိုပါက မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်သန်းထွန်း**
**ဖုန်း-၀၉-၅၃၈၀၄၅၈**

## ဌာနဆိုင်ရာနှင့် စီးပွားရေးကြော်ငြာ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
# ကြော်ငြာစာအမှတ်(၁/၂၀၁၄)
# လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

| စဉ် | ရာထူး (လစာနှုန်း) | ခန့်ထားမည့်ဦးရေ | လိုအပ်သောအနိမ့်ဆုံး ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၂) (ပဋ္ဌမအင်ဂျင်နီယာထုတ်လုပ်ရေး) ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀ ကျွမ်းကျင်အဆင့်(၄) | ၁၀ | BE(Petroleum) အင်ဂျင်နီယာဘွဲ့(ရေနံ) |
| (ခ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ပဋ္ဌမအင်ဂျင်နီယာထုတ်လုပ်ရေး) ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀ ကျွမ်းကျင်အဆင့်(၄) | ၁ | BE(EP) အင်ဂျင်နီယာဘွဲ့(လျှပ်စစ်စွမ်းအား) |
| (ဂ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ပဋ္ဌမအင်ဂျင်နီယာထုတ်လုပ်ရေး) ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀ ကျွမ်းကျင်အဆင့်(၄) | ၁ | BE(EC) အင်ဂျင်နီယာဘွဲ့(အီလက်ထရွန်နစ်) |
| (ဃ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ပဋ္ဌမအင်ဂျင်နီယာ -သယ်ပို့/စက်ပြင်) ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀ ကျွမ်းကျင်အဆင့်(၄) | ၃ | BE(Mechnical/ Mechatronic) အင်ဂျင်နီယာဘွဲ့(စက်မှု/စက်မှု အီလက်ထရွန်နစ်) |
| (င) | ဘူမိဗေဒလက်ထောက်(၂) ပဋ္ဌမဘူမိရူပဗေဒအရာရှိ ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀ ကျွမ်းကျင်အဆင့်(၄) | ၃ | B.Sc(Geo)Q, သိပ္ပံဘွဲ့(ဘူမိဗေဒ အထူးအောင်) B.Sc(Phy)Q, သိပ္ပံဘွဲ့(ရူပဗေဒ အထူးအောင်) B.Sc(Hons:)(Geo), သိပ္ပံဘွဲ့(ဘူမိဗေဒဂုဏ်ထူးတန်း) B.Sc(Hons:)(Phy), သိပ္ပံဘွဲ့(ရူပဗေဒဂုဏ်ထူးတန်း) B.Sc(Geo)+DAG (Petro) သိပ္ပံဘွဲ့(ဘူမိဗေဒ)+ အသုံးချ ဘူမိဗေဒ ဒီပလိုမာ(ရေနံ) |

၂။ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ၃၁-၁၀-၂၀၁၄ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ လုပ်ငန်းသဘာဝအရ ရေနံမြေ အခြေစိုက်စခန်းများ၊ အစမ်းတွင်းများ၊ သဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းများ၊ ဘူမိရူပဗေဒတိုင်းတာရေးစခန်းများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသဖြင့် အမျိုးသားများသာ လျှောက်ထားရန် ဖြစ်ပါသည်။

(ခ) ၃၁-၁၀-၂၀၁၄ရက်တွင် အသက် (၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက် (၃၀)ထက် မကြီးသူဖြစ်ရမည်။

(ဂ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

(င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် (၂)နာရီမေးခွန်းလွှာ ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ် (၄)ခုကို ဖြေဆိုရမည်။

(က) မြန်မာစာ
(ခ) အထွေထွေဗဟုသုတ
(ဂ) အင်္ဂလိပ်စာ
(ဃ) သက်ဆိုင်ရာဘာသာရပ်

၄။ စာမေးပွဲအစီအစဉ်ကို သတင်းစာများ၌ ထပ်မံကြေညာမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုမည်။

၅။ စာမေးပွဲဝင်ကြေးငွေ ၅၀၀/-(ကျပ်ငါးရာတိတိ)ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဘဏ်စာရင်းအမှတ် OA010745 သို့ လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၃)ရန်ကုန်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဘဏ်စာရင်းအမှတ် OA 010180 သို့လည်းကောင်း ပေးသွင်းရပါမည်။

၆။ လျှောက်လွှာတွင် လိပ်စာအပြည့်အစုံ(စာတိုက်အမည်ပါ) ဖော်ပြပါလျှောက်လွှာနှင့်အတူ

(က) ဝင်ကြေးငွေပေးသွင်းသည့် ငွေကြေးပြေစာလက်ခံမူရင်း(သို့မဟုတ်)ချလန်မူရင်း
(ခ) ပညာအရည်အချင်းလက်မှတ်မိတ္တူမှန်
(ဂ) အမှတ်စာရင်းမိတ္တူမှန်
(ဃ) အသက်အတွက် တက္ကသိုလ်ဝင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်း စာမေးပွဲအောင်လက်မှတ်မိတ္တူမှန်
(င) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်နှင့် ခြောက်လအတွင်း ရိုက်ထားသော ကာလာလိုင်စင်ဓာတ်ပုံ (၁)ပုံ
(စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိတစ်ဦးထံမှ ၁-၁၀-၂၀၁၄ရက် နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်တို့ ပူးတွဲပါရှိရမည်။

၇။ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် ဆေးအဆင့်နှင့်ပြည့်စုံကြောင်း ဆေးလက်မှတ်တင်ပြနိုင်ရမည်။

၈။ လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ လျှောက်လွှာပုံစံများကို အထွေထွေမန်နေဂျာ (သာကေတကမ်းလွန်အခြေစိုက်စခန်း) ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး(အထွေထွေစီမံခန့်ခွဲရေး) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်တို့တွင် စာမေးပွဲဝင်ကြေးငွေ ပေးသွင်းပြီးဖြစ်ကြောင်း၊ ဘဏ်ငွေလွှဲလက်မှတ်(သို့မဟုတ်)ချလန်ကိုပြသ၍ တစ်စောင်လျှင် ၁၀၀၀/-နှုန်းဖြင့် ဝန်ထမ်းများနှစ်စောင်နှင့် ဝန်ထမ်းမဟုတ်သူများ တစ်စောင်ဝယ်ယူဖြည့်သွင်း လျှောက်ထားရပါမည်။

၉။ (က) ဝန်ထမ်းများသည် လျှောက်လွှာ(၁)စောင်ကို မိမိတို့ဝယ်ယူသည့်ဌာနတွင် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။ ကျန်လျှောက်လွှာတစ်စောင်ကို မိမိတို့တာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာ အကြီးအကဲမှတစ်ဆင့် ဦးဆောင်ညွှန်ကြားရေးမှူး ရုံးအမှတ် (၄၄) နေပြည်တော်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။

(ခ) ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို မိမိတို့ဝယ်ယူသည့် ဌာနများတွင် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၁ရက်အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၁၀။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက်နောက်ကျ ရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး(၁၀)နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါ ပူးတွဲတင်ပြထားသည့် မိတ္တူမှန်များ၏မူရင်းများကို တင်ပြကြရမည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# စက်မှုနှင့် သက်မွေးပညာဦးစီးဌာန
# နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)
## နည်းပညာသုတေသနဌာန (ပြင်ဦးလွင်) မှ Human Resource Development သင်တန်းအမှတ်စဉ် (၁)အတွက် သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)မှ အောက်ဖော်ပြပါ HRD သင်တန်းများကို ၁၆-၁၀-၂၀၁၄ ရက်မှ ၁၆-၁၂-၂၀၁၄ ရက်အထိ ပထမအကြိမ် ဖွင့်လှစ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ပါသည်။

| စဉ် | ဖွင့်လှစ်မည့် သင်တန်းများ | သင်တန်း ကာလ | သင်တန်းကြေး (သင်တန်း အစ-အဆုံး) | သင်တန်းသား အရည်အချင်း | စားစရိတ် အဆောင် | သင်တန်းဆင်း လက်မှတ် |
|---|---|---|---|---|---|---|
| ၁ | CAD/CAM and CNC | ၂လ (၁၆-၁၀-၂၀၁၄) မှ (၁၆-၁၂-၂၀၁၄) ရက်အထိ | ၁၀၀၀၀၀ ကျပ် | Basic Computer Skill နှင့် အခြေခံ Engineering Drawing တတ်မြောက်ပြီးသူ ဖြစ်ရမည်။ | မိမိ အစီအစဉ် | နည်းပညာ သုတေသနဌာန (ပြင်ဦးလွင်) မှ သင်တန်းဆင်း လက်မှတ် ထုတ်ပေးမည် ဖြစ်သည် |
| ၂ | Engineering Design and Graphics with Solidworks | ၂လ (၁၆-၁၀-၂၀၁၄) မှ (၁၆-၁၂-၂၀၁၄) အထိ | ၆၀၀၀၀ ကျပ် | Basic Computer Skill နှင့် အခြေခံ Engineering Drawing တတ်မြောက်ပြီးသူ ဖြစ်ရမည်။ | မိမိ အစီအစဉ် | |

- သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။
- ပညာအရည်အချင်း အထောက်အထား (မူရင်းနှင့် မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့် မိတ္တူ)၊ လိုင်စင်ဓာတ်ပုံသုံးပုံ
- လျှောက်လွှာများကို ၂၅-၉-၂၀၁၄ ရက်မှ ၁၀-၁၀-၂၀၁၄ ရက်အတွင်း လက်ခံမည်ဖြစ်ပါသည်။
- အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)၊ မြို့ပတ်လမ်းနှင့် ဇန္နုလလမ်းထောင့်၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၈၅-၂၂၁၄၀ နှင့် ၀၉-၂၅၆၅၃၂၆၈၂ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

# ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Win & Brothers Co., Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါရာထူးများအတွက် ဝန်ထမ်းများ အလိုရှိပါသည်။

1. **မော်တော်ယာဉ်မှူး** — ကျား ၁ ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- အသက် ၃၀မှ ၃၅နှစ်အတွင်းဖြစ်ရမည်။
- မော်တော်ယာဉ်လောင်စာဆီသုံးစွဲခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ယာဉ်ပြင်ဆင်မှုကုန်ကျစရိတ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်သူ ဖြစ်ရမည်။
- မော်တော်ယာဉ်နှင့် ယာဉ်မောင်းများအား အကောင်းဆုံး စီမံခန့်ခွဲအုပ်ချုပ်နိုင်ရမည်။
- ယာဉ်မောင်းလိုင်စင်ရှိ၍ မော်တော်ယာဉ်အမျိုးမျိုးကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။
- မော်တော်ယာဉ်ဌာနနှင့်ပတ်သက်သော အစိုးရရုံးလုပ်ငန်းဆိုင်ရာများ ကျွမ်းကျင်ရမည်။

2. **Sales Representative** — ကျား ၅ ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- အသက် ၂၅နှစ်ဝန်းကျင်ဖြစ်ရမည်။
- အရောင်းပိုင်းနှင့် သက်ဆိုင်သောလုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။
- စာရင်းဇယားနိုင်နင်း၍ လူမှုဆက်ဆံရေးကောင်းမွန်သူ၊ ကျန်းမာရေးကောင်းမွန်၍ နေရာဒေသမရွေး ခရီးသွားလာနိုင်သူဖြစ်ရမည်။

3. **Sales Helper** — ကျား ၅ ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- အသက် ၂၅ နှစ်ဝန်းကျင်ဖြစ်ရမည်။

**မှတ်ချက်။** ။ ရာထူးအားလုံးအတွက် နေရာဒေသမရွေး ခရီးသွားလာနိုင်ရမည်ဖြစ်သည်။
လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ အသက်နှင့်ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားပေးမည်။
လျှောက်ထားလိုသူများသည် လျှောက်လွှာတွင် မိမိလျှောက်ထားလိုသည့်ရာထူးနှင့် ခန့်မှန်းလစာတို့ကိုဖော်ပြ၍ လိုင်စင်ဓာတ်ပုံသုံးပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်း/ရပ်ကွက်ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာအောင်လက်မှတ်မိတ္တူများနှင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်သည်။

✣ လိုအပ်သော ရာထူးနှင့်သက်ဆိုင်သည့် အရည်အချင်းပြည့်မီသော လျှောက်ထားသူများကိုသာ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

**အမှတ် (ည-၅/၆)၊ အသောကလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၉၆၈၈၉၅၂၊ ၀၁-၉၆၈၈၉၅၃၊ ၀၁-၉၆၈၈၉၅၄**

# ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇/ဒီ၊ မြေကွက်အမှတ် ၅၄၊ မြေကွက်တည်နေရာအမှတ် ၂၄၊ ဦးဝိစ္စာလမ်း၊ (၇) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဒေါ်တင်မေ K/RGN-၀၀၀၀၃၄ အမည်ပေါက် နှစ်၉၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်မေ(မိခင်) နှင့် ဦးဘသော်(ဖခင်)တို့ အသီးသီးကွယ်လွန် သဖြင့် ဒေါ်လှလှရီ ၁၂/ကမရ(နိုင်) ၀၁၆၁၄၁ က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ GP အမှတ် ၁၉၀၃၇/၂၀၁၄(၁၅-၇-၂၀၁၄)ရသူ ဦးမောင်မင်း ၁၂/ဒဂန(နိုင်)၀၂၁၇၅၉ က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၂၊ မြေကွက်အမှတ် ၆၉၉၊ မြေကွက်တည်နေရာအမှတ် ၆၉၉၊ (၁၂) ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးအောင်စိုး အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးအောင်စိုးထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ထားထားညွှန့် ၉/မထလ(နိုင်) ၀၄၄၁၅၇ မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အမှားပြင်ဖြည့်စွက်ခြင်း

၂၂-၃-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ၏ ကြော်ငြာစာမျက်နှာ (၂၂)၊ ၂၆-၃-၂၀၁၄ ရက် ကြေးမုံသတင်းစာ၏ ကြော်ငြာစာမျက်နှာ (၆)၊ ၂၂-၃-၂၀၁၄ ရက် မြို့တော်သတင်းစာ၏ ကြော်ငြာစာမျက်နှာ (၂၂)တို့တွင်ပါသော ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၅ဒီ၊ မြေကွက်အမှတ်-၄၇ဒီ/၁ အေ၊ မြေကွက်တည်နေရာအမှတ်-၉၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ် (J.W Dawood) အမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေ)အား ပြည်ထဲရေးဝန်ကြီးဌာန၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာစိစစ်ရေးအဖွဲ့ ၁၆-၉-၂၀၁၃ ရက်စွဲပါ စာအမှတ် ၂၀၀/၂-၁၄၃/ရေး ၃(၉၃၆) အကြောင်းကြားစာအရ ဦးဖူး၊ ဇနီး ဒေါ်ခင်မြင့်မြင့်ဖူး၊ ဦးမြင့်ဖူး(သား)တို့ အသီးသီးကွယ်လွန်သဖြင့် ဦးလှမြင့်ဖူး ၁၂/ရကန(နိုင်) ၀၂၅၇၂၁၊ ဒေါ်မီမီမြင့်ဖူး ၁၂/မရက(နိုင်) ၁၂၆၃၂၅ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန် ကတိသစ္စာပြုလွှာစာချုပ်အမှတ် ၁၂၈၉၁/၁၄-၁၁-၂၀၁၃ ၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးမိန့်အထောက်အထား၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ အမွေစားအမွေခံကိတ္တိမသားသမီးအဖြစ် မွေးစားစာချုပ်အမှတ် ၄/၆-၁-၁၉၇၁၊ ဦးဖူး သေစာရင်းမိတ္တူ၊ ဒေါ်ခင်မြင့်မြင့်ဖူး သေစာရင်းမိတ္တူ၊ ဦးဖူးထံမှ အထူးကိုယ်စား လှယ်လွှဲပြောင်းခန့်အပ်ခြင်း စာချုပ်အမှတ် ၄၄၀/၂၆-၅-၁၉၇၆ တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားခြင်းအား ကန့်ကွက်နိုင်ကြောင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ပါသည်

သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ တိုက်(၂၆/၆) ငါးလွှာ၊ အခန်းအမှတ် (၄၀၂) နှင့်တကွ ရေ၊ မီး၊ ဖုန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးမြင့်မောင် ၁၄/အမန(နိုင်)၀၀၈၃၃၅ မှ အဆိုပါတိုက်ခန်းမှာ အမှုအခင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ဦးလှမိုး ၁၂/ပဇတ(နိုင်)၀၃၇၇၇၇ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စည်းကမ်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးလှမိုး
အမှတ် ၄၀၈၊ တိုက် ၇၊ လိပ်ကန်လမ်း၊ (၇) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၉၀၉၄**

# ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ မြေကွက်အမှတ် (၁၀၁၂/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၀၁၂/ခ)၊ ရတနာပုံ ၁၀လမ်း၊ ၉ ရပ်ကွက်၊ သာကေတမြို့နယ် ဦးသန်းရွှေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းရွှေ (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်မမအောင် ၁၂/ ဗတထ(နိုင်)၀၁၈၆၁၁ က သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁)၊ မြေကွက်အမှတ် ၂၂၁/က၊ မြေကွက်တည်နေရာအမှတ် ၂၂၁/က၊ မဟာမြိုင်လမ်း၊ (၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးစိုးမြင့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား ရွှေပြည်သာမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၂၈/၂၀၁၄ စီရင်ချက်နှင့် ဒီကရီ တရားမဇာရီမှုအမှတ် (၃၄/၂၀၁၄) တို့တင်ပြ၍ ဘိလစ် ဒေါ်ငုဝါ ၁၂/လမန(နိုင်) ၀၂၉၆၃၃ မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**(၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

**ပထမနေ့အစီအစဉ်**

(က) ကျင်းပမည့်ရက် - ၁၇-၁-၂၀၁၅ရက် (စနေနေ့)
(ခ) ကျင်းပမည့်အချိန်
(နံနက်ပိုင်းအစီအစဉ်) - (၁) နံနက် ၀၉း၀၀နာရီ
- မဟာသုတေသနဘွဲ့အားလုံး
- မဟာဘွဲ့/မဟာဥပဒေဘွဲ့အားလုံး
- ဂုဏ်ထူးဘွဲ့များအားလုံး
- ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ၊ စိတ်ပညာ)
- သိပ္ပံဘွဲ့ (သတ္တဗေဒ၊ ရုက္ခဗေဒ)
(မွန်းလွဲပိုင်းအစီအစဉ်) (၂) မွန်းလွဲ ၂း၀၀နာရီ
- ဥပဒေဘွဲ့
- ဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ ရသစာပေပညာ)
- သိပ္ပံဘွဲ့(ဓာတုဗေဒ)

**ဒုတိယနေ့အစီအစဉ်**

(က) ကျင်းပမည့်ရက် - ၁၈-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)
(ခ) ကျင်းပမည့်အချိန်
(နံနက်ပိုင်းအစီအစဉ်) - (၁) နံနက် ၀၉း၀၀နာရီ
- ဝိဇ္ဇာဘွဲ့ (သမိုင်း၊အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ)
- သိပ္ပံဘွဲ့ (ရူပဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ)
(မွန်းလွဲပိုင်းအစီအစဉ်) (၂) မွန်းလွဲ ၂း၀၀နာရီ
- ဂုဏ်ထူးဘွဲ့များအားလုံး (၂၀၁၀-အောင်)
- ဥပဒေဘွဲ့ (၂၀၁၀-အောင်)
- ဝိဇ္ဇာဘွဲ့ (စာကြည့်တိုက်နှင့် သုတပညာ)
- သိပ္ပံဘွဲ့(သင်္ချာ၊ ဘူမိဗေဒ)

၂။ **ကျင်းပမည့်နေရာ** - ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်

၃။ **အစမ်းလေ့ကျင့်ခြင်း**
**နေ့ရက်** - ၁၅-၁-၂၀၁၅ရက် (ကြာသပတေးနေ့)
**အချိန်** - နံနက် ၀၉း၀၀နာရီ
ပထမနေ့ဘွဲ့ယူမည့်သူအားလုံး
မွန်းလွဲ ၂း၀၀နာရီ
ဒုတိယနေ့ဘွဲ့ယူမည့်သူအားလုံး
**နေရာ** - ဘွဲ့နှင်းသဘင်ခန်းမ
ရန်ကုန်တက္ကသိုလ်

၄။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်(၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို (၂၀၁၂-၂၀၁၃) ပညာသင်နှစ် ၂၀၁၃ခုနှစ်တွင် ကျင်းပခဲ့သော (နောက်ဆက်တွဲစာမေးပွဲများအပါအဝင်)ဘွဲ့လွန်သင်တန်းများဖြစ်သည့် မဟာသုတေသနဘွဲ့၊ မဟာဘွဲ့၊ မဟာဥပဒေဘွဲ့ ဂုဏ်ထူးဘွဲ့များအားလုံး၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့စသည့် သင်တန်းအသီးသီးကို အောင်မြင်ပြီးသူများနှင့် (၂၀၁၃-၂၀၁၄)ပညာသင်နှစ် ၂၀၁၄ခုနှစ်တွင် ကျင်းပသော ဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့အောင်မြင်ပြီးသူများလျှောက်ထားနိုင်ပါသည်။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့တက်ရောက်ယူခွင့်/အဝေးရောက်ဘွဲ့ယူခွင့် လျှောက်ထားခြင်းမရှိခဲ့သူများသည် ယခုဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့ယူခွင့်သာ လျှောက်ထားနိုင်ပါသည်။

၅။ ဘွဲ့နှင်းသဘင် တက်ရောက်/အဝေးရောက်ဘွဲ့ လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား တင်ပြ တောင်းယူလျက် ဓာတ်ပုံ (၂"×၁ ½") အရွယ် ဓာတ်ပုံ(၂)ပုံပူးတွဲကာ ဘွဲ့တက်ရောက်ယူမည့်သူများသည် ကျပ် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူမည့်သူများသည် ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို လည်းကောင်း ငွေလက်ခံဌာနသို့ ပေးသွင်းလျှောက်ထားကြရမည်။

